www.burmeseclassic.com

တက္ကသိုလ်

# နှောင့်ဒေါင်

## သူရဲကောင်း၏စွမ်းရည်

ချင်းဟုန်၏ ဆန်ရွဲ့လျန်

BURMESE CLASSIC .com

ပထမပိုင်း



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သူရဲကောင်းဇော်စွမ်းရည်

(ပထမပိုင်း)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၀၇၂၀၀၇
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၀၉၂၀၀၇

၂၀၀၇ ခုနှစ်
ပထမအကြိမ်၊ အုပ်ရေ ၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသန်းဝင်း (ကျော် ပုံနှိပ်တိုက်)
အမှတ် ၂၃၉၊ ခေမာသီလမ်း
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးဝင်းကျော်မိုး (မုံရွေး ပုံနှိပ်တိုက်)
အမှတ် ၁၄၀၊ ၄၅ လမ်း
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

အခန်း(၁)

## ဒုက္ခမျိုးစုံ

ဝသန်ကာလ မိုးရာသီ။

တဟူးဟူး တိုက်ခတ်နေသော လေနှင့်အတူ အရပ်ရှစ်ခွင်တွင် မိုးသားတိမ်တိုက်များ တရိပ်ရိပ် ပြေးလွှားနေသည်။

လျှပ်ပန်းလျှပ်နွယ်တို့ကလည်း ပြိုးကနဲပျက်ကနဲ လင်းလက်နေကြသည်။

မိုးခြိမ်းသံများကလည်း ဂျိုးဂျိုးဂျိမ့်ဂျိမ့် မြည်ဟည်းနေကြသည်။

ကြောက်လန့်ဖွယ်ရာပင်။

ခဏကြာလျှင် အုံ့ဆိုင်းညှိုမှိုင်းနေသော မိုးသားတိမ်တိုက်များသည် မိုးသီးမိုးပေါက်များအဖြစ် ပြောင်းလဲကာ မိုးကြီးသည်းထန်စွာ ရွာသွန်းလေတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လေရောမိုးပါ သည်းထန်စွာ ရွာသွန်း တိုက်ခတ်လာသော
ကြောင့် တောတောင်တဲ၌ သစ်ပင်ကြီးငယ်များ လဲပြိုကုန်ကြသည်။

သစ်ပင်မရှိသော တောင်ကမ်းပါးယံမှာ ပြိုကျကုန်သည်။

လမ်းများလည်း ပျက်စီးကုန်သည်။

တံတားများ ရေနောက်သို့ မျောပါကာ လမ်းပန်းဆက်သွယ်ရေးများ ခက်ခဲကုန်ကြသည်။

ဤသည်မှာ ယခုနှစ် မိုးဦးကျတွင်မှ ဖြစ်ပျက်နေသော အဖြစ်အပျက် မဟုတ်ပေ။

နှစ်စဉ်မိုးဦးကျကာလတိုင်း ဖြစ်မြဲဖြစ်လေ့ရှိသော သဘာဝတရား၏ ညှဉ်းပန်းနှိပ်စက်မှုပင် ဖြစ်သည်။

သဘာဝတရား၏ ပြုပြင်ပြောင်းလဲမှုကို အခွင့်ကောင်းယူကာ ဆိုးခိုးတိုက်ခိုက်နေသော ဒုစရိုက်သမားများကမူ ဤလိုမိုးဦးကျကာလမျိုးကို သဘောကျနှစ်မြို့က်တတ်ကြသည်။

ဤလိုရာသီသည် သူတို့၏ ဒုစရိုက်လုပ်ငန်းများကို လွယ်ကူစွာဖော်ဆောင်ရန်အတွက် အကောင်းဆုံးအချိန် ဖြစ်၏။

အဘယ်ကြောင့်ဆိုသော် ယခုလိုရာသီသည် လမ်းများပျက်စီးခြင်း၊ တောင်များပြိုခြင်း၊ တံတားများ ရေနောက်တွင် မျောပါပျက်စီးခြင်းတို့ကြောင့် လမ်းပမ်းအဆက်အသွယ် လွန်စွာခက်ခဲတတ်၏။

ထို့ကြောင့်...

သူတို့ကျူးလွန်သော ပြစ်မှုများနှင့် ပတ်သက်၍ ဥပဒေဘက်တော်သားများက သူတို့နောက်သို့ လိုက်လံဖမ်းဆီးရန် ခက်ခဲတတ်သောကြောင့်တည်း။

ထိုအချိန်တွင် စွတ်ကျိုး မြို့သူမြို့သားအားလုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွားကြသည်။



ကျိုးလန့်တကြား ဖြစ်ကုန်ကြသည်။

ထိတ်လန့်ချောက်ချားသော သောကစိတ်များ ပွားများကုန်ကြရသည်။

အဘယ်ကြောင့်နည်း။

ယနေ့ နေ့လယ်ခင်းတွင် စွတ်ကျိုးမြို့မှ ထိတ်ထိတ်ကြဲကြွယ်ဝချမ်းသာသော သူဌေးကြီးသုံးဦး ရုတ်တရက် အသတ်ခံလိုက်ရသောကြောင့်တည်း။

ဒုစရိုက်အဖွဲ့သည် နေ့လည်ကြောင်တောင်မှာဝင် သူဌေးကြီးသုံးဦး၏ အိမ်ဂေဟာများကို ဝင်ရောက်၍ ပစ္စည်းဥစ္စာများကို တိုက်ခိုက်လုယူသွားခဲ့ကြ၏။

ပစ္စည်းလုယူရုံတင်မျှမက ထိုသူဌေးကြီးသုံးယောက်၏အသက်ကို ကြက်ကလေး ငှက်ကလေးများပမာ ရက်စက်စွာ သတ်ဖြတ်သွားခဲ့ကြသည်။

ဤသတင်းသည် ရုတ်ခြည်းဆိုသလို စွတ်ကျိုးမြို့ပေါ်သို့ ပျံ့နှံ့သွား၏။

မျိုးချစ်သိုင်းသမားများ၊ ဘုရင့်အမှုတော်ထမ်းများနှင့် လူဆိုးထိန်းများသည် ချက်ချင်းပင် ဒုစရိုက်အဖွဲ့နောက်သို့ လိုက်လံစုံစမ်း ရှာဖွေခဲ့ကြသည်။

ဒုစရိုက်သမား တယောက်တလေကိုမျှ ဖမ်းဆီးရမိလိုက်ခြင်း မရှိခဲ့ပေ။

သို့ရာတွင် ဒုစရိုက်သမားအဖွဲ့မှာ ကြယ်သုံးလုံးဖြစ်ကြောင်းနှင့် ကြယ်သုံးလုံးအဖွဲ့ကို ခေါင်းဆောင်လာသူမှာ တကိုယ်မြောက်

www.burmeseclassic.com



ကြယ်ဖြစ်ကြောင်းကိုမူ စုံစမ်းသိရှိလိုက်ရသည်။

♣ ♣ ♣

ဟန်ချီမြို့...

အရောင်းအဝယ် စည်ကားသိုက်မြိုက်သော မြို့တမြို့ ဖြစ်လေသည်။

မြို့စားရုံးစိုက်ရာ မြို့ဖြစ်သောကြောင့် မင်းမှုထမ်းများလည်း မရေမတွက်အောင် များပြားလှသည်။

မြို့စောင့်တပ်အဖြစ် မြို့စားကြီး၏ ကိုယ်ရံတော်သိုင်းသမားတပ်ဖွဲ့များသည် မြို့တွင်းမြို့ပြင်တွင် အစောင့်အကြပ်များ ထူထပ်စွာ စောင့်ကြပ်စေ၏။

ထို့ကြောင့်...

တော်ရုံတန်ရုံ လူဆိုးဓားပြများ မချဉ်းကပ်ရဲကြပေ။

သို့သော်လည်း ယနေ့တနေ့လုံး မိုးများက သဲသဲမဲမဲ ရွာသွန်းနေသည်။

စိုစွတ်ခြင်းသည် လူတို့ကို ထိုင်းမှိုင်းစေသည်။

ထို့ကြောင့်...

လမ်းမကြီး လမ်းငယ်အသွယ်သွယ်တို့တွင် သွားလာသူများမှာ စည်ကားသင့်သလောက် မစည်ကားပဲ ရှိနေ၏။

မဖြစ်မနေ သွားလာသူများမှအပ ကျန်လူများမှာ လုံးဝလှုပ်ရှားမှု မရှိကြပေ။

ထိုအချိန်တွင်...



နာမည်ကြီးငွေတိုက်နှစ်ခုမှ တာဝန်ခံအရာရှိများသည် မိုးခြိမ်းသံများနှင့်အတူ အသက်ပျောက်သွားကြရသည်။

အသတ်ခံလိုက်ရခြင်း ဖြစ်သည်။

ထို့ကြောင့်...

ငွေတိုက်မှ ငွေသား အများအပြားသည် လူဆိုးများလက်သို့ ကျရောက်သွားရသည်။

ဤသတင်းကို သိရှိသည်နှင့် မြို့စောင့်တပ်ဖွဲ့များနှင့် မြို့စားကြီး၏ ကိုယ်ရံတော်များသည် လူဆိုးများ၏နောက်သို့ ခြေရာခံလိုက်ပါသွားကြ၏။

♣ ♣ ♣

သို့ရာတွင် လူဆိုးများကို တယောက်တလေမျှပင် ဖမ်းဆီးရမိခြင်း မရှိလိုက်ပေ။

လူဆိုးများသည် မိုးရေနှင့်အတူ ပျောက်ကွယ်သွားကြပြီ ဖြစ်သည်။

စုံစမ်းသိရှိရသည်မှာ ငွေတိုက်ကို အနုကြမ်းဝင်စီးသွားသော ဒုစရိုက်အဖွဲ့မှာ ကြယ်သုံးလုံးအဖွဲ့ဖြစ်၍ ခေါင်းဆောင်မှာ ဒုတိယကြယ် ဖြစ်သည်ဆိုသော အချက်မျှသာ ဖြစ်သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



ချမ်းအန်းမြို့…

ကြီးကျယ်ခမ်းနားသလောက် လူဦးရေထူထပ်သော မြို့တော်မြို့ ဖြစ်သည်။

တုန်သည်ပွဲစားနှင့် သူဌေးသူကြွယ် ပေါများလှသည်။

ဈေးတန်း၊ ပွဲရုံဆိုင်နှင့် ပွဲစားများလည်း ပေါများလှသည်။

ပျံကျဈေးသည်နှင့် လက်လုပ်လက်စားများကလည်း စုံလင်လှသည်။

ချမ်းအန်းမြို့သည်လည်း ဟန်ချိုမြို့ကဲ့သို့ပင် ဘုရင့်ကိုယ်ရံတော်တပ်ဖွဲ့များဖြင့် အစောင့်ချထားသော မြို့ဖြစ်၏။

ချမ်းအန်းမြို့စားကြီး ဝမ်ကြည်ဖုန်းသည် လွန်စွာ စေ့စပ်သေချာသူ ဖြစ်သည်။

မြို့ပြအုပ်ချုပ်ရေးတာဝန်ကို ကိုယ်တိုင်ကြီးကြပ် အုပ်ချုပ်လျက်ရှိ၏။

သူ့လက်အောက်တွင်မူ တပ်မှူးကြီး 'ချူမား'က ကြီးကြပ်ကွပ်ကဲသည်။

တပ်မှူးကြီးချူမားသည် လွန်စွာ နာမည်ကျော်ကြားသော ပုဂ္ဂိုလ်ကြီးတဦး ဖြစ်သည်။

လက်ရုံးရည် နှလုံးရည်နှင့် ပြည့်စုံသည်။

ဉာဏ်ပညာ အမြော်အမြင် ကြီးမားသူတယောက် ဖြစ်ရုံမျှမက သူရသတ္တိနှင့်လည်း ပြည့်စုံ၏။

စိတ်သဘောထား ကြီးမားမြင့်မြတ်သည်။

မြို့စားကြီး၏ အားအထားရဆုံးသော ပုဂ္ဂိုလ်တဦး ဖြစ်လေသည်။



ထို့ကြောင့်လည်း…

မြို့သူမြို့သားများက ချူမားကို ချစ်ခင်လေးစားကြသည်ဆိုက မမှားပါပေ။

မြို့စားကြီးဝမ်ကြည်ဖုန်း၏ ကြီးကြပ်ကွပ်ကဲမှု၊ တပ်မှူးကြီးချူမား၏ အမြော်အမြင်ကြီးမားမှုတို့ကြောင့် ချမ်းအန်းမြို့အနီးတဝိုက်တွင် ဒုစရိုက်လောကသားများ လုံးဝ မခိုမကပ်ရဲကြပေ။

မြို့နယ်တခုလုံး ဝပြောစည်ပင်လျက် ရှိနေသည်။

သို့ရာတွင်…

ယနေ့နံနက်စောစောပင် ချမ်းအန်းတမြို့လုံး တုန်လှုပ်ချောက်ချားစေသော သတင်းတရပ် ပျံ့နှံ့သွား၏။

ထိုသတင်းမှာ တခြားမဟုတ်ပေ။

ယနေ့နံနက် ဝေလီဝေလင်းအချိန်တွင် မြို့နယ်ကြီး ငါးခုမှ ဘဏ္ဍာတော်ငွေများနှင့် လက်ဆောင်ပစ္စည်း ရတနာများကို သယ်ဆောင်လာသော ဘဏ္ဍာတော်ပို့ဆောင်ရေးအဖွဲ့ဝင်ငါးဦးကို ဒုစရိုက်သမားဆယ်ဦးက လမ်းမှဖြတ်၍ တိုက်ခိုက်လုယူခဲ့ကြခြင်း ဖြစ်သည်။

ထိုလူဆိုးဆယ်ဦး၏ ခေါင်းဆောင်မှာ…

ကြယ်သုံးလုံးအနက်မှ…

'ပထမကြယ်'ဟု သိရှိလိုက်ရလေတော့သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မြို့စားကြီးဝမ်ကြည်ဖုန်းသည် မထင်မှတ်သော သတင်းကြောင့် ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ ခေါင်းမီးတောက်သွားရ၏။

ဘာလုပ်၍ ဘာကိုင်ရမှန်းမသိအောင်ပင် စိတ်ဓာတ်ချောက်ချားသွားမိသည်။

သူသည် သူ၏လက်ရုံးတပ်မှူးကြီးချူမားကို ပထမဆုံး သတိရလိုက်လေ၏။

ထို့ကြောင့်...

သူသည် တပ်မှူးကြီးချူမားအား အမြန်ဆုံး သွားရောက်ခေါ်ငင်စေရန် အမှုထမ်းတဦးကို စေလွှတ်လိုက်သည်။

ခဏကြာလျှင် တပ်မှူးကြီးချူမားအား အခေါ်လွှတ်လိုက်သော အမှုထမ်းသည် မြို့စားကြီးဝမ်ကြည်ဖုန်းထံသို့ ကတိုက်ကရိုက်ဖြင့် အပြေးအလွှား ပြန်လည်ရောက်ရှိလာသည်။

အမှုထမ်း၏မျက်နှာပေါ်တွင် ထိတ်လန့်တုန်လှုပ်မှုများ ထင်ဟပ်နေသည်။

မြို့စားကြီးဝမ်ကြည်ဖုန်းက အမှုထမ်းကို ကြည့်၍ စိုးရိမ်ပူပန်စွာ မေးလိုက်၏။

"တပ်မှူးကြီးချူမား လိုက်ပါမလာဘူးလား"

အမှုထမ်းက မြို့စားကြီးကို ကပျာကယာ အရိုအသေပေးရင်း တုန်ယင်သောလေသံဖြင့် ပြန်ပြောလိုက်၏။

"တပ်မှူးကြီးချူမား အသတ်ခံလိုက်ရပါပြီ မြို့စားကြီး"

မြို့စားကြီး၏မျက်လုံးအစုံသည် ပြူးကျယ်သွားကာ...

"ဘာ... ပြန်ပြောစမ်းပါအုံး"

မြို့စားကြီးသည် နားကြားလွဲသည်ဟုထင်၍ ပြန်မေးလိုက်



ခြင်း ဖြစ်လေသည်။

"တပ်မှူးကြီးချူမား အခုမနက်ပဲ အသတ်ခံလိုက်ရပါတယ်"

သူနားကြားမလွဲကြောင်း သေချာသွားပြီဖြစ်၏။

ထိတ်လန့်အံ့ဩမှုများကြောင့် မြို့စားကြီး၏မျက်နှာသည် စက္ကူဖြူတစ္ခက်ကဲ့သို့ ဖြူရော်သွားသည်။

"ဘယ်သူက သတ်သွားတာလဲ"

အမှုထမ်းက...

"စနေဂြိုဟ်လို့ ပြောပါတယ်"

"ဘာ... စနေဂြိုဟ် ဟုတ်လား"

"ဟုတ်ပါတယ်"

မြို့စားကြီး မျက်မှောင်ကုပ်လိုက်ပြီး...

"စနေဂြိုဟ် ဟုတ်လား"

"စနေဂြိုဟ်ဆိုတာက ကြယ်သုံးလုံးရဲ့ ခေါင်းဆောင်ကြီးလို့ သိရပါတယ်"

မြို့စားကြီးသည် မျက်မှောင်ကို ပိုမိုကုပ်လိုက်ပြန်၏။

"ငါအကုန်ရှုပ်ကုန်ပြီ ကြယ်သုံးလုံးဆိုတာကကော၊ ဘယ်သူတွေလဲ"

အမှုထမ်းသည် သူ၏ခေါင်းကိုကုတ်ကာ...

"အဲဒါကတော့ ဆရာကြီး'ဝူယီ'ပဲ သိလိမ့်မယ်"

"ဝူယီ..."

မြို့စားကြီးသည် သံဟုန်ဟစ်၍ ခေါ်လိုက်၏။

ဝူယီမှာ အသက်အရွယ်ကြီးမား အိုမင်းနေပြီ ဖြစ်သော

www.burmeseclassic.com

www.burmeseclassic.com



ထိုဝ်တန်းသိုင်းသမားကြီးတဦးပင် ဖြစ်သည်။

ယခုအခါ မြို့စားကြီး၏ အကြံပေးအရာရှိလည်း ဖြစ်သည်။

ထို့မျှမက မြို့စားကြီး၏ဂေဟာကို စီမံကွပ်ကဲအုပ်ချုပ်ရသော ဂေဟာမှူးလည်း ဖြစ်သည်။

သူသည် သိုင်းလောကတွင် ကျင်လည်ခဲ့သော နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သူ ဖြစ်သည်။

ထို့ကြောင့်...

သိုင်းလောကသားများအကြောင်းကို စုံစုံလင်လင် သိရှိထားသူလည်း ဖြစ်သည်။

ထို့ကြောင့်လည်း အမှုထမ်းက ဂူယိအား လွှဲချလိုက်ခြင်းပင် ဖြစ်ပါသည်။

အဘိုးအိုဂူယိသည် မြို့စားကြီးထံသို့ လျင်မြန်စွာ ရောက်ရှိလာ၏။

"ကျုပ်ကို ခေါ်တာလား မြို့စားကြီး"

မြို့စားကြီးသည် ဂူယိအား စိတ်ပျက်အားငယ်သော မျက်နှာဖြင့် လှမ်းကြည့်ကာ ကုလားထိုင်တလုံးပေါ်တွင် ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

"ဂူယိ"

"ပြောပါ မြို့စားကြီး"

"ကြယ်သုံးလုံးဆိုတာ ခင်ဗျားသိသလား"

ဂူယိက တချက်စဉ်းစားလိုက်ပြီးမှ ခေါင်းကိုဆတ်ကနဲညိတ်လိုက်လေ၏။

ဂူယိသည် ကြယ်သုံးလုံးကို သိထားပေ၏။



အခန်း(၂)

## ကြယ်သုံးလုံးတွေ့သည်

ဂူယိက မြို့စားကြီးအား အစီရင်ခံသည်။

"လွန်ခဲ့တဲ့သုံးနှစ်လောက်က အချုပ်က ထွက်ပြေးသွားတဲ့ ခားပြကြီးသုံးဦးပဲ"

"အင်း အင်း... ကျုပ်သတိရပြီ၊ သတ်ကာနီးဆဲဆဲမှာ ထွက်ပြေး လွတ်မြောက်သွားတဲ့ သူခိုးကောင်းသုံးယောက်ဆိုတာ သူတို့ပဲ မဟုတ်လား"

"ဟုတ်ပါတယ်"

"အခုဘာဖြစ်လို့ ကြယ်သုံးလုံး ဖြစ်နေရတာလဲ"

"အမည်ပြောင်းလိုက်တာ ဖြစ်ပါလိမ့်မယ်"

"ကြယ်သုံးလုံးရဲ့ခေါင်းဆောင် စနေဂြိုဟ်ဆိုတာ ခင်ဗျားသိသလား"

www.burmeseclassic.com

www.burmeseclassic.com



"လွန်ခဲ့တဲ့ သုံးနှစ်ကတည်းက နာမည်ကျော်ကြားနေတဲ့ လူဆိုးတဦးပဲ"

"အခု စနေဂြိုဟ်က တပ်မှူးကြီးချူမားကို သတ်သွားပြီတဲ့"

ဂူယိသည် လုံးဝအံ့ဩဟန်မပြဘဲ ခေါင်းညိတ်ပြလိုက်၏။

"ဒီလိုပဲ ဖြစ်ရမှာပေါ့"

မြို့စားကြီးက ဂူယိအား ဆတ်ကနဲကြည့်ကာ...

"ခင်ဗျား ဘာပြောလိုက်တာလဲ"

"ဒီလိုပဲ ဖြစ်ရမှာပေါ့လို့ ပြောတာပါ"

"ဘာကြောင့်လဲ"

"ချူမားအသက်ရှင်နေရင် ကြယ်သုံးလုံး လူ့ပြည်မှာ ဘယ်လိုမှ နေလို့မရနိုင်ပါဘူး၊ သူတို့အတွက် မရှင်းနိုင်ပါဘူး၊ ချူမားက အသိဉာဏ်ပြည့်စုံတယ်"

"ဒီလိုလား"

ဂူယိက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်၊ ဒါကြောင့် စနေဂြိုဟ်ကိုယ်တိုင်က ချူမားကို သုတ်သင်ရှင်းသွားတာပေါ့"

မြို့စားကြီးသည် သက်ပြင်းတချက်ကို ရှည်လျားစွာ ချလိုက်လေသည်။

"အခု ကျုပ်တို့ ဘာဆက်လုပ်မလဲ"

ဂူယိက မြို့စားကြီးကို စိုက်ကြည့်ယင်း ဖြည်းညင်းစွာ ပြောလေ၏။

"လောလောဆယ်တော့ ကျုပ်လည်း စဉ်းစားတုံးပဲ"

♣ ♣ ♣



ကြယ်သုံးလုံး...

ကြယ်သုံးလုံးအဖွဲ့၏ခေါင်းဆောင်သုံးယောက်သည် တချိန်က ထိတ်ထိတ်ကြဲ လူဆိုးများ ဖြစ်ခဲ့ကြသည်။

လွန်ခဲ့သောသုံးနှစ်က နေပြည်တော်တွင် ဖမ်းဆီးခံထားရစဉ် သေဒဏ်ပေးတော့မည့်ဆဲဆဲ ထွက်ပြေးလွတ်မြောက်သွားသူများ ဖြစ်သည်။

ကြယ်သုံးလုံးအဖွဲ့ခေါင်းဆောင်သုံးယောက်သည် မိုက်သည့်နေရာတွင် ကမ်းကုန်အောင် မိုက်သကဲ့သို့ ရက်စက်သည့်နေရာတွင်လည်း ပြိုင်ဘက်ကင်းသည်။

ကြယ်သုံးလုံးအဖွဲ့၏ခေါင်းဆောင် စနေဂြိုဟ်မှာ ဒုစရိုက်မှုများဖြင့် နှစ်ပေါင်းကြာမြင့်စွာ အသက်မွေးလာသူ ဖြစ်သည်။

ဒုစရိုက်မှုများ ကျူးလွန်ရာတွင် စနစ်တကျအကွက်ချ၍ ကျူးလွန်တတ်သူလည်း ဖြစ်သည်။

ပရိယာယ်ကြွယ်ဝသလောက် ဦးနှောက်လည်း ကောင်း၏။

ဉာဏ်ကစားတတ်သည်။

ကွက်ကျော်မြင်တတ်သည်။

ယခုနှစ် မိုးဦးကျလာသည်နှင့် ကြယ်သုံးလုံးသည် မိုးနှင့်အတူ စတင်လှုပ်ရှားလာတော့သည်။

မနှစ်ကဆိုလျှင် အခြားမြို့ရွာများတွင် ဒုစရိုက်မှုများကို ကျူးလွန်ခဲ့သည်။

သို့ရာတွင် သူတို့ကျူးလွန်ခဲ့သော ပြစ်မှုများနှင့် ပတ်သက်၍ လက်သယ်များရှာမရခဲ့ကြပေ။

ဒေသအုပ်ချုပ်ရေးမှူးများသည် မိမိတို့လက်အောက်ရှိ လူ

www.burmeseclassic.com

www.burmeseclassic.com



ဆိုးဖမ်းများကို ရုပ်အမျိုးမျိုးဖျက်စေကာ ကြယ်သုံးလုံးကို နယ်မြေခြား နှံ့ခြေဆန့်၍ ခုံစမ်းရှာဖွေခဲ့ကြသည်။

ဖမ်းဆီးအရေးယူရန် ကြိုးစားအားထုတ်ခဲ့ကြသည်။

သေဒဏ်သည် သူတို့နှင့် အသင့်တော်ဆုံးပင် မဟုတ်ပါ လား။

သို့ရာတွင် ကြယ်သုံးလုံးအဖွဲ့သည် ကိမ်ကြားသို့ တိုးဝင် ပျောက်ကွယ်သွားသည့်အလား ပျောက်သွားခဲ့ကြသည်။

ထိုကဲ့သို့ မထင်မှတ်သောနေရာ တချို့ကောင်း အပ်ကြိုကြိ ကိုယ်ရောင်ပျောက်သွားဂါတ်သည်မှာ စနေဂြိုဟ်၏ အကြံဉာဏ်နှင့် လုပ်ရပ်များပင် ဖြစ်သည်။

ထူးခြားသည်မှာ စနေဂြိုဟ်ခေါင်းဆောင်သော ကြယ်သုံး လုံးအုပ်စုသည် ယင်းကဲ့သို့ လှုပ်ရှားမှု တကြိမ်ပြုလုပ်ပြီးသည်နှင့် လောကကြီးမှ ကွယ်ပျောက်သွားသည့်အလား တစ်နှစ်ပတ်လုံး မည် သည့်နေရာမှ စုံစမ်း၍ မရတော့ဘဲ ပျောက်ကွယ်နေတတ်ခြင်းပေ တည်း။

သို့သော်...

နောက်တစ်မိုးတွင်...

အသွင်တမျိုးနှင့် နေရာတမျိုး၌ ပေါ်ပေါက်လာပြန်တော့ သည်။

ယခုလည်း...

ကြယ်သုံးလုံးသည်...

ဤနှစ်မိုးတွင်း၌ အကြီးကျယ်ဆုံး လှုပ်ရှားသွားသည်။

တတိယကြယ်သည် စွတ်ကိုးမြို့၌လည်းကောင်း။



ဒုတိယကြယ်သည် ဟန်ချိုမြို့တွင်လည်းကောင်း။

ပထမကြယ်က ချန်အန်းမြို့တွင်လည်းကောင်း လှုပ်ရှားမှု များနှင့်အတူ ရွှေငွေရတနာများကို တနင့်တပိုး ယူဆောင်သွားကြ၏။

ပေးသည့်လက်ဆောင်ကို ယူခြင်းမဟုတ်ပေ။

လုသတ် ပစ္စည်း ရသွားခြင်း ဖြစ်သည်။

ထို့ပြင်...

သူတို့၏ခြေရာကို အများဆုံးခံနိုင်သူမှာ ချန်အန်းမြို့မှ တပ်မှူးကြီးမာချူးပင် ဖြစ်သည်။

ထိုအချက်ကို ခေါင်းဆောင်ဖြစ်သူ စနေဂြိုဟ်သည် ထည့် သွင်းစဉ်းစားထားဟန်တူသည်။

ထို့ကြောင့်... သူက တပ်မှူးကြီးမာချူးကိုပါ ကိုယ်တိုင် ကိုယ်ကျ အပြတ်ရှင်းပစ်လိုက်ခြင်း ဖြစ်သည်။

တပ်မှူးကြီးချူမားကိုယ်တိုင် အသတ်ခံလိုက်ရသဖြင့် အ ကြီးမားဆုံးသော ဆုံးရှုံးမှုကြီးကို ရင်ဆိုင်လိုက်ရသူမှာ မြို့စားကြီးဝမ် ကြည်ဖုန်းပင် ဖြစ်တော့သည်။

♣ ♣ ♣

ဝမ်ကြည်ဖုန်း၏မျက်လုံးအစုံသည် ခြင်္သေ့ကြီးတကောင်၏ မျက်လုံးအလားပင်။

ယခု သူ့ရှေ့တွင် လက်ရွေးစဉ် သိုင်းသမားခေါင်းဆောင် များနှင့် အခြားအရာရှိကြီးများစုံလင်စွာ ရောက်ရှိနေသည်။

ထို့ပြင်...

www.burmeseclassic.com

www.burmeseclassic.com



ဂေဟာမှူးကြီးဂူယိကလည်း သူ၏ရှည်လျားစွာ ကျဆင်းနေသော မုတ်ဆိတ်မွေးများကို လက်ဖြင့်သပ်ရင်းမှ လေးလေးနက်နက် စဉ်းစားနေ၏။

မြို့စားကြီးဝမ်ကြည်ဖုန်းသည် ဂူယိအား ရှေးဦးစွာ စူးစိုက်ကြည့်လိုက်သည်။

"ခင်ဗျားဘာတွေ တွေးနေတာလဲ"

ဂူယိက ဝမ်ကြည်ဖုန်းအား မော့ကြည့်လိုက်၏။

"ကျုပ်ဘာတွေးနေသလဲလို့ မြို့စားကြီးထင်သလဲ"

မြို့စားကြီးသည် ဂူယိအား မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

ဂူယိနှင့် မြို့စားကြီးဝမ်ကြည်ဖုန်းမှာ ရာထူးချင်း ကွာသကဲ့သို့ အသက်အရွယ်ချင်းလည်း ကွာသည်။

ဂူယိသည် တပ်မှူးကြီးချူမားကဲ့သို့ပင် မြို့စားကြီးအတွက် အားကိုးရသူ ဖြစ်သည်။

ဂူယိသည် အသက်အရွယ်လည်း ကြီးရင့်သည်။

ထို့ကြောင့် မြို့စားကြီးနှင့် ဂူယိတို့ ဆက်ဆံရေးတွင်လည်း ပွင့်လင်းလှ၏။

အထက်အောက် ရာထူးရာခံဆိုသည့် အချက်ကို ဘေးဖယ်ထားတတ်ကြသည်။

"ခင်ဗျားအနေနဲ့ ကိုယ့်ကိုယ်ကို သတ်သေမယ်လို့ မစဉ်းစားဘူးလား"

"မြို့စားကြီးက အဲဒီလိုပဲ စဉ်းစားနေသလား"

မြို့စားကြီးက ခေါင်းညိတ်လိုက်သည်။



"ဟုတ်တယ်၊ ကျုပ်တော့ အဲဒါပဲ စဉ်းစားမိတော့တယ်"

ဂူယိက ရယ်မောလိုက်သည်။

"အဲဒါ လူပျော့တွေရဲ့ စိတ်ထားပဲ"

"ခင်ဗျား စဉ်းစားကြည့်လေ"

"အင်း... ပြော"

"ဘဏ္ဍာတော်နေတွေ ရှုံးဆုံးတဲ့အပြင် ငယ်သားငါးယောက်နဲ့ အတူ တပ်မှူးကြီးပါ သေဆုံးသွားရတယ်"

"ဒါဟာ အားလုံးသိနေတဲ့ ကိစ္စပါ မြို့စားကြီး"

"အားလုံးသိတာတော့ ဟုတ်တာပေါ့၊ နေပြည်တော်မှာ ကျုပ်မျက်နှာ ဘယ်လိုပြရမလဲ"

"ဒါကြောင့် မြို့စားကြီးက ကိုယ့်ကိုယ်ကို သတ်သေချင်နေပြီပေါ့ ဟုတ်လား"

"ဟုတ်တယ် ဒါတွေဟာ ကျုပ်ညံ့ဖျင်းလို့ပဲ"

ဂူယိသည် သက်ပြင်းတချက်ကိုချယင်း သူ၏ခေါင်းကို ခါယမ်းလိုက်လေသည်။

"ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ မြို့စားကြီး၊ ဖြစ်ပြီးတဲ့ကိစ္စကို နောင်တရနေမယ့်အစား ဘယ်လိုဖြေရှင်းမယ်ဆိုတာကို စဉ်းစားယင် ကောင်းမယ်၊ ကျုပ်ကတော့ အိုပါပြီ၊ ဒါပေမယ့်ရှေ့သို့ပဲလေ"

"ပြောပါအုံး ခင်ဗျားက ဘယ်လိုဖြေရှင်းမယ်လို့ စိတ်ကူးထားလို့လဲ"

ဂူယိသည် အသက်အရွယ် အိုမင်းပြီဖြစ်သော ထိပ်တန်းသိုင်းပညာရှင်ကြီး တစ်ဦးဖြစ်သည်။

သူသည် အင်အားများ ယုတ်လျော့နေ၍ ယှဉ်ပြိုင်တိုက်

www.burmeseclassic.com

www.burmeseclassic.com



နိုက်နိုင်သော စွမ်းအင်များ မရှိတော့ပေ။

သို့သော်...

ထက်မြက်သည့် ဉာဏ်ပညာ ကြီးမားသည့် အမျှော်အမြင်သည် ဂူယိ၌ အပြည့်ရှိနေ၏။

ထို့ကြောင့်လည်း မြို့စားကြီးဝမ်ကြည်ဖုန်းသည် ဉာဏ်ပညာနှင့် တွေးတောဆင်ခြင်တတ်သည့်အရာတွင် ဂူယိအား အားကိုးသကဲ့သို့...

သူရသတ္တိနှင့်ပြည့်စုံသည့်အရာတွင် တပ်မှူးကြီး ချူမားကို အားထားခဲ့သည်။

ဂူယိသည် သူ၏မုတ်ဆိတ်မွေးကို ကိုင်တွယ်ပွတ်သပ်ယင်း

"ကိုယ့်ကိုယ်ကို သတ်သေလိုက်ယင် အသက်ဘချောင်းထပ်ပြီးဆုံးရှုံးတာကလွဲလို့ ဘာမှအကြောင်းထူးလာမှာ မဟုတ်ဘူး"

မြို့စားကြီးက ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါပြီ၊ ခင်ဗျား ဘာလုပ်ချင်သလဲ ပြောစမ်းပါအုံး"

"အဲဒီရတနာ ရွှေငွေတွေကို ရအောင်ပြန်ယူရမယ်"

"ဘာလို့လဲ"

"ရတနာနဲ့ငွေတွေက ရေထဲကျသွားတာ မဟုတ်ဘူးဗျ"

"အင်း..."

"အခုဟာက ဓားပြတိုက်သွားတာဗျ၊ လူသတ်ဓားပြတိုက်သွားတာ"

ဂူယိက ပြုံးလိုက်လေသည်။

"ဓားပြဆိုတာ သာမန်လူတွေနဲ့ ဘယ်လိုထူးသလဲ"

မြို့စားကြီးက ပါးစပ်ပိတ်ထားလိုက်သည်။



"ဓားပြဆိုတာ ကျယ်ပြန့်တဲ့ ကောင်းကင်ပြင်ကြီးမှာ စွန်းထင်းနေတဲ့ အမည်းစက်ကလေးတစ်စက်ပါ"

မြို့စားကြီးက ဂူယိအား ဆတ်ကနဲကြည့်ရာ...

"အမည်းစက်မဟုတ်ဘူး၊ ကြယ်တွေ...ကြယ်တွေ၊ သူတို့က သေးသေးကလေးတွေ..."

မြို့စားကြီးက ဆက်ပြော၏။

"သေးလွန်းအားကြီးလို့ အခုပျောက်ကုန်ပြီ မဟုတ်လား"

ဂူယိက ပြုံးလိုက်လေသည်။

ပြီးမှ သူက အေးဆေးသောလေသံဖြင့်...

"တိမ်ဖုံးသွားတာပါ၊ တိမ်စင်သွားယင် အဲဒီကြယ်တွေ ဘယ်သွားပုန်းနေနိုင်မလဲ"

မြို့စားကြီးသည် ဂူယိအား မကျေနပ်သလို မျက်စောင်းထိုး ကြည့်လိုက်သည်။

"ဘာလဲ ခင်ဗျားက ဖုံးနေတဲ့တိမ်တွေကို ရှင်းနိုင်လို့လား"

"ဒီခေါင်းထဲက ဦးနှောက်ဆိုတာ အပိုထည့်ထားတဲ့ ပစ္စည်း မဟုတ်ပါဘူး၊ မြို့စားကြီး အကြောင်းရှိရင် အသုံးချရမယ်"

မြို့စားကြီးသည် အခန်းတွင်းရှိနေသောလူအားလုံးကို မျက်လုံးဝေ့၍ ကြည့်လိုက်လေသည်။

"အင်း ဒီလူတွေကို ခင်ဗျားလိုက်ခိုင်းတော့မလို့လား"

ဂူယိက ပြုံး၍ ခေါင်းခါလိုက်၏။

"သူတို့ကိုလွှတ်လဲ ဘာမှအကြောင်းထူးမှာ မဟုတ်ဘူး"

"အဲဒီတော့"

"ဒီတော့ အကျိုးထူးမယ့်လူကို လွှတ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com

မြို့စားကြီးက မျက်မှောင်ကုပ်လိုက်သည်။

"ခင်ဗျားတွေ့ထားလို့လား"

"ရှာရမှာပေါ့"

"ခင်ဗျားတွေ့ပါပြီတဲ့၊ ကြယ်သုံးလုံး ဘယ်မှာနေတယ်ဆိုတာ ခင်ဗျားသိလို့လား"

"စကြာဝဠာအနှံ့ ရှာခိုင်းရမှာပေါ့"

မြို့စားကြီးက မဲ့ပြုံးပြုံးလိုက်လေသည်။

ပြီးမှ ခေါင်းကိုလေးတွဲ့စွာ ခါယမ်းလျက်...

"ကျုပ်တော့ မထင်ပါဘူး"

ဂူယီ မျက်မှောင်ကုပ်ကာ...

"ဘာကိုမထင်တာလဲ"

"ကြယ်သုံးလုံးကို မိမယ်လို့"

"ဒါပေမယ့် ကိုယ့်ကိုယ်ကိုသတ်သေတာနဲ့စာယင်တော့ တော်သေးတာပေါ့"

မြို့စားကြီး ပါးစပ်ပိတ်သွားသည်။

သူသည် အတန်ကြာအောင်ပင် ဘာမှမပြောနိုင်ဘဲ ရှိနေလေသည်။

ဤတွင် ဂူယီက ဆက်လက်၍...

"မြို့စားကြီးလဲ လုပ်သင့်လုပ်ထိုက်တာတွေလုပ်ဖို့ ကောင်းပြီ"

"ကျုပ်က ဘာလုပ်ရအုံးမှာလဲ"

"ဒီလူဆိုးတွေကို မိအောင်ဖမ်းနိုင်ဖို့ ကြော်ငြာစာတွေ ကပ်ရမယ်လေ"



မြို့စားကြီးသည် ဂူယီအား စိုက်ကြည့်ကာ...

"ဒီကိစ္စတွေ ကျုပ်ခင်ဗျားကိုလွှဲထားတာပဲ"

ဂူယီ ခေါင်းညိတ်ပြလိုက်သည်။

"ကောင်းပြီလေ၊ ကျုပ်လုပ်သင့်လုပ်ထိုက်တာတွေ အကုန်လုပ်ပါ့မယ်"

မြို့စားကြီးကလည်း ခေါင်းကို ဆတ်ကနဲညိတ်ပြလိုက်ပြန်၏။

ပြီးမှ...

"ကောင်းတယ်၊ သေသင့်သေထိုက်မယ်ဆိုယင်လဲ ခင်ဗျားပါရောပြီးသေလိုက် ကြားလား"

"အစွမ်းကုန် ကျုပ်ကြိုးစားမယ်၊ သူတို့ကို မမိလို့ ကျုပ်တို့ကိုနေပြည်တော်က အပြစ်ပေးမယ်ဆိုရင်တော့ အဲဒီလို စဉ်းစားကြတာပေါ့"

ဂူယီသည် အခန်းထဲမှ ထွက်ခွာသွားလေတော့၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၃)

## စွန့်ရဲ

ဂူယိသည် သူလုပ်ရမည့်အလုပ်ကို ဆက်တိုက်လုပ်သည်။

မြို့စားကြီးလက်အောက်ရှိ အစေအပါးများကို ခေါ်၍ကြော်ငြာစာရွက်များကို ရေးသားစေသည်။

ပြီးလျှင် လမ်းဆုံလမ်းဝ လမ်းလေးခွတွင် တစ်ရွက်ချင်း လိုက်ကပ်စေသည်။

နီရဲသောစက္ကူကြီးများပေါ်တွင် အမည်းရောင်စာလုံးများဖြင့် ရေးသားထားသည်။

အဝေးက မြင်ရလျှင်ပင် ကြော်ငြာစာရွက်ပေါ်မှ စာသားများကို ထင်းကနဲ ရှင်းကနဲတွေ့ရသည်။

ထိုစာရွက်များကို လူစည်ကားသော လမ်းဆုံလမ်းခွများတွင် တွေ့မြင်ရသကဲ့သို့ ကြီးမားသောသစ်ပင်ကြီးများ၌လည်း တွေ့မြင်ရသည်။



ထိုစက္ကူများပေါ်သို့ ကျရောက်နေသည့် မျက်လုံးများက ထောင်သောင်းချီနေကြသည်။

ဟိုနေရာတစု သည်နေရာတစု ထိုစာကိုသာ ဖတ်ရှုနေကြသည်။

ဤမျှ စိတ်ဝင်စားစွာ ဖတ်ရှုနေကြသည့် ကြော်ငြာစာသားကား...

ဆုငွေပေးမည်။

လူသတ်စားပြတိုက်နေသော ကြယ်သုံးလုံးအဖွဲ့အား သတင်းပေးနိုင်လျှင်သော်လည်းကောင်း၊ အသေသတ်ခဲ့နိုင်လျှင်သော်လည်းကောင်း၊ လက်ရဖမ်းဆီးမိခဲ့နိုင်လျှင်သော်လည်းကောင်း ထိုက်သင့်သောဆုငွေများနှင့်အတူ နာမည်ကောင်းလက်မှတ်များနှင့် ချီးမြှင့်ခြင်းခံရမည်။

ပုံ...မြို့စားကြီး
ချန်အန်းမြို့

နောက်တစ်နေ့ နေ့လယ်...

မြင်းညိုကြီးစီးလာသော လူတစ်ဦးသည်သစ်ပင်၌ကပ်ထားသောစာရွက်ကို သေချာစွာဖတ်ရှုနေ၏။

ထိုလူ၏အသက်မှာ အလွန်ဆုံးရှိလှမှ နှစ်ဆယ်ကျော်ကျော်သုံးဆယ်ဝန်းကျင်လောက်သာ ရှိမည်ဟု ခန့်မှန်းရသည်။

အရပ်ထောင်ထောင်မောင်းမောင်းနှင့် ကျယ်ပြန့်သော

www.burmeseclassic.com

www.burmeseclassic.com



ပခုံးပိုင်ရှင်တစ်ဦးဖြစ်သည်။

နှာတန်ပေါ်သလောက် ထူထဲသော မျက်ခုံးအစုံအောက်ရှိ ရှူးရှသော မျက်စိနှစ်လုံးရှိသည်။

အားလုံးကို ခြုံ၍ကြည့်ပါလျှင် ထိုလူသည် လူချောလူခန့်တစ်ဦးဖြစ်သည်။

သူသည် ကြော်ငြာစာရွက်ကို အသေအချာဖတ်ပြီးသည်နှင့် သူ၏မြင်းကို ဇက်လှည့်ကာ လမ်းမကြီးပေါ်သို့ မောင်းနှင်သွားလေတော့သည်။

သူ၏မျက်နှာသည် တည်ကြည်လွန်းသည်ဟုလည်း မဆိုနိုင်သကဲ့သို့ ပြုံးနေသည်ဟုလည်း မပြောနိုင်ပေ။

သူ၏မျက်နှာသွင်ပြင်သည် အသိရခက်သော အသွင်မျိုးဟုဆိုလျှင် မမှားနိုင်ပေ။

သို့သော်...

သူ၏အနည်းငယ်ရှိုင့်နေသော နသယ်နှင့် ပါးလျားသော နှုတ်ခမ်းတို့က တိကျပြတ်သားမည့် လက္ခဏာမျိုးဖြစ်သည်။

ထိုလူငယ်သည် အထူးခြားဆုံးသော အချက်တစ်ခုရှိလေသည်။

ဤသည်မှာ အခြားမဟုတ်ပေ။

သူ၏ခေါင်းတွင် နီရဲသောပဝါတစ်ထည်ကို စည်းနှောင်ထားသည့်အပြင် သူ၏ဓားရိုးလက်ကိုင်တွင်လည်း နီရဲသောပဝါတစ်ထည်ကိုချည်နှောင်ထားခြင်းပင် ဖြစ်ပေသည်။

ဤအချက်သည် ထိုလူငယ်၏ အထူးခြားဆုံးအချက်ပင်ဖြစ်သည်။



ထို့ကြောင့်လည်း...

သူ့ကိုမြင်လိုက်ရသော ထိပ်သီးသိုင်းသမားတစ်ဦး၏ ပါးစပ်မှ အလိုလိုထွက်သွားတော့သည်။

"ဟင်....စွန်ရဲပါလား"

မှန်ပေသည်။

"စွန်ရဲ"

သူသည် (၂)နှစ်အတွင်း၌ ထင်ရှားကျော်ကြားလာသည့် သိုင်းသမားတစ်ဦးဖြစ်သည်။

ထိပ်တန်းသိုင်းသမား ခုနစ်ဦးတိတိကို သူ၏စွန်ရဲသိုင်းကွက် ဆယ့်ငါးကွက်အတွင်းမှာပင် အနိုင်ယူခဲ့သဖြင့် တရှိန်ထိုး ကျော်ကြားလာသူဖြစ်သည်။

"စွန်ရဲ"

သို့မဟုတ်...

"စွမ်းရှိမင်း..."

"စွန်ရဲစွမ်းရှိမင်း"ဟုဆိုလျှင် မသိသူမရှိသလောက် ထင်ရှားလာခဲ့တော့သည်။ သူ၏ထူးခြားချက်မှာ...

ခေါင်းတွင် ပဝါနီကလေးကို မချွတ်တမ်းစည်းထား တတ်သကဲ့သို့ ဓားရိုး၌လည်း လှပသော ပဝါနီကလေးက ထာဝစဉ်ရှိနေပေသည်။

ထို့ကြောင့် သူ့ကိုမြင်တွေ့ရသော သူတို့က...

"စွန်ရဲ စွမ်းရှိမင်း"

ဟု အလွယ်တကူပင် သိရှိလိုက်ကြခြင်းဖြစ်ပါသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရိုမင်း ဝင်ရောက်သွားသည်မှာ စားသောက်ဆိုင်တန်းဆိုင်ပင် ဖြစ်လေသည်။

သို့သော် ရိုးရိုးစားသောက်ဆိုင်တော့ မဟုတ်ပါ။

စားစရာနှင့် အရက်ကိုတွဲရောင်းသော ထင်ရှားသောဆိုင်ကြီးတစ်ဆိုင်ပင်ဖြစ်သည်။

အရက်မျိုးစုံရသကဲ့သို့ လူမျိုးစုံလည်း ရောက်ရှိနေတတ်သည်။

စွမ်းရိုမင်း ရောက်ရှိသွားချိန်တွင် လူကအတော်စုံလင်လှ၏။

သူသည် လွတ်နေသောစားပွဲတစ်ခုတွင် ဝင်ရောက်ထိုင်လိုက်သည်နှင့် အလုပ်သမားတစ်ဦးက ပြေးလာသည်။

"အစ်ကို ဘာသုံးဆောင်မလဲ"

"အရက်ကောင်းကောင်း ငါးအိုး"

ဆိုင်လုလင်လေးက မျက်လုံးပြူးသွားသည်။

"အရက်ကောင်းကောင်းဆိုယင် တစ်အိုးလောက်သောက်ရုံနှင့်အတော်မူးတာ အစ်ကိုရ၊ အခုအစ်ကိုက..."

ဆိုင်လုလင်လေး၏ စကားမဆုံးလိုက်ခင်မှာပင် စွမ်းရိုမင်းက ဆိုင်လုလင်အား မျက်မှောင်ကုပ်၍ ကြည့်လိုက်လေသည်။

ပြီးမှ သူကလေသံပြတ်ဖြင့် ပြောလိုက်၏။

"ညီလေး.."

"ဗျာ.."

"မင်းကို ငါဘာပြောသလဲ"

"အရက်ငါးအိုး"

"သွားယူလာခဲ့"



ဆိုင်လုလင်ကလေးသည် ထပ်တွန့်မတက်ဝံ့တော့သဖြင့် ခွန်ရဲစွမ်းရိုမင်းကို အရိုအသေပြုကာ ပြောလိုက်၏။

"ဟုတ်ကဲ့ အခုယူလာခဲ့ပါ့မယ်"

ဆိုင်လုလင်လေးသည် ဆိုင်နောက်ဘက်ဆီသို့ လျင်မြန်စွာထွက်ခွာသွားလေတော့သည်။

မကြာမီ...

ဆိုင်လုလင်ကလေးသည် အကောင်းစားအရက် ငါးအိုးကိုကြေးလင်ဗန်းတစ်ခုတွင်ထည့်လျက် စွမ်းရိုမင်း၏ စားပွဲပေါ်သို့ လာချပေးသည်။

ဆိုင်လုလင်ကလေး၏ မျက်နှာက တည်နေသည်။

သူ့စားပွဲသည် အရက်ငါးအိုးနှင့် ပြည့်နေတော့၏။

အခြားစားပွဲမှ စားသောက်နေသူများသည် စွမ်းရိုမင်းအား နားမလည်နိုင်သလို လှမ်းကြည့်ယင်း အကဲခတ်နေကြသည်။

စွမ်းရိုမင်းကမူ မည်သူ့ကိုမျှ မရှုမစိုက်ပေ။

စားသောက် ဆိုင်အတွင်း၌ သူတစ်ယောက်တည်း ရှိနေသကဲ့သို့ သဘောထားဟန်ရှိ၏။

ဘေးဘီဝဲယာကို တစ်ချက်ကလေးမျှ လှည့်မကြည့်ဘဲ အရက်ကိုသာ အားရပါးရ မော့သောက်နေသည်။

တစ်အိုးပြီးတစ်အိုး....။

သူ၏နားထဲတွင် သူ့အားဝေဖန်ပြောဆိုနေသော အသံများက တလုံးစနစ်လုံးစ ကြားနေရ၏။

နားထဲဝင်လာသည်။

သို့ရာတွင် ကျယ်ကျယ်လောင်လောင်တော့ မဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



မကြားတကြား ဝေဖန်ပြောဆိုနေခြင်းမျှသာ ဖြစ်၏။

"စိတ်နောက်နေတာတော့ မဟုတ်ဘူးထင်တယ်"

တစ်ယောက်က...

"စိတ်နောက်တဲ့လူက ဒီလိုပဲ အရက်အကောင်းစားကို များများစားစား သောက်တတ်သလား"

တဖန် သူ၏နောက်မှ အသံတသံကို ကြားရပြန်သည်။

"ဟော့...မင်းသူ့ကိုကြည့်စမ်း"

"အင်း...ဘာဖြစ်သလဲ"

"ဟ...ခေါင်းက ပဝါနဲ့ ခါးရိုးက ပဝါကို မြင်တာတောင် သူဘယ်သူဆိုတာ မင်းမသိသေးဘူးလား"

"အေး...ဟုတ်တယ်ဟ၊ သူ...သူဟာ စွန်ရဲပဲ"

တဆင့်စကားတဆင့်ကြားနေရသောကြောင့် စားသောက်ဆိုင်တစ်ဆိုင်လုံး စွန်ရဲကို သိသွားကြတော့သည်။

ဤတွင် ပြောဆိုဝေဖန်သံများက တမျိုးတဖုံ ပြောင်းလဲသွားကြပြန်လေသည်။

"သူ ဘာလာလုပ်တာလဲ"

"ဟ..မဟုတ်မှလွဲရော၊ ကြယ်သုံးလုံးကို လိုက်ဖမ်းတော့မယ်နဲ့တူတယ်"

"မထင်ပါဘူးကွာ၊ ဒီလူက ငွေမက်တဲ့လူစားမျိုးမှ မဟုတ်ဘဲ"

"ငွေမက်လို့ ကြယ်သုံးလုံးနောက်ကို လိုက်ရင်လဲ မလွယ်ပါဘူးကွာ"

"ဘာဖြစ်လို့လဲကွ"



"သူ့ပညာလောက်နဲ့ သေသွားမှာပေါ့"

"မထင်နဲ့နော်၊ လောလောဆယ်တော့ သူ့ကိုမီတဲ့လူ မရှိသေးဘူး"

ယင်းကဲ့သို့သောအသံများသည် ဟိုနေရာတကွက်၊ ဒီနေရာတကွက် ပေါ်ထွက်နေ၏။

သို့သော်...၊

စွန်ရဲမင်းက ဘာကိုမှ ဂရုမစိုက်ပါ။

ကောင်းတာပဲပြောပြော၊ ဆိုးတာပဲပြောပြော သူနှင့်လုံးဝမဆိုင်သကဲ့သို့ ခေါင်းပင်ငဲ့၍ မကြည့်ပါ။

လောလောဆယ် သူအာရုံပြုနေသည်မှာ အရက်ပင်ဖြစ်လေသည်။

ယခုပင် အရက်နှစ်အိုးသည် လုံးဝပြောင်သွားပြီ ဖြစ်လေသည်။

ကျန်သည့်အရက်သုံးအိုးလည်း ပြောင်မည်ဟုထင်ရလေ၏။

သူ့ကိုယ်သူ အရက်ရှိန်ကလေး အတော်တက်လာပြီ ဖြစ်ကြောင်း သိရှိလာသည်။

သို့သော်...

သူ့အနေဖြင့် ဤမျှလောက်သော အရက်ကို လုံးဝမမူးသေးပါ။

ထို့ကြောင့် တတိယအိုးကို စတင်ဖောက်လိုက်ပြန်သည်။

ထိုအချိန်တွင်...

အပြာရောင် ဝတ်စုံကို ဝတ်ဆင်ထားသော အမျိုးသမီးကလေးနှစ်ဦးက သူ့အနားသို့ ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုမိန်းကလေးများသည် ဤဆိုင်မှ စားပွဲထိုးမယ်ကလေးများပင် ဖြစ်သည်။

သူတို့သည် ငွေကြေးများများ သုံးစွဲနိုင်သူများ၏ အနားတွင် မထတန်းထိုင်၍ ပြုစုသူများ ဖြစ်ကြ၏။

မိန်းကလေးများ၏ဘဝများမှာ မလွယ်လှပါ။

စွမ်းရှိမင်းက သူ့အနားတွင် ရပ်နေသော မိန်းကလေးနှစ်ဦးကို ဆတ်ကနဲ မော့ကြည့်လိုက်သည်။

ထို့နောက် မုန်းတီးစွာဖြင့် နှာခေါင်းတချက်ရှုံ့ကာ လေသံဆတ်ဆတ်ဖြင့် မေးလိုက်သည်။

"ဘာကိစ္စလဲဟေ့"

"အစ်ကိုက အရက်ပဲ သောက်နေတာကို၊ ဘာမှမစားတော့ဘူးလား"

"အဲဒါ နင်တို့အလုပ် မဟုတ်ဘူး"

မိန်းကလေးနှစ်ယောက်သည် တယောက်မျက်နှာ တယောက် ကြည့်လိုက်မိကြသည်။

သူတို့နှစ်ယောက်ထဲမှ တယောက်က မျက်နှာကို အကြည်ဆုံးပြုံး၍ မျက်နှာချိုသွေးလိုက်သည်။

"ကျွန်မတို့က အစ်ကို့ကို ပြုစုမှာပါ"

"နင်တို့ အတော်လိမ္မာသားပဲ"

"ဟုတ်ကဲ့... အစ်ကို ဘာအလိုရှိပါသလဲ"

"ငါအလိုရှိတာကို နင်တို့ပေးမှာလား"

နှစ်ယောက်စလုံး ခေါင်းကိုပြိုင်တူညိတ်လိုက်ကြလေသည်။

"အိုး... ပေးမှာပေ့ါ"



"ငါအလိုရှိတာက"

"ဟုတ်ကဲ့ ပြောပါ"

"နင်တို့နှစ်ယောက်စလုံး ငါ့ရှေ့က အမြန်ဆုံးထွက်သွားဖို့ပါပဲ"

"ရှင်..."

မိန်းကလေးနှစ်ယောက်လုံး စွန်ရဲစကားကြောင့် ဘာပြန်ပြောရမှန်းမသိဘဲ တယောက်မျက်နှာတယောက် ကြည့်မိကြလေတော့၏။

စွန်ရဲက သူတို့နှစ်ယောက်ကို စူးစူးရဲရဲကြည့်ယင်း...

"နင်တို့နားကောင်းတယ် မဟုတ်လား၊ ထပ်မမေးနဲ့"

"ဟုတ်... ဟုတ်ကဲ့"

မိန်းကလေးနှစ်ဦးသည် စကားဆုံးသည်နှင့် စွန်ရဲ၏ စားပွဲမှ ခပ်သွက်သွက်ပင် ထွက်သွားတော့၏။

သူတို့ ပြန်လှည့်မကြည့်ကြတော့ပါ။

ထိုစဉ်မှာပင်...

ရဲမက်ဝတ်စုံနှင့် လူဆိုးထိန်းသုံးယောက်သည် စွမ်းရှိမင်းထံသို့ ထလာကြပြန်သည်။

ထိုလူဆိုးထိန်းများသည် ကြယ်သုံးလုံးကိစ္စနှင့် ပတ်သက်ပြီး စုံစမ်းမှုများ ပြုလုပ်နေကြသော သူများ ဖြစ်ကြသည်။

သူတို့သုံးယောက်ထဲမှ တယောက်က စွမ်းရှိမင်းအား စူးစိုက်ကြည့်ကာ ပြောလိုက်လေ၏။

သူ့စကားက ခပ်ကြမ်းကြမ်းပင်။

"မင်းက စကားပြောတာ တယ်ရိုင်းပါလား"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိမင်းသည် ရဲမက်သုံးဦးအား မျက်လုံးလှန်၍ ကြည့်လိုက်သည်။

ပြီးမှ ပခုံးကိုဆတ်ကနဲ တွန့်လိုက်ကာ မခိုးမခန့် ပြန်မေးလိုက်သည်။

"ခင်ဗျားတို့ ဘယ်သူ့ကို ပြောနေတာလဲ"

"မင်းကို ပြောနေတာကွ၊ ဘာအူကြောင်ကြောင် လုပ်နေတာလဲ"

လူဆိုးထိန်းက ရုတ်တရက် ဒေါသထွက်သွားကာ စွမ်းရှိမင်းကို အော်ငေါက်လိုက်သည်။

ရဲမက်များသည် သူ့ကို ဒေါသအကြည့်များဖြင့် ကြည့်နေကြသည်။

စွမ်းရှိမင်းသည် အရက်ခပ်များများကို ခွက်ထဲသို့ထည့်ကာ တကျိုက်တည်း မော့ချလိုက်လေသည်။

ထို့နောက်...

သူသည် ရဲမက်သုံးဦးအား သေချာစွာ စူးစိုက်ကြည့်လိုက်သည်။

"ကျုပ်က ဘာမိုက်ရိုင်းလို့လဲ"

"မင်းခုနက ဟိုမိန်းကလေးတွေကို ဘာပြောလိုက်တာလဲ"

"ခင်ဗျားတို့သိချင်ရင် သွားမေးပါလား"

ရဲမက်သုံးဦးသည် အူကြောင်ကြောင်ဖြစ်သွားကာ တယောက်မျက်နှာတယောက် ကြည့်လိုက်ကြသည်။

"မင်းအော်လွှတ်လိုက်တယ် မဟုတ်လား"

"အဲဒါ ခင်ဗျားတို့နဲ့ ဘာဆိုင်သလဲ"



ရဲမက်သုံးဦးမှာ အတော်ပင် အောင့်သက်သက် ဖြစ်သွားပုံရသည်။

တော်ရုံတန်ရုံလူများသည် သူတို့အား ပြန်လှန်မပြောရဲမဆိုရဲကြပေ။

ရဲမက်ဆိုသည့်က အဟန့်ကောင်းသည်။

ယခု စွမ်းရှိမင်းက ဘုကျကျပြန်ပြောနေသဖြင့် စိတ်ထဲတွင် မခံချည့်မခံသာ ဖြစ်လာပုံရသည်။ ထို့ကြောင့်...

သူတို့အထဲမှ တယောက်က ရှေ့သို့တလှမ်းတက်လာကာ

"မင်းက လူမိုက်လား"

စွမ်းရှိမင်းသည် သက်ပြင်းတချက်ကို ချလိုက်၏။

ထို့နောက်... သူသည် ရဲမက်သုံးဦးအား ပြုံးပြလိုက်သည်။

"ကျုပ် အေးအေးဆေးဆေး အရက်သောက်ပါရစေဗျာ"

ရဲမက်သုံးဦးသည်လည်း အတော်ကလေးမူးနေပုံရ၏။

သူတို့ မူးနေရာမှ ထလာကြခြင်း ဖြစ်သည်။

စွမ်းရှိမင်းအား မကျေမနပ်ကြည့်ယင်း...

"မင်းနာမည် ဘယ်သူလဲ"

စွမ်းရှိမင်းသည် အတော်ပင် စိတ်ပျက်သွားမိလေ၏။

ဤစားသောက်ဆိုင်ထဲမှ လူအတော်များများသည် သူအား သိထားကြလေသည်။ သိကြောင်း သူကြားထားသည်။

ဤရဲမက်တွေသည် သိုင်းလောကမှ လူတဦးကိုပင် မသိအောင် ဘယ်ချောင်တွင် သွားရောက်အိပ်ပျော်နေပါသနည်း။

ရဲမက်များနှင့် သိုင်းလောကသားများသည် မစိမ်းကြပေ။

စွမ်းရှိမင်းသည် ဤကဲ့သို့ပင် စိတ်ထဲမှ တွေးလိုက်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် သိတော့ကော ခင်ဗျားတို့ ဘာထူးမှာမို့လဲ"

"မင်းစကားမရှည်နဲ့ တို့မေးတာကိုသာ ဖြေပါ"

"ကျုပ်နာမည်စွမ်းရှိမင်း"

"စွမ်းရှိမင်း ဟုတ်လား"

ရဲမက်သုံးဦးသည် ရုတ်တရက် အံ့ဩသွားဟန်ဖြင့် တယောက်မျက်နှာတယောက် ကြည့်လိုက်မိကြသည်။

တယောက်က သူ့ရှေ့နားသို့ အနည်းငယ်တိုးကာ...

"ဘာလဲ ခင်ဗျားက ကြယ်သုံးလုံးကို စိတ်ဝင်စားနေလို့လား"

စွမ်းရှိမင်းသည် ခေါင်းခါယမ်းလိုက်၏။

"အဲဒါ ကျုပ်အလုပ်မှမဟုတ်ဘဲ"

"မင်းက လူစွမ်းကောင်းတယောက်ပဲ၊ ကြယ်သုံးလုံးကို လိုက်ဖမ်းပါလား၊ ဆုငွေများများရမှာပေါ့"

"ခင်ဗျားတို့ ဘာဖြစ်လို့လိုက်မဖမ်းတာလဲ"

ရဲမက်သုံးဦးသည် ပါးစပ်ပိတ်သွားကြလေတော့၏။

အတန်ကြာမှ တယောက်က...

"ခင်ဗျားဒီမှာ ဘာလာလုပ်တာလဲ"

"ဒါခင်ဗျားတို့အလုပ် မဟုတ်ပါဘူး"

"မင်းကစကားပြောတာ တယ်ပြီးရိုင်းစိုင်းပါလား"

"ကျုပ်ဒီလိုပဲ ပြောတတ်တယ်"

"ဒါဖြင့် ကဲကွာ"

ရဲမက်တဦးသည် ပါးစပ်မှပြောယင်း စွမ်းရှိမင်း၏မျက်နှာကိုလက်သီးဖြင့် လှမ်းထိုးလိုက်သည်။ သို့သော်... မထိလိုက်ပါ။



စွမ်းရှိမင်းသည် ထိုရဲမက်၏လက်ကို အသာအယာ ပုတ်ထုတ်လိုက်ပြီး...

"ကျုပ်ထပ်ပြောပါရစေ၊ ကျုပ်အေးအေးဆေးဆေး အရက်သောက်ပါရစေ"

ထိုအခါ ရဲမက်နှစ်ဦးသည် စွမ်းရှိမင်းအနားသို့ တိုးလာကာ သူတို့၏ဓားများကို ဆွဲထုတ်လိုက်ကြလေသည်။

"ဝုန်း... ဝုန်း"

ထိုအသံနှစ်ချက်နှင့်အတူ ရဲမက်နှစ်ဦးသည် ပက်လက်လန်လဲကျသွားတော့သည်။

စွမ်းရှိမင်းက သူ့ရှေ့မှ အရက်အိုး နှစ်လုံးနှင့် မျက်နှာကို လှမ်းပေါက်လိုက်ခြင်းပင် ဖြစ်ပေသည်။

တဆိုင်လုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားတော့သည်။

ကျန်သောရဲမက်တဦးက သူ၏ဓားကို ဆွဲထုတ်ကာ ပြေးဝင်လာပြန်၏။

"ဝုန်း..."

အရက်အိုးတလုံးက ထိုရဲမက်၏မျက်နှာသို့ ပြေး၍ရိုက်သွားပြန်သည်။

သုံးဦးစလုံး အတုံးအရုံး လဲကျသွားသည်။ ယင်းအခိုက်...

"ဩော်... မင်းကသိပ်အစွမ်းထက်နေပါလားကွ"

စွမ်းရှိမင်းက မော့ကြည့်လိုက်ရာ စစ်မျိုးလေးအဆင့်နှင့်ဝတ်စုံကို ဝတ်ဆင်ထားသောသူတဦးနှင့်အတူ ရဲမက်ဆယ့်ငါးဦးလောက်ကို တွေ့မြင်လိုက်ရလေတော့သည်။

စွမ်းရှိမင်းသည် ပခုံးနှစ်ဖက်ကို အသာအယာတွန့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူသည် အရက်တခွက်ကို တရှိန်တိုးမော့ချလိုက်သည်။

ထိုစဉ် စစ်မှူးလေးက မျက်ရိပ်ပြလိုက်သဖြင့် ရဲမက်များသည် စွမ်းရှိမင်းအား ဘေးနံစ်ဘက်မှ လျှပ်တပြက် ဝင်ရောက်ချုပ်ကိုင်လိုက်ကြသည်။

"ကျုပ်ကို ဘာလို့ချုပ်ရတာလဲ"

စစ်မှူးလေးက...

"မင်းဟာ လူဆိုးထိန်းအဖွဲ့ဝင်တွေကိုတောင် ပြန်ပြီးတိုက်ခိုက်တဲ့ကောင်၊ မင်းကို တို့ ပေါ့ပေါ့ဆဆ သဘောထားလို့ မဖြစ်ဘူး။ မြို့စားကြီးဆီလိုက်ခဲ့ ရှင်းစရာရှိရင် ဟိုရောက်မှရှင်း"

စွမ်းရှိမင်းအား ရဲမက်များက မြို့စားဂေဟာသို့ ဆွဲခေါ်လာသည့်အချိန်တွင် မိုးကအတော်ပင် ချုပ်နေပြီဖြစ်၏။

မင်းလမ်းမကြီးပေါ်ရှိ အရက်ဆိုင်တဆိုင်တွင် စွန်ရဲစွမ်းရှိမင်းက ရဲမက်များအား အရက်အိုးနှင့် ပေါက်သဖြင့် ဖမ်းဆီးသွားသည်ဆိုသော သတင်းက တမုဟုတ်ချင်း ပျံ့နှံ့သွားတော့သည်။

ရဲမက်များက စွမ်းရှိမင်းအား မြို့စားကြီး၏ဂေဟာအတွင်းသို့ ခေါ်သွားပြီး မကြာမီမှာပင်...

ဂေဟာတခုလုံး အံ့သြလောက်အောင်ပင် ဆူညံသွားလေတော့၏။ တိုက်ခိုက် အော်ဟစ်နေသောအသံများသည် ဂေဟာကြီးတခုလုံး ဆူပွက်နေတော့၏။

တချို့လမ်းသွားလမ်းလာများသည် တိုက်ခိုက်သံများဖြင့် ဆူပွက်နေသော မြို့စားကြီးဂေဟာအား ငေးမောကြည့်ရှုနေမိတော့သည်။



ထိုအချိန်မှာပင်...

ဂေဟာအတွင်း၌ ရုတ်တရက်တိတ်ဆိတ် ငြိမ်သက်သွားကာ လူတဦးသည် အနောက်ဘက် ခြံတံခါးပေါက်မှနေ၍ ခုန်ထွက်ပြေးလွှားသွားလေတော့သည်။

ထိုလူအား အသေအချာကြည့်မည်ဆိုလျှင် ခေါင်းကိုပဝါအနီကလေးကို စည်းထားကြောင်း တွေ့မြင်ကြရမည် ဖြစ်ပေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၄)

## လွတ်လပ်သောနယ်မြေသို့

မြို့စားကြီး၏ ဂေဟာအတွင်း၌ တိုက်ခိုက်သံများ ငြိမ်သက်သွားသော်လည်း သိုင်းသမားအချို့နှင့် ရဲမက်များမှာ ပြေးလွှားလှုပ်ရှားနေကြ၏။

သူတို့သည် အရေးကြီးသောကိစ္စတခုကို ညကြီးမင်းကြီး ဆောင်ရွက်နေကြဟန် တူပေသည်။

ရဲမက်အချို့သည် မြင်းရထားတစင်းကို အလျင်အမြန် ဆင်နေ၏။

ယင်းကဲ့သို့ ပြင်ဆင်ပြီးသည်နှင့် လူလေးငါးဦးသည် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရှိနေပုံရသော လူတဦးအား မြင်းလှည်းပေါ်သို့ ပွေ့ချီကာ တင်လိုက်ကြလေသည်။

ထိုကိစ္စများအားလုံးကို စီစဉ်ညွှန်ကြားနေသူမှာ ဂေဟာမှူးကြီး ဝူယိပင် ဖြစ်လေ၏။ ထို့နောက်...



ဒဏ်ရာများရထားဟန်တူသော ရဲမက်သုံးလေးဦးကိုလည်း တွဲခေါ်ကာ မြင်းလှည်းပေါ်သို့ ဆင်လိုက်ကြပြန်သည်။

ပြီးသည်နှင့် ဝူယိသည် မြင်းလှည်းတံခါးကို ပိတ်ပေးကာ မြင်းလှည်းသမားအား အချက်ပြလိုက်သည်။

ထိုအခါ မြင်းလှည်းသည် ညကြီးသန်းခေါင်မှာပင် တရကြမ်း မောင်းနှင်သွားလေတော့သည်။

♣ ♣ ♣

နံနက်လင်းလေပြီ...

မြို့စားကြီးဂေဟာတွင် ညကဖြစ်ပွားသော တိုက်ပွဲသတင်းသည် နေရောင်ခြည်နှင့်အတူ တမြို့လုံးသို့ ပျံ့လွင့်သွားသည်။

လူစုစုရှိနေသော စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်၊ အရက်ဆိုင်တို့တွင် ထိုသတင်းကိုသာ ပြောဆိုဝေဖန်ခြင်း ပြုနေကြ၏။

တချို့သော စကားဝိုင်းများတွင် ဤသို့ဝေဖန်သံများကို ကြားနေရသည်။

"ညက သူပုန်တယောက် မြို့စားကြီးရဲ့ဂေဟာထဲ ဝင်တယ်လို့ ပြောတယ်..."

"အဲဒီ သူပုန်က မြို့စားကြီးကို ဓားနဲ့ထိုးသွားတယ်ဆိုပဲ"

"ဟုတ်တယ်...ဒဏ်ရာက ပြင်းထန်လွန်းလို့ သူ့သားမယားတွေရှိတဲ့ နေပြည်တော်ကို အားချင်းခေါ်သွားတယ်လို့ ပြောတယ်"

"ဒါကလည်း တကြောင်းပေါ့လေ၊ နောက်တချက်က နေပြည်တော်က သမားတော်ကြီးက အတော်ကို အစွမ်းထက်တယ်ဆို

www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ ဒါကြောင့်... ခေါ်သွားတာ ဖြစ်မှာပေါ့"

တချို့သော စားသောက်ဆိုင်များတွင်မူ...

"ဒါတွင်ဘယ်က အုံးမလဲ၊ ရဲမက်သုံးလေးဦးလဲ အတော်ကို ဒဏ်ရာပြင်းထန်တယ်ဆိုပဲ"

"ဒီလူက တယ်ရဲတင်းလိုက်ပါလား၊ ဘယ်သူများပါလိမ့်"

"ဘယ်သူရှိအုံးမလဲ၊ အခုတလော နာမည်ကျော်ကြားနေတဲ့ စွန်ရဲ့စွမ်းရှီမင်းဆိုတဲ့ကောင်ပေါ့"

"သူက မြို့စားကြီးကို ဘာရန်ငြိုးရှိလို့ အခုလို တိုက်ခိုက်သွားရတာလဲ"

"သူ့ကို ရဲမက်တွေက မတရားဆွဲခေါ်သွားတာလို့ ပြောကြတာပဲ"

"အင်း... သူ့ကို ရဲမက်တွေက ဝိုင်းပြီး နှိပ်စက်ပါလိမ့်မယ်၊ ဒါကြောင့်ခုခံပြီး ထွက်ပြေးတာ ဖြစ်မှာပေါ့"

တချို့က တမျိုးဝေဖန်သည်။

"ခက်ပါတယ်ကွာ၊ မြို့စားကြီးကလည်း သူ့ရဲ့ဘဏ္ဍာတော်တွေ အလုခံရတာရယ်၊ တပ်မှူးကြီး အသတ်ခံရတာရယ်ကို မကျေမနပ်ဖြစ်ပြီး လူတကာကို ဖမ်းပြီးစစ်ဆေးနေတာကွ"

"အဆိုးဆုံးကတော့ ဂေဟာမှူးကြီးဂူယိပေါ့၊ သူကသာ ဆိုးသေးတယ်၊ အားလုံးသူချယ်လှယ်နေတာပဲ"

ချန်အန်းမြို့သူမြို့သားများသည် မြို့စားကြီးစံအိမ်မှ တိုက်ပွဲနှင့်ပတ်သက်၍ အမျိုးမျိုးပြောဆိုနေကြသည်။

အမျိုးမျိုးဝေဖန်နေကြသည်။

မည်သို့ပင်ဆိုစေ ယနေ့ လူစည်ကားရာလမ်းမများ၊ သစ်



ပင်ကြီးများတွင် ကြော်ငြာစာ နောက်ထပ်တစ်ရွက် တိုးသွားပြီ ဖြစ်လေသည်။

ထိုကြော်ငြာမှာကား...

ဆုငွေတသောင်းတိတိ...
စွန်ရဲဟု အမည်ခံထားသော
စွမ်းရှီမင်းအား သတ်ပေးနိုင်သူ
သို့မဟုတ် ဖမ်းပေးနိုင်သူ
သို့မဟုတ် သတင်းပေးနိုင်သူအား
ဆုငွေတစ်သောင်းတိတိ ချီးမြှင့်မည်။

ဂူယိ
ဂေဟာမှူးကြီး
ချန်အန်းမြို့။

စွမ်းရှီမင်း...

သူသည် ငယ်စဉ်ကတည်းကပင် လွတ်လပ်မှုကို လိုလားသူ တစ်ဦးဖြစ်သည်။

သူ့အား တစ်ဦးတစ်ယောက်က ချုပ်ချယ်လာလျှင် သူ၏ စိတ်သည် မွန်းကျပ်လာသည်ဟု ခံစားရ၏။

အချုပ်အချယ် လုံးဝမကြိုက်သူဖြစ်သည်။

သူ၏မိဘနှစ်ပါးသည် စွမ်းရှီမင်းအား အလွန်ပင်ချစ်၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့အား မျက်စေ့အောက်က အပျောက်မခံကြပေ။

ထို့ကြောင့်....

ဘယ်မှမသွားရ မလာရဟု တားမြစ်ထားလေသည်။

ထိုအခါ စွမ်းရီမင်းမှာ ထမင်းမစားဟင်းမစားတော့ဘဲ ဆန္ဒပြလေတော့သည်။

သူ့အား အိမ်ထဲ၌ လှောင်ပိတ်ထားခြင်းသည် ကျဉ်းကျပ်သော အခေါင်းတစ်ခုထဲသို့ ထိုးထည့်ထားသလို ခံစားနေရသည်ဟု ပြောလာသောအခါ မိဘများက သူ့ဆန္ဒအတိုင်း လွတ်လွတ်လပ်လပ် ပေးနေလိုက်ရတော့၏။

သားကို ချစ်ကြသည်ကိုး။

ထိုအခါ သူသည် ပါးစပ်မှ သီချင်းတစ်ပုဒ်ကို အော်ဆိုကာ ခုန်ပေါက်ထွက်သွားတတ်လေသည်။

သို့သော်...

စွမ်းရီမင်းအဖို့ တစ်ခုကောင်းသည်မှာ လွတ်လွတ်လပ်လပ် နှင့်နေချင်သလို နေသော်လည်း သူ့ဘဝက ပျက်စီးသွားခြင်းမရှိပါ။

မိဘထံမှ ငွေကြေးများတောင်းသည်။

မဟုတ်တာလုပ်ရန် မဟုတ်ပေ။

သိုင်းဆရာသုံးဦးထံမှ သိုင်းပညာသင်ယူရန်သာ ဖြစ်သည်။

သိုင်းပညာများကို ရအောင် သင်ကြားခဲ့သည်။

နောက်ဆုံး သင်ကြားခဲ့သော ဆရာသည် သူ၏စိတ်ကြိုက် အတွေ့ဆုံးသော ဆရာဖြစ်သည်။

အဘယ်ကြောင့်ဆိုသော်....

သူ့အား လွတ်လပ်စွာနေစေ၍ လွတ်လပ်စွာပြောဆိုစေ၏။



သူ့အား လွတ်လပ်ခွင့်ပေးဆုံး သိုင်းဆရာဖြစ်၏။

ထို့ကြောင့်....

သူသည် ထိုဆရာထံ၌ နှစ်အကြာဆုံးနေခဲ့ပြီး ပညာကိုလည်းဆုံးခန်းတိုင်အောင် သင်ကြားခဲ့သည်။

စိတ်ပျော်ရွှင်စွာ နေတတ်သော...

လွတ်လပ်စွာနေတတ်သော...

အပူအပင်သောကဟူ၍ လုံးဝမထားခဲ့သော စွမ်းရီမင်းသည် မကြာမီက သောကတစ်ခုကို ရင်ဝယ်ပိုက်လိုက်ရပေသည်။

ထိုသောကမှာ မိန်းကလေးတစ်ဦးထံမှ ရရှိလိုက်ခြင်းဖြစ်၏။

ယင်းမိန်းကလေးသည် သူ၏ပျော်ရွှင်စွာ နေတတ်သော နှလုံးသားကို နှုတ်ယူလိုက်သည်ဟု သူကသတ်မှတ်ထားလိုက်လေသည်။

အချစ်ကြီး၍ အမျက်ကြီးခြင်းပင်။

ထို့ကြောင့်...

သူသည် မိန်းမမြင်လျှင် အလိုလိုဒေါသထွက်လာတတ်၏။

လောကတွင် မိခင်မှလွဲ၍ ဘယ်မိန်းမမှ ကောင်းကျိုးပေးလိမ့်မည်မဟုတ်ဟုလည်း တယူသန်စွဲမှတ်ထားတော့သည်။

ထို့ကြောင့် သူသည် တခါတရံ သီချင်းတစ်ပုဒ်ကို အော်ကြီးတစ်ကျယ်ဆိုတတ်ပေသည်။

သူ၏သီချင်းမှာ အခြားသူများအဖို့ ခံစားချက်လုံးဝရှိမည် သေချာသော်လည်း သူကချွဲချွဲပျစ်ပျစ် သီဆိုလိုက်သောအခါ အချို့က သနား၍ပင် လာတတ်ပေသည်။

သူ၏သီချင်းမှာ....

www.burmeseclassic.com

www.burmeseclassic.com



"မိန်းကလေးလှလှတွေ့ယင် ဝေးဝေးက ရှောင်ပါ
ကွယ်၊ မြွေပွေးသေးသေးကလေးမို့ သွားမဖမ်းလေနဲ့
ကွယ်၊ မိန်းမနဲ့မြွေပွေး...မြွေပွေးနဲ့မိန်းမ ခွဲခြားမရပါ
တယ်"

ထိုသီချင်းအား သူ၏အသံဝါကြီးနှင့် ဟစ်အော်လိုက်သော အခါတွင် တချို့က ရယ်ကြသည်။

တချို့က သနားကြသည်။

တချို့တလေကျတော့လည်း သူ့အနားမှ ခပ်သုတ်သုတ် ထွက်ခွာ သွားတတ်ကြသည်။

သို့သော်...

သူကတော့ မည်သူ့ကိုမှ ဂရုမစိုက်ပါ။

သူသီချင်းအော်ဆိုလာချင်သည့်အခါ သူ့အနားတွင် ဘာပဲ ရှိနေရှိနေ ဂရုမစိုက်တော့ပါ။

အသံနေအသံထားနှင့် တအားပင်ကြုံးအော်တတ်သည်။

ထိုသီချင်းကို ဆိုတတ်လာသည်မှာ မိန်းကလေးတစ် ယောက်ကြောင့်ဟု သူက အသိအမှတ်ပြုထားလိုက်သည်။

သူသည် ထိုသောကကို ရင်ဝယ်ပိုက်၍မဆုံးမီ စိတ်ပြေ လက်ပျောက် ချန်အန်းမြို့သို့ သွားရောက်ခဲ့ခြင်းဖြစ်သည်။

ထိုအခါ နောက်ထပ်သောကတစ်ခုသည်သူ့ဘဝအတွင်းသို့ အလုံးအရင်းနှင့် ဝင်ရောက်လာခဲ့လေတော့၏။

သူသည် တကယ့်မီးခဲကိုမှ တိုက်ခိုက်ခဲ့မိခြင်း ဖြစ်သည်။

သူသည် ရာဇဝတ်အိုးကိုမှ တုတ်နှင့်ထိုးခဲ့ခြင်းဖြစ်သည်။



သူ့အနေဖြင့် ထိုသို့ဖြစ်လာလိမ့်မည်ဟု မည်သည့်အခါ ကမှ မရည်ရွယ်ခဲ့ပေ။

ယခုမှ သူ့လက်ချက်ဖြင့် ချန်အန်းမြို့စားကြီးဝမ်ကြည်ဖုန်း မှာ သေသည်ရှင်သည် မသိရသေးပေ။

သူသည် ယမန်နေ့ညက မြို့စားကြီး၏ ရဲမက်များက ဖမ်း ဆီးခြင်းကို ခံလိုက်ရသည်။

ဤသည်မှာလည်း သူ့အမှားမဟုတ်၊ ရဲမက်သုံးဦးက စတင် စော်ကားရာမှ ပြဿနာတက်ခဲ့ခြင်း ဖြစ်သည်။

ရဲမက်များသည် သူအမျိုးမျိုး တောင်းပန်တိုးလျှိုးနေသည့် ကြားက ရိုက်မောင်းပုတ်မောင်းနှင့် လုပ်ပုံလာတော့၏။

ဤတွင် စွမ်းရီမင်းသည် ခေါင်းငုံ့ခံလိုစိတ် မရှိတော့ပေ။

မတရားစွပ်စွဲကာ နှိပ်စက်ညှင်းပန်းမှုကိုမခံလိုသည့်စိတ်၊ မဟုတ်မခံတတ်သောစိတ်တို့သည် ပေါက်ကွဲလာရတော့သည်။

ထိုအခါ မြို့စားကြီး၏ ရဲမက်များနှင့် တိုက်ပွဲကလေးတစ်ခု ဖြစ်ပွားသွားခဲ့ရသည်။

ဘယ်နှစ်ဦးသေ၍ ဘယ်နှစ်ဦး ဒဏ်ရာရသွားသည်ကို လည်း သူလုံးဝ မမှတ်မိတော့ပေ။

ကြာလျှင် အများနှင့်တစ်ယောက် သူသာလျှင်ခံရတော့မည် ကို ရိပ်စားမိလာသည်။

ထိုအခါ သူ၏ထွက်လမ်းသည် မြို့စားကြီးရပ်တန့်နေသော အနောက်ဘက်တံခါးသာလျှင် ရှိသည်။

ထို့ကြောင့်...

သူသည် မြို့စားကြီးအား ရုတ်တရက် တိုက်ခိုက်ပြီး တံခါး

www.burmeseclassic.com

www.burmeseclassic.com



ပေါက်မှ ခုန်ဆင်းထွက်ပြေးလာရတော့သည်။

ယခုသူ လုပ်ခဲ့သမျှ အကျိုးအမြတ်ထွက်လာသည်မှာ သူ့အား ဖမ်းဆီးသတ်ဖြတ်နိုင်ပါက ဆုငွေတစ်သောင်းတိတိပေးမည်ဟူ၍ ကြော်ငြာခဲ့ခြင်းသာ ဖြစ်ပါလေ၏။

ထိုထက်ဆိုးဝါးသော အချက်မှာ သူ၏မိဘနှစ်ပါးအား မြို့စားကြီး၏ဂေဟာမှူး ဂူယိက ဖမ်းဆီးသွားပြီဆိုသော သတင်းပင် ဖြစ်တော့သည်။

ထိုသတင်းကို ကြားရသည်နှင့် မိဘနှစ်ပါးအတွက် အမှန်ပင် ပူဆွေးသောက ရောက်ရတော့၏။

သို့ရာတွင် သူ့အနေနှင့် မည်သို့မျှတတ်နိုင်တော့ပေ။

ယခုအချိန်တွင် သူ့မိဘနှစ်ပါးကိုဖမ်းဆီးသွားသော်လည်း အပြစ်ရှိသူမှာ သူသာဖြစ်သောကြောင့် ဂူယိသည် အပြစ်ပေးအရေးယူနိုင်လိမ့်မည် မဟုတ်ပေ။

မိဘကိစ္စက ရှင်းသည်။

သူ့အနေနှင့်မှု သွားရောက်အဖမ်းခံရန် လုံးဝမဖြစ်ပေ။

အကယ်၍ အဖမ်းခံခဲ့ပါက သေဒဏ်အပေးခံရမည်မှာ သေချာနေသည်။

သူ၏မိဘနှစ်ပါးကို ဖမ်းဆီးသွားသည်မှာ သူပြန်လာစေရန် မျှား၍ခေါ်ခြင်းလည်း ဖြစ်ပေသည်။

ဘာမှအပြစ်မရှိသော မိဘနှစ်ပါးကို ဂူယိသည် သတ်မည် မဟုတ်သည်ကိုလည်း သူက စဉ်းစားမိ၏။

ထိုသို့စဉ်းစားမိသည်နှင့် သူသည် ချန်အန်းမြို့နှင့် ဝေးရာသို့ထွက်ပြေးရန် ဆုံးဖြတ်လိုက်တော့သည်။



ထိုသို့မဆုံးဖြတ်ခဲ့ပါက သူ့တွင် အန္တရာယ်ကြီးစွာ ကျရောက်တော့မည်မှာ သေချာလှသည်။

အကြောင်းဆိုသော် သူ့အတွက် ထုတ်ပြန်ခဲ့သော ဆုငွေတစ်သောင်းဆိုသည်မှာ အိမ်ထောင်စုတစ်ခုအတွက် တစ်သက်ထိုင်စားနိုင်သော အရင်းအနှီးတခု ဖြစ်နေသည် မဟုတ်ပါလား။

နှစ်ရက်တာမျှ ဝရမ်းပြေးဘဝဖြင့် နေလိုက်ရစဉ် သူ့အဖို့ နောင်တကြီးစွာ ရရှိမိသည်။

ရှေ့ဦးစွာ ရင်ဆိုင်ရသည်မှာ ဆာလောင်မွတ်သိပ်ခြင်းပင် ဖြစ်သည်။

သူ့ထံတွင် ငွေကြေးအနည်းငယ် ရှိနေသော်လည်း တောထဲတောင်ထဲတွင် ထိုငွေများသည် လွှင့်ပစ်ရုံမှလွဲ၍ မည်သို့မျှ အသုံးမဝင်ခဲ့ပေ။

ငွေသည် လူနှင့်ဝန်းကျင်တွင်သာ အသုံးဝင်သည်။

ထိုနှစ်ရက်အတွင်း သူ၏ဗိုက်ထဲ၌ ရေများကသာ နေရာယူထားသည်။

လမ်းလျှောက်သည့်အခါတွင် အစာအိမ်ထဲမှ ရေများ၏ ဘောင်ဘင်ခတ်သံပင် ကြားနေရ၏။

ပြေးလွှားလမ်းလျှောက်ရသည်ကိုလည်း သူမမှုပါ။

တောထဲတောင်ထဲတွင် ဖြစ်သလိုအိပ်စက်လိုက်ရသည့် အဖြစ်ကိုလည်း သူကောင်းကောင်း ခံစားနိုင်၏။

မည်သည့်အစာမှ မစားရသည်ကိုတော့ သူမခံစားနိုင်ပါ။

သို့သော်လည်း သူ၏ခြေလှမ်းများက နောက်သို့ပြန်မဆုတ်ပါ ရှေ့သို့သာ အားသွန်၍သွားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ တောကလည်း နက်သည်ထက်နက်လာလေတော့သည်။

သူသည် ဤမျှနက်ရှိုင်းသော တောကြီးထဲသို့ အဓိပ္ပါယ်မဲ့ လျှောက်သွားနေခြင်း မဟုတ်ပါ။

သူ့မှာ ရည်ရွယ်ချက်ရှိသည်။

ထိုရည်ရွယ်ချက်ကား...

ဤမျှနက်ရှိုင်းသော တောကြီး၏ ဟိုမှာဘက်တွင် ပိုမိုနက်ရှိုင်းမြင့်မားသည့် တောင်ကြီးများရှိနေပေသည်။

ထိုတောင်ကြီးများ လွန်မြောက်ပါက လွတ်လပ်သောနယ်မြေတစ်ခုရှိသည်ဟု စွမ်းရီမင်းက ကြားဖူးခဲ့လေသည်။

အဘယ်ကြောင့်ဆိုသော်....

"ယင်းနယ်မြေသည် မည်သည့်ဥပဒေဟူ၍ လုံးဝမရှိဘဲ နေချင်သလို နေ၍ရသော 'ဥပဒေမဲ့နယ်မြေ' သို့မဟုတ် 'ဒုစရိုက်သမားတို့ပျော်စံရာ' နယ်မြေဖြစ်သောကြောင့်ပင်တည်း။

ဥပဒေမဲ့နယ်မြေ....

သို့မဟုတ်..

ဒုစရိုက်သမားတို့ ပျော်စံရာ၊ သို့မဟုတ် လျှို့ဝှက်ကျေးရွာ

ထိုနေရာသည် အမှန်ပင် ရှိနေပါ၏။ သို့သော်...

မြို့ကြီးပြကြီးများနှင့်တော့ မနီးလှပါ။

ဝေးလံသီခေါင်လှသော တောကြီးမြက်မည်းများ၏ ဟိုမှာဘက်တွင် ရှိနေခြင်းပင်ဖြစ်ပါသည်။

သို့ရာတွင် ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာ နေရာတစ်ခုတော့ မဟုတ်ပေ။



အသွားအလာ ခက်ခဲ၏။

ကျားရဲတိရစ္ဆာန် ပေါများ၏။

ရောဂါဘယ ထူပြောလှ၏။

ထို့ကြောင့်လည်း ဘုရင့်အာဏာစက်သည် ထိုနေရာသို့ တိုင်အောင် မပျံ့နှံ့နိုင်တော့ပါ။

ထိုသတင်းကို စွမ်းရီမင်း ကြားသိရသည်မှာ ကြာပြီဖြစ်သည်။

ထိုစဉ်က ထိုဥပဒေမဲ့နယ်မြေကို ယခင်က သူလုံးဝစိတ်မဝင်စားခဲ့ပေ။

ယခုမူ စိတ်မဝင်စား၍ မရတော့လောက်အောင် သူ့ဘဝသည် ဥပဒေများက ရစ်ပတ်လာပြီ မဟုတ်ပါလား။

ထို့ကြောင့်ပင် သူသည် ဥပဒေနှင့် လက်လှမ်းဝေးရာ ဥပဒေမဲ့နယ်မြေသို့ ထွက်ပြေးလာခဲ့ရလေပြီ။

ထိုနေရာသည် သီးခြားကမ္ဘာတစ်ခုဖြစ်သည်ဟု ကြားဘူး၏

ထိုသီးခြားကမ္ဘာသည် သူ့အား ကြိုဆိုပါမည်လော။

ဒါတော့ မသိပါ။

သူ၏ခြေလှမ်းများသည် နက်ရှိုင်းလှသည့် တောအတွင်းသို့သာ.....

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com

မိုးက သည်းထန်စွာ ရွာသွန်းလာသည်။

မနက်မိုးလင်းကတည်းက ရွာသွန်းနေသည်မှာ ယခုညနေ တိုင်အောင် မစဲသေးပေ။

ရေလုံးကြီးများသည် တောင်ပေါ်မှ ဒလဟောစီးဆင်းလာ သည်။

အချို့တောင်ကမ်းပါးယံတို့သည် ရေလုံးတိုက်စားမှုကြောင့် ပြိုကျလာကာ မျောပါသွားကုန်တော့၏။

စွမ်းရှိမင်းသည် ရေလုံးကြီးများ စီးဆင်းနေရာနှင့်လွတ် သောနေရာသို့ အပြေးအလွှား ကုတ်ကတ်ရောင်ရှားရသည်။

ကြီးမားသောသစ်ပင်ကြီးကို အကာအကွယ်ယူကာ ဖက် တွယ်ထားရသည်။

ဤကဲ့သို့သော ဒုက္ခများနှင့် ရင်ဆိုင်လာရသောအခါတွင် စောစောက ဆာလောင်မှုတ်သိပ်နေသော စိတ်တို့သည် ဘယ်နေရာ သို့ ပြေးထွက်ကုန်မှန်းမသိတော့ပေ။

ယခုအခါ ဆာလောင်မှုကို ဂရုမထားအားပါ။

မိမိအသက်ကို မည်သို့ကာကွယ်ရမည်ကို အာရုံပြုနေရ၏။

စွမ်းရှိမင်း စဉ်းစားမိသည်မှာ သူသာ ဘုရင့်စစ်သည် ရဲမက် တစ်ဦးဖြစ်ခဲ့လျှင် ဤနေရာ၊ ဤအခြေအနေမျိုးနှင့် ကြုံတွေ့နေပါက ရန်သူနောက်သို့ ဆက်လိုက်တော့မည် မဟုတ်ပါ။

ထို့ကြောင့်လည်း...

ဤနေရာ၊ ဤဒေသသည် လွတ်လပ်သော နယ်မြေဖြစ်လာ ခြင်း ဖြစ်မည်ဟု ထင်မိလိုက်လေသည်။

ဥပဒေမဲ့ နယ်မြေဖြစ်မည် ထင်လာ၏။



ရေလျှောက် မည်ကဲ့သို့သော အခက်အခဲမျိုးနှင့် ရင်ဆိုင်ရ မည်ကို မခန့်မှန်းနိုင်သေးပါ။

သူသည် ဒလဟောထိုးဆင်းနေသော တောင်ကျရေများကို ငေးစိုက်ကြည့်နေမိသည်။

ထိုအခိုက်...

ထိုရေများနှင့်အတူ အရာဝတ္ထုတစ်ခုသည် မျောပါလာလေ သည်။

စွမ်းရှိမင်းသည် ကြာရှည်စွာ စဉ်းစားမနေတော့ပေ။

သူနားခိုနေသော သစ်ပင်ရင်းမှ ကပျာကယာ ပြေးထွက် သွားပြီး ရေစီးချောင်းထဲမှ မျောပါလာသည့် အရာဝတ္ထုကိုဆွဲယူလိုက် လေသည်။ အခြားမဟုတ်ပေ။

တောဝက်ပေါက်စ တစ်ကောင်ပင် ဖြစ်လေသည်။

တောဝက်ပေါက်စကလေးဟု ဆိုရသော်လည်း သိပ်ပြီး သေးငယ်လှသည်တော့ မဟုတ်ပေ။

ခွေးတစ်ကောင်နီးပါး ရှိ၏။

ထိုတောဝက်သည် ရေလုံးနှင့်ရိုက်မိပြီး မရှောင်နိုင်မတိမ်း နိုင်တော့ဘဲ မျောပါလာခြင်း ဖြစ်ဟန်တူသည်။

ကျောက်ဆောင်ကျောက်ခဲများနှင့် ရိုက်ဒိုက်မိထားသဖြင့် စွမ်းရှိမင်းက ဆယ်လိုက်သောအချိန်တွင် တောဝက်မှာ အသက်မရှိ တော့ပါ။

စွမ်းရှိမင်းသည် အတော်ပင် ဝမ်းသာသွားသည်။

သူသည် အစာတော်၍မနေနိုင်တော့ဟု ထင်မိလိုက်တော့ သည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲ၌ အစာရှိနေပြီ မဟုတ်ပါလား။

သို့သော်....

သူ၏ဝမ်းသာမှုသည် ချက်ချင်းကွယ်ပျောက်သွားတော့၏။

အဘယ်ကြောင့်ဆိုသော်....

ဤမျှစွတ်စိုနေသော တောကြီးထဲတွင် မည်သည့်နေရာက မီးကိုရရှိနိုင်ပါမည်နည်း။

သူသည် ဆေးတံသောက်တတ်သော အဘိုးအိုတစ်ဦးသာ ဖြစ်ခဲ့ပါမူ သူ့ထံ၌ မီးခြစ်ပါရှိလာမည်။ ယခု....

စားသောက်စရာသားကို တွေ့ရှိသည့်တိုင်အောင် ဤအ တိုင်းကြည့်နေရမည့်ကိန်းနှင့် ကြုံနေတော့သည်။

သူသည် တောဝက်ပေါက်ကလေးအား ကြည့်၍ အစိမ်း လိုက်ဝါးစားရ ကောင်းလေမည်လားဟုလည်း တွေးတောမိပြန်၏။

စားရမည်က သဲနှင့်တရှပ်ရှပ် မဟုတ်ပါ။

မီးသည်သာ အဓိကအရာ ဖြစ်နေပါသည်။

မီး...မီး...မီး...။

မီးမည်သို့ ရရှိမည်နည်း။

တောဝက်ကလေးအား ပြန်လည်လွှင့်ပစ်ရန် ကြံစည်လိုက် သေး၏။

သို့သော်.....မပစ်ရက်ပါ။

တနည်းတဖုံတော့ ကြံစည်ပြီး မီးကိုရအောင် လုပ်ရမည်ဟု အားခဲထားသည်။

ခဏကြာလျှင် မိုးသည် အတန်ငယ်စဲသွားပြီ ဖြစ်သည်။

သူသည် အဝတ်အစားများကိုချွတ်၍ ရေညှစ်လိုက်၏။



ထို့နောက်....

အစိုအတိုင်းပင် ပြန်လည်ဝတ်ထားလိုက်လေသည်။

သူသည် မိုးစဲသွားပြီဖြစ်၍ တောဝက်ကလေးအား ဆွဲကာ ဤတစ်ညတည်းခိုရန်အတွက် သင့်လျော်မည့်နေရာတစ်ခုကို ရှာဖွေ ယင်းထွက်ခဲ့ပြန်လေသည်။

အလင်းရောင်သည် တဖြည်းဖြည်း ကွယ်ပျောက်တော့ မည်ဖြစ်သည်။

ထိုအချိန်တွင်....

စွမ်းရှိမင်းသည် ခြေလှမ်းကို သွက်သွက်လှမ်းကာ ကျောက် ဆောင် ကျောက်ခဲများ ထူထပ်သောနေရာကို အမြန်ဆုံးရှာ ဖွေနေ တော့၏။

ရုတ်တရက် စွမ်းရှိမင်း၏ မျက်လုံးအစုံသည် ပြူးကျယ် သွားသည်။

အဘယ်ကြောင့်ဆိုသော်....

ခပ်လှမ်းလှမ်းတစ်နေရာတွင် ကျောက်ဆောင်များကြားမှ မီးခိုးများ အူ၍ထွက်နေသည်ကို တွေ့မြင်လိုက်ရလေသောကြောင့် ပင်တည်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၅)

## မျက်မမြင် မိန်းကလေး

ကြီးမားသော ကျောက်တုံးကြီးသည် တဘက်သို့စောင်းနေသည်မှာ တဘက်ရပ်တဲတလုံးထိုးထားသကဲ့သို့ ရှိနေပေသည်။

ထိုကျောက်တုံးကြီး၏အောက်တွင် လူဆယ်ယောက်ခန့် အိပ်စက်၍ ရပေသည်။

စွမ်းရိမင်းသည် ထိုကျောက်တုံးကြီးဆီသို့ စောစီးစွာမရောက်ခဲ့သည်ကိုပင် ဒေါသဖြစ်မိလေသည်။

ယခု သူသည် ကျောက်တုံးကြီးအား တနေရာမှ အကဲခတ်၍ကြည့်နေမိသည်။

မီးဖိုမှမီးများက တလူလူ လွင့်တက်နေသော်လည်း လူရိပ်လူခြေဟူ၍ တစ်ဦးတစ်ယောက်မှ မမြင်မတွေ့ရချေ။

ယင်းအတွက်ကြောင့် သူသည် စဉ်းစားရကြပ်နေခြင်း ဖြစ်သည်။



မီးရှိလျှင် လူရှိရမည်။

ထိုလူသည် ရန်သူလော၊ မိတ်ဆွေလော၊ ခွဲခွဲခြားခြား သိနိုင်ရန်အတွက် သူက ချက်ချင်းဝင်ရောက်မသွားသေးဘဲ အကဲခတ်ကြည့်ရှုနေခြင်း ဖြစ်သည်။

စူးစမ်းခြင်းသည် အန္တရာယ်ကင်းခြင်းပင် မဟုတ်ပါလား။

သို့သော်...

သက်ရှိလူသားဟူ၍ တစ်ဦးတစ်ယောက်မှ မတွေ့ရပေ။

တစုံတယောက်သည် ဝင်ရောက်တည်းခိုပြီး ခရီးဆက်လက်ထွက်ခွာ သွားလေပြီလော။

မီးကိုမငြိမ်းဘဲ ဤအတိုင်း ထားသွားသည်လော။

ဤသို့ဆိုလျှင် သူ့အဖို့ ပို၍အဆင်ပြေမည် ဖြစ်သည်။

သူသည် ကြာရှည်စွာ မစဉ်းစားနိုင်တော့ပါ။

ပုန်းကွယ်ချောင်းမြောင်းနေရာမှ ကျောက်တုံးကြီးအောက်သို့ ခပ်သွက်သွက်ပင် ပြေးဝင်လာခဲ့သည်။

သူသည် ကျောက်တုံးကြီးအောက်သို့ ရောက်သည်နှင့် ဝန်းကျင်အား အကဲခတ်ကြည့်လိုက်သည်။

မီးခိုးငွေ့ တလူလူလွင့်တက်နေသော မီးဖိုမှအပ ဘာမှမတွေ့ရပေ။

လူတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့ရပေ။

ထို့ကြောင့် သူသည် မီးဖိုပေါ်သို့ ထင်းတုံးအချို့ကို ထပ်မံဖြည့်လိုက်ပြီး ရေဦးစွာ အကျီချွတ်ကာ မီးကင်လိုက်သည်။

ထို့နောက် သူသည် ဓားမြောင်ကိုထုတ်ကာ တောဝက်အားကျင်လည်စွာ ဖျက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးသည်နှင့် တုတ်တစ်ချောင်းနှင့် တံစို့သိပြီး မီးဖိုဘေးတွင် ကပ်ထားလိုက်လေသည်။

စွမ်းရီမင်းသည် စိတ်မလုံသကဲ့သို့ ဘေးဝန်းကျင်ကို တခါ ထပ်မံကြည့်လိုက်ပြန်သည်။

သူသည် စိုရွှဲနေပြီဖြစ်သော ဘောင်းဘီကို မီးကင်ချင်လှပြီ ဖြစ်၏။

ဤမျှ တိတ်ဆိတ်သော တောကြီးမျက်မည်းထဲ၌ မည်သူ တစ်ဦးတစ်ယောက်မှ ရှိလိမ့်မည်ဟုလည်း သူမထင်မိပေ။

ထို့ကြောင့်လည်း ဘောင်းဘီကို ကပျာကယာချွတ်၍ ခြောက်သွေ့စပြုနေပြီဖြစ်သော အင်္ကျီကို လှမ်းယူကာ ခါးတွင် ဖြစ်သလို ပတ်ထားလိုက်သည်။

ကောင်းစွာအရှိန်ရနေပြီဖြစ်သော မီးဖိုတွင် သူက ဘောင်းဘီကို ခြောက်သွေ့အောင် ကင်နေ၏။

ထို့အတူ တောဝက်၏အနံ့ကလည်း မီးနှင့်ကြာရှည်စွာ ထိတွေ့လာသည်နှင့်အမျှ မွှေးကြိုင်လာတော့သည်။

ဝမ်းထဲမှ တကြုတ်ကြုတ်မြည်လာသည်။

ထိုအခိုက်...

"အသားကင်အနံ့က မွှေးလှချည်လားရှင်၊ ကျွက်ယင် ကျွန်မကိုလဲကျွေးပါ"

ထိုအသံကြားလိုက်သည်နှင့် စွမ်းရီမင်းသည် လန့်ဖျပ်သွားလေတော့၏။

"ဟိုက်...ခင်ဗျား...ခင်ဗျား မလာပါနဲ့၊ ဟိုဘက်...ဟိုဘက် လှည့်နေပါအုံး"



စွမ်းရီမင်းသည် ထိုကဲ့သို့ ပြောပြီးသည်နှင့် မီးကင်လက်စ ဘောင်းဘီကို ဆွဲယူကာ ကျောက်တုံး၏တဘက်သို့ ဝင်ပြေးလေတော့သည်။

သူသည် ဘောင်းဘီကို ကပျာကယာဝတ်ယင်း စိတ်ထဲမှ ညည်းညူလိုက်လေသည်။

"ဒီတောထဲတောင်ထဲမှာ ဘယ်မိန်းမနဲ့ လာတွေ့ရမှန်း မသိပါဘူး"

ထိုအချိန်တွင် မိန်းကလေးသည် မီးပုံဘေးသို့ ရောက်ရှိနေလေပြီ။

သူသည် အဝတ်အစားများကို သေချာစွာ ပြန်ဝတ်ပြီးသောအခါ မီးဖိုနံဘေးသို့ ပြန်လျှောက်လာခဲ့၏။

သူသည် စောစောက အမျိုးသမီးကို ယခုမှပင် အကဲခတ် ကြည့်မိလေတော့သည်။

သူက အတန်ကြာအောင် စူးစိုက်ကြည့်နေပြီးမှ...

"ခင်ဗျား ဘာလို့ဝေးဝေးက အသံပေးပြီး မလာတာလဲ"

အမျိုးသမီးက...

"ကျွန်မက ဘယ်ဝေးဝေးကို သွားနေလို့လဲ"

"ဟင် ဒါဖြင့် ခင်ဗျား ဒီနားမှာပဲ ရှိနေတာပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ လေတွေတိုက်လွန်းလို့ ဟောဟိုကျောက်ဘုံးကြားထဲမှာ ပုနေတာ ရှင်မမြင်ဘူးလား"

"ကျုပ်က မမြင်ဘူးပဲထားပါအုံး၊ ခင်ဗျားက ကျုပ်လုပ်ကိုင်နေတာတွေ အကုန်မြင်တယ်ပေါ့ ဟုတ်လား"

သူမက မျက်နှာညိုးငယ်စွာဖြင့် ခေါင်းခါယမ်း ပြလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



"မမြင်ပါဘူးရှင် သိတော့သိတယ်"

စွမ်းရီမင်းက မျက်မှောင်ကုပ်၍ သူမအား ကြည့်လိုက်၏။

"ခင်ဗျားက တဘက်လှည့်နေလို့လား"

"ကျွန်မက အကန်းပဲ"

"ဗျာ..."

စွမ်းရီမင်းသည် သူမအား စူးစူးဝါးဝါး ကြည့်လိုက်လေသည်။

မှန်ပေသည်။

သူမ၏မျက်လုံးအိမ်သည် ရွေ့လျားခြင်း မရှိဘဲ၊ တနေရာတည်းသို့သာ စူးစိုက်ကြည့်နေ၏။

စွမ်းရီမင်းမှာ သူမအားကြည့်၍ အံ့ဩတုန်လှုပ်သွားမိ၏။

ဤမျှနက်ရှိုင်းသော တောတောင်ထဲတွင် ဤကဲ့သို့ မျက်မမြင်မလေးတစ်ယောက်သည် မည်သည့်အတွက် ရောက်ရှိနေရလေသနည်း။

စွမ်းရီမင်းက သူမကို စူးစမ်းသလိုကြည့်ယင်း မေးလိုက်၏။

"ခင်ဗျား ဒီလောက်နက်တဲ့တောထဲ ဘာလာလုပ်တာလဲ"

"ကျွန်မ ယောက်ျားလိုက်ရှာတယ်လို့ ရှင်ထင်နေသလား"

စွမ်းရီမင်းသည် သူမအား ဆတ်ကနဲလှမ်းကြည့်လိုက်၏။

သူမသည် မျက်စိမမြင်ရသော်လည်း မဟုတ်မခံ ဇတ်ဇတ်ကျဲထဲက ဖြစ်မည်ဟု ထင်မိလိုက်၏။

သို့သော် မည်သို့ပင်ဖြစ်ပါစေ စွမ်းရီမင်းအဖို့ မိန်းမများနှင့် ပတ်သက်လာလျှင် ရွံ့မုန်းမိသည်သာ။

သူသည် ဤတောတောင်ထဲ၌ ကျားတစ်ကောင်နှင့် တွေ့ရလျှင် ဤမျှစိတ်ဆင်းရဲမည် မဟုတ်ဟုထင်မိသည်။



မိန်းမများသည် ကျားထက် ကြောက်စရာကောင်းသည်ဟု သူကထင်ထား၏။ ထို့ကြောင့် သူက...

"ခင်ဗျားယောက်ျားရှာဖို့ လာတာဆိုရင်တော့ ကျုပ်နဲ့တွေ့တာ ကံဆိုးတာပဲ"

"ရှင်..."

မိန်းကလေးသည် အမှန်ပင်အံ့ဩသလို ဖြစ်သွားမိ၏။

ထို့ကြောင့် သူမက ထပ်မေးလိုက်ပြန်သည်။

"ဘာလဲ ရှင်ကယောက်ျားမဟုတ်လို့လား"

"ယောက်ျားတိုင်း ခင်ဗျားတို့ မိန်းမတွေကို ကြိုက်မယ်လို့ မအောင်းမေ့နဲ့"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

"မလိုပါဘူး"

"လိုတာပေါ့ရှင်"

"ဘာဖြစ်လို့ရှင်"

"ကျွန်မအတွက် လုံခြုံတာပေါ့"

စွမ်းရီမင်း ပါးစပ်ပိတ်ထားလိုက်ရလေတော့၏။

♣ ♣ ♣

မိုးက လုံးဝမရွာတော့ပေ။

သို့သော် လေကတဟူးဟူး တိုက်ခတ်နေသည်။

မီးဖိုမှ မီးခဲများသည် ရဲနေ၏။

စွမ်းရီမင်း ကင်ထားသော တောဝက်သားက အနံ့တသင်း

www.burmeseclassic.com

www.burmeseclassic.com



သင်းထွက်နေ၏။

မျက်မမြင်မကလေးသည် မီးပုံဘေး၌ ပုံ့ပုံ့ကလေး ထိုင်နေပေသည်။

စွမ်းရီမင်းသည် တစုံတခု ရှာဖွေနေ၏။

ဤသည်ကို မျက်မမြင်မကလေးက သိရှိနေသည်။

ဤသည်မှာလည်း အဆန်းမဟုတ်ပေ။

သူမသည် မျက်မမြင်မကလေးဖြစ်သောကြောင့် အာရုံလွှင့်ပျံ့ခြင်း မရှိဘဲ အကြားအာရုံထက်သန်နေသောကြောင့်လည်း ဖြစ်သည်။

ယခု သူမသည် စွမ်းရီမင်း၏ခြေသံကို နေရာအနှံ့ ကြားနေရသည်။

စွမ်းရီမင်းတခုခု ရှာနေခြင်းသာ ဖြစ်ပေသည်။

ထို့ကြောင့် သူမက...

"ရှင်ဘာလိုက်ရှာနေတာလဲ"

စွမ်းရီမင်းက အံ့အားသင့်စွာ သူမအား မျက်မှောင်ကုပ်၍ ကြည့်လိုက်၏။

"ခင်ဗျား မျက်စိမမြင်တာ အမှန်ပဲနော်"

သူမက ပြုံးလိုက်ပြီး...

"ဘာလဲ၊ ရှင့်ကို ကျွန်မ မျက်စိမြင်ရက်သားနဲ့ တမင်လိမ်ပြောနေတယ် ထင်လို့လား"

"ဒါဖြင့် ကျုပ်တစုံတခုရှာနေမှန်း ဘယ်လိုသိသလဲ"

"ကျွန်မမှာ အမြင်အာရုံမရှိပေမယ့် အကြားအာရုံက ရှင်တို့ထက် အဆတစ်ရာလောက်သာတယ်"



"မျက်စိကန်းတဲ့လူတွေ အကြားအာရုံကောင်းတယ်ဆိုတာ ရှင်မသိဘူးလား"

"မဆိုးပါဘူး"

"ရှင်ဘာရှာနေတယ်ဆိုတာ ပြောရအုံးမလား"

"ဒါတော့ ခင်ဗျားလွန်ပြီနဲ့တူတယ်"

သူမက ရယ်မောလိုက်လေသည်။

"မှားသွားတော့လည်း သည်းခံပေါ့ရှင်၊ ရှင်ရေလိုချင်လို့ ထည့်စရာတခု ရှာနေတာ မဟုတ်လား"

စွမ်းရီမင်းမှာ အမှန်ပင် မျက်လုံးပြူးသွားတော့၏။

သူပြောနေသည်မှာ အမှန်ပင်။

"ခင်ဗျားဘယ်လိုလုပ် သိသလဲ"

"ရှင်ကျွန်မလိုကန်းနေရင် အလိုလို သိလာလိမ့်မယ်"

"တော်ပြီ ကျုပ်မသိချင်တော့ပါဘူးဗျာ..."

သူမက အသံထွက်အောင် ရယ်မောပြီး...

"ကဲပါ စောစောက ရှင်ယူပြီး လှုပ်ကြည့်တဲ့ရေဗူးဟာ ကျွန်မပစ္စည်းပါ၊ အဲဒါယူသွားပြီး ကျွန်မရဲ့ ညာဘက်တည့်တည့်ကို လျှောက်သွား ကျောက်ကြားထဲမှာ ထွက်နေတဲ့ စမ်းရေအိုင်ကို တွေ့ရလိမ့်မယ်"

စွမ်းရီမင်းသည် ထပ်တွန့်တက်မနေတော့ပေ။

သူမက သူ့ထက်အရင် ဦးအောင် ရောက်နေသူဖြစ်သည်။

မျက်မမြင်မလေး ညွှန်ကြားသည့်အတိုင်း သူမ၏ရေဗူးအားယူ၍ ထွက်သွားတော့သည်။

မကြာမီမှာပင် စွမ်းရီမင်း ပြန်ရောက်လာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူသည် ရေဗူးကို မီးဖိုပေါ်သို့ တင်လိုက်သည်။

ထိုစဉ် မိန်းကလေးက...

"ကဲပါ၊ ရှင့်အသားကင် ကျွန်မကို မကျွေးသေးဘူးလား"

စွမ်းရီမင်းသည် မိန်းကလေးအား တချက်လှမ်းကြည့်ကာ...

"ကျုပ်ဘာမှမစားရတာ သုံးရက်ရှိပြီ၊ ကျုပ်မကုန်မှ ခင်ဗျား ကို ကျွေးနိုင်မယ်"

စွမ်းရီမင်းသည် ယောကျ်ား ရင့်မာကြီးတဦး အနေဖြင့် ဤကဲ့သို့ မပြောသင့်သည်မှာ မှန်သည်။

အထူးသဖြင့် ဤကဲ့သို့သော မျက်မမြင်ဒုက္ခိတမလေးအား လူသားတစ်ဦးအနေဖြင့် ပို၍ပင် ကြင်နာရမည် မဟုတ်ပါလား။

သို့သော်...

တချိန်က သူ၏နာကျည်းချက်များသည် မည်သည့်မိန်းက လေးကိုမဆို ဒေါသထွက်နေသည်။

ထို့ကြောင့်...

သူသည် ပြောသင့်မပြောသင့် ချိန်ဆမနေတော့ဘဲ ပြောချ လိုက်ခြင်း ဖြစ်သည်။

သို့ရာတွင် မျက်မမြင်မလေးက သူ့အား လုံးဝစိတ်ဆိုးဟန် မပြသည့်အပြင် အသာအယာပြုံးပြီး ပြောလေ၏။

"ရပါတယ်ရှင်၊ ကျွန်မကလည်း သူများမသထာတဲ့ အစာကို လုမစားတတ်ပါဘူး၊ စေတနာနဲ့ပေးမှ စားမှာပါ..."

စွမ်းရီမင်းသည် သူမ၏စကားကြောင့် စိတ်ထဲတွင် နင့်ကနဲ ခံစားလိုက်ရသော်လည်း လုံးဝလှည့်မကြည့်ဘဲ နေလိုက်၏။

သူသည် မီးဖိုကို နောက်ခိုင်းထိုင်ရင်းမှ ဝက်သားကင်ကို



လှမ်းယူ၍ ဆွဲဖဲ့လိုက်သည်။ ထို့နောက်...

ပါးစပ်ထဲသို့ ထိုးထည့်ပြီး ပလုတ်ပလောင်း စားလိုက်လေ သည်။

ထိုအခါ သူ့တွင် ဦးခေါင်းထဲသို့ အသိတခု ဝင်ရောက်လာ ပြန်သည်။ ဆင်ခြင်တုံတရားပေတည်း။

–ဝက်သားကင်ကို စားရသည်မှာ ဤမီးဖိုကြောင့်ပင် ဖြစ်၏။

အကယ်၍သာ သူမက မီးမဖိုထားလျှင် သူသည် မီးဖိုအား တွေ့မြင်မည် မဟုတ်သည့်အပြင် သူလည်း ဝက်သားကင်၍ စားနိုင် မည် မဟုတ်ပေ။

ထို့ပြင် ယခုကဲ့သို့ လှေလှုံမီးလှုံ ခိုကပ်စရာနေရာလည်း ရှိလာလိမ့်မည် မဟုတ်ပေ။

မီးဖိုရှင်သည် အဓိက ဖြစ်၏။ ထို့ကြောင့်...

သူမ၏ကျေးဇူးသည် ကြီးမားသည်ဟု တွေးဆလာမိတော့ သည်။ ထိုသို့ တွေးဆမိသည်နှင့် သူသည် ဝက်သားကင်ကို သူမ ၏လက်ထဲသို့ ထည့်ပေးလိုက်မိတော့သည်။

"ကျုပ်ခင်ဗျားကို နောက်တာပါ၊ ရော့... ကြိုက်သလောက် စား"

သူမက လှပစွာ ပြုံးလိုက်ပြီး...

"ရှင် ကျွန်မကို အားနာပါးနာနဲ့ ကျွေးတာများလားရှင်"

"ကျုပ်စေတနာမပါတဲ့ အလုပ်ကို ဘာမှမလုပ်ဘူး"

"ကျေးဇူးတင်ပါတယ်ရှင်"

သူမသည် တကယ်ပင် ဆာလောင်မွတ်သိပ်စွာဖြင့် ဝက် သားကင်ကို ဖဲ့၍ စားလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့စားနေယင်းမှ သူမက…

"စောစောက ရှင်ပြောတဲ့စကားထဲမှာ အစားမစားရတာ သုံးရက်တောင်ရှိပြီ ဟုတ်လား"

"ဟုတ်တယ်"

"တော်သေးတာပေါ့"

စွမ်းရှိမင်းက အံ့ဩသလိုကြည့်ကာ…

"ဘာလို့တော်သေးတာလဲ"

"ကျွန်မက လေးရက်ရှိပြီ"

"ဟင်…"

စွမ်းရှိမင်းသည် အမှန်ပင် အံ့ဩသွားမိသည်။

သူသည် မျက်မမြင်မလေး၏မျက်နှာကို စေ့စေ့ကြည့်လိုက်မိ၏။

သူ့အနေဖြင့် မျက်မမြင်မလေးက သူ့ကို သူမျက်စိမမြင်ပါဟု ပြောနေခြင်းကိုပင် မယုံကြည်နိုင်သောကြောင့် အနီးကပ်ကြည့်ရှု အကဲခတ်လိုက်ခြင်းလည်း ဖြစ်သည်။

ထို့ပြင် သူ၏စိတ်ထဲတွင်လည်း မျက်မမြင်မလေးနှင့် ပတ်သက်ပြီး မေးခွန်းများက တသီတတန်းကြီး ရှိနေသည်။ သို့သော်…

မိန်းကလေးများနှင့်ပတ်သက်လာလျှင် မည်သည့်နည်းမျိုးနှင့်မျှ ဆက်ဆံလိုခြင်း မရှိတော့သည့်အတွက် မေးချင်သော မေးခွန်းများကို မျိုသိပ်ထားလိုက်မိသည်။

သူသည် ဝက်သားကင်များ အတော်များများကို စားလိုက်ရသဖြင့် အားအင်အတော်ကလေး ပြည့်သွားသည်ဟု ခံစားလိုက်သည်။



မျက်မမြင်မိန်းကလေးက အစာမစားရသည်မှာ လေးရက်ရှိပြီ ဆိုသောကြောင့် သူမကိုလည်း စာနာသွားသည်။

ထို့ကြောင့် သူက…

"ခင်ဗျားကြိုက်သလောက်စားနော်၊ ကျုပ်တို့ သုံးလေးရက်စားလို့ရတယ်"

"အခုလို ဆာလောင်နေတဲ့အခါမှာ စားရလို့ ရှင့်ကို တသက်လုံး ကျေးဇူးမမေ့ပါဘူးရှင်"

"ခင်ဗျား အဲဒီစကားတွေချည်းပဲ ဆက်မပြောနဲ့၊ ကျုပ်ဘယ်သူ့ကျေးဇူးကိုမှ အတင်မခံချင်ဘူး"

"ရှင်ကတမျိုးပဲ"

"ဟုတ်တယ်၊ ကျုပ်ကတမျိုးပဲ၊ ခင်ဗျားတို့ မိန်းမတွေသာ အမျိုးမျိုး"

စွမ်းရှိမင်းသည် စကားကို ဆက်ပြောချင်သော်လည်း တမင်တကာပင် ရပ်တန့်ထားလိုက်လေသည်။

ထို့နောက်…

သူသည် ဆူလာပြီဖြစ်သော ရေနွေးအိုးကို အောက်သို့ချကာ အသာအယာ မှုတ်သောက်နေသည်။

"ရှင် မိန်းမတွေကို မုန်းနေသလား"

စွမ်းရှိမင်းသည် မိန်းကလေးအား တချက်ကြည့်၍…

"ခင်ဗျားပါးစပ်ကို ပိတ်ထားစမ်းပါဗျာ"

"ကောင်းပါပြီရှင်"

သည်လိုတော့လည်း စွမ်းရှိမင်း မိန်းကလေးကို ကရုဏာသက်သွားမိသည်။

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးသည် စကားပြော နူးညံ့သိမ်မွေ့သကဲ့သို့ အလိုက်သိလွန်းသူလည်း ဖြစ်သည်။

သို့ရာတွင် သူသည် မိန်းကလေးနှင့်ပတ်သက်၍ တစုံတရာ တွေးတောမနေလိုတော့ပေ။

သူသည် သုံးရက်လုံးလုံး ခရီးပန်းလာသူဖြစ်သည်။

ထို့ကြောင့်...

သူသည် ရေနွေးကို အနည်းငယ်သောက်ပြီးသည်နှင့် တနေရာတွင် တုံးကနဲ လှဲချလိုက်တော့၏။

သူတို့နှစ်ဦး၏အလယ်တွင် မီးပုံကခြားထားနေပေသည်။

လေပြည်ကလေးသည် တဟူးဟူး တိုက်ခတ်နေဆဲပင် ဖြစ်လေသည်။

မိန်းကလေးသည် မီးပုံ၏ဟိုဘက်ဘေး၌ စွမ်းရီမင်း လဲလျောင်းနေသည်ကို သိရှိလိုက်သည်။

သူမအဖို့ တချက်တော့ ဝမ်းနည်းမိသွားသည်။

သူလိုဒုက္ခသည် မိန်းကလေးကို စွမ်းရီမင်းက လျစ်လျူရှုလွန်းသည်ဟု ထင်၏။

သူမကမူ ယခုကဲ့သို့ တောထဲတောင်ထဲ၌ ဒုက္ခရောက်နေသည့်အခါ ယောက်ျားအဖော်တဦးကို တွေ့လိုက်ရသဖြင့် ဝမ်းသာသလို ဖြစ်ခဲ့မိသည်။

ယခုမူ စွမ်းရီမင်း၏ အပြောအဆိုနှင့် အပြုအမူက သူမအတွက် ဝမ်းသာစရာ မဖြစ်ရုံမျှမက စိတ်ပျက်ဝမ်းနည်းဖွယ်ရာများသာ ဖြစ်ပေါ်ခံစားလာမိသည်။

သို့စေကာမူ သူမနှင့်တွေ့ဆုံနေသော စွမ်းရီမင်းသည် စိတ်



ထားတည်ကြည်မည့်သူ တဦးအနေနှင့်တော့ အကဲခတ်မိသည်။

ထို့ပြင်လည်း အသက်သိပ်ကြီးမည် မဟုတ်သေးသော လူငယ်တဦးအဖြစ်နှင့်လည်း သိရှိလိုက်သည်။

ထိုထက်ပို၍ သိသည်မှာ စွမ်းရီမင်းသည် မိန်းမများနှင့် ပတ်သက်၍ ခံစားချက် တစုံတရာ ရှိခဲ့ဖူးသူ ဖြစ်ရမည်ဆိုသည့် အချက်ပင်တည်း။ ထို့ကြောင့်...

သူသည် သူမအား လုံးဝအရေးမစိုက်ခြင်း ဖြစ်ပုံရသည်။

မျက်မမြင်မကလေးသည် တယောက်တည်း တွေးတောကာ သက်ပြင်းတချက်ကိုချကာ ကျောက်နံရံအား မှီ၍ မျက်လုံးကို စုံမှိတ်ထားလေသည်။

ထိုအချိန်ကလေးမှာပင် သူမ၏နားထဲသို့ တစုံတခုအသံက တိုးဝင်လာလေသည်။

သူမသည် ကိုယ်ကိုခပ်မတ်မတ်ထားလိုက်ပြီး ခါးကြားထဲမှ ဓားတိုနှစ်လက်ကို လက်တဖက်စီတွင် ကိုင်ထားလိုက်သည်။

သူမ၏နားထဲသို့ တိုးဝင်လာသော အသံသည် စွမ်းရီမင်း လဲလျောင်းနေသည့် နေရာဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်လေ၏။

ထိုစဉ် သူမက လေသံကလေးဖြင့်...

"ရှင် နည်းနည်းကလေးမှ မလှုပ်နဲ့နော်"

သူမက ထိုသို့ ပြောလိုက်သဖြင့် မျက်လုံးကိုမှိတ်၍ တွေးတောနေသော စွမ်းရီမင်းသည် မျက်လုံးကို အသာအယာဖွင့်၍ သူမအား ကြည့်လိုက်သည်။ ထိုစဉ်မှာပင်...

"ဝှစ်... ဝှစ်"

ဟူသော လေကို တိုးဖြတ်သွားသည့် ဓားကလေးများ၏အ

www.burmeseclassic.com

www.burmeseclassic.com



သံကို ကြားရပြီးသည်နှင့်...

"ကျွီ... ကျွီ"

ဟု စူးစူးဝါးဝါး အော်ဟစ်လိုက်သော အသံနှင့်အတူ ရှုပ်ပုတ်ထဲ၌ တိုးဝှေ့နေသောအသံကို ကြားလိုက်ရလေတော့သည်။

စွမ်းရှိမင်းသည် အံ့အားသင့်စွာဖြင့် လှည့်ကြည့်လိုက်မိ၏။

သူနှင့် ပေနှစ်ဆယ်အကွာတွင် တောဝက်တစ်ကောင်မှာ နဖူးတည့်တည့်နှင့် ရင်ဘတ်တွင် ဓားနှစ်ချောင်းက နစ်မြုပ်နေသဖြင့် အော်ဟစ်ရုန်းကန်ယင်းမှ တောထဲသို့ တိုးဝင်နေသည်ကို တွေ့လိုက်ရသည်။

စွမ်းရှိမင်းမှာ သူ၏ဓားကို ဆွဲထုတ်၍ ထိုနေရာသို့ အပြေးအလွှား သွားကြည့်လိုက်သည်။ သို့သော်...

တောဝက်မှာ ငြိမ်သက်နေပြီ ဖြစ်လေသည်။

ရင်ဘတ်တွင် စိုက်ဝင်နေသော ဓားဒဏ်ရာဆီမှ သွေးများက တရဟော စီးဆင်းနေ၏။

ထို့ပြင် နဖူးတည့်တည့်စိုက်ဝင်နေသည့်ဓားသည် ထိုတောဝက်အား မည်သည့်နည်းနှင့်မျှ အသက်မရှင်ရှိနေနိုင်စေတော့ပါ။

စွမ်းရှိမင်းသည် အံ့သြသော မျက်နှာဖြင့် နောက်သို့ လှည့်ကြည့်လိုက်ရာ သူ့နောက်တွင် မျက်မမြင်မလေး ရပ်နေသည်ကို တွေ့လိုက်ရသည်။

သူသည် မိန်းကလေးကို ယခုမှပင် ခြေဆုံးခေါင်းဆုံး စေ့စေ့စပ်စပ် ကြည့်လိုက်မိသည်။

မိန်းကလေးမှာ သူနှင့် သက်တူရွယ်တူမျှသာ ရှိသေးပြီး မျက်စိမမြင်သည်မှအပ ချောမောလှပသူကလေးဖြစ်ကြောင်း မှတ်



ချက်ချလိုက်မိသည်။

ထိုမျှ ချောမောလှပသော မိန်းမပျိုလေးသည် တောကြီးမြက်မည်းထဲသို့ မည်သည့်အတွက် ရောက်ရှိနေလေသနည်း။

ထို့ပြင် သူမ၏အကြားအာရုံနှင့် လက်နက်ပုန်းပစ်ပညာမှာ အဆင့်မြင့်မားနေကြောင်းလည်း လက်တွေ့တွေ့မြင်နေရသည်။

သူမ၏ ချိန်ရွယ်ပစ်ခတ်မှုသည် ပစ်မှတ်ဆီသို့ တိတိကျကျ ရောက်ရှိနိုင်သည်မှာ တော်ရုံအဆင့်မြင့် သိုင်းပညာရှင်များ မစွမ်းနိုင်ကြောင်း နားလည်ထားသည်။

စွမ်းရှိမင်းသည် မိန်းကလေးအား သေချာစွာ စူးစိုက်ကြည့်ရင်းမှ စိတ်ထဲ တွေးလိုက်မိသည်။

"အင်း... ဒီမိန်းကလေးရဲ့ သိုင်းပညာဟာ အင်မတန် မြင့်မားနေပါလား"

မည်သို့ပင်ဆိုစေ မိန်းကလေးကို သူကျေးဇူးတင်သွားမိ၏။

အမှန်အတိုင်း ဝန်ခံရလျှင် သူ့နောက်ဘက်ဆီမှ တောဝက်လာနေသည်ကို သူကိုယ်တိုင် မသိခဲ့ပေ။

အကယ်၍ တောဝက်က ရုတ်တရက် တိုက်ခိုက်လာလျှင် သူ့အသက်ကို အန္တရာယ် မဖြစ်နိုင်သည့်တိုင်အောင် အကြီးအကျယ် ဒဏ်ရာရရှိသွားနိုင်သည် မဟုတ်ပါလား။

ထို့ကြောင့်...

သူက မိန်းကလေးကို ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်ရင်း...

"ခင်ဗျား သိပ်တော်တယ်၊ ခင်ဗျား ပစ်လိုက်တဲ့ ရန်သူဟာ တောဝက်တကောင် ဖြစ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"ဟုတ်မှာပေါ့ သူ့သားသမီးကို ရှင်က သတ်လာတော့ အ နံ့ခံပြီး လိုက်လာတာ ဖြစ်မှာပေါ့"

"ကျုပ် သတ်လာတာ မဟုတ်ဘူးဗျ၊ ရေစီးနဲ့မျောလာတာ"

"ဘာပဲဖြစ်ဖြစ်လေ၊ သူ့အနေနဲ့ အနံ့ခံပြီး လိုက်လာတာ တော့သေချာတယ်"

"အင်း... ကျုပ်တို့ ရက်အတော်ကြာကြာ စားစရာ မရှာရ တော့ဘူးပေါ့ဗျာ"

စွမ်းရှိမင်းသည် ထိုသို့ပြောပြီး မီးဖိုထဲသို့ ထင်းတုံးအနည်း ငယ် ထိုးထည့်ကာ မီးဖိုဘေးမှာပင် ထိုင်ချလိုက်လေသည်။

သူမကလည်း သူနှင့်မနီးမဝေးတွင် ထိုင်ချလိုက်၏။

"ရှင်... ဘယ်သူဘယ်ဝါဆိုတာ ကျွန်မ မသိရဘူးလား"

"ကျုပ်နာမည်နဲ့ ကျုပ်အကြောင်း သိရလို့ကော ခင်ဗျား မှာ ဘာထူးခြားသွားမှာမို့လဲ"

"ရှင်နဲ့ကျွန်မဟာ ရန်သူတော့ မဖြစ်နိုင်ပါဘူး"

"ဒါပေမယ့် မိတ်ဆွေတော့ ဖြစ်လာမှာ မဟုတ်ဘူး"

မိန်းကလေးက အံ့သြသွားဟန်ဖြင့်...

"ဘာဖြစ်လို့လဲ"

"ခင်ဗျားက မိန်းကလေး ဖြစ်နေလို့"

"ရှင်..."

မိန်းကလေး၏မျက်နှာမှာ ချက်ချင်းညှိုးငယ်သွားသည်။

သူ့အနေဖြင့် ဤတောထဲတောင်ထဲတွင် မိတ်ဆွေကောင်း တယောက် အမှန်ပင် လိုအပ်နေသည် မဟုတ်ပါလား။



သူမသည် အတန်ကြာအောင် စကားမပြောတော့ဘဲ ငေး ငေးငူငူလေး ထိုင်နေမိသည်။ ထို့ကြောင့်...

ဝန်းကျင်တခုလုံးသည် တိတ်ဆိတ်ငြိမ်သက်သွားပြန်သည်။

ထိုအချိန်မှာပင် အမှောင်ထုက သိပ်သည်းစွာစိုးမိုးလာ သည်။ အအေးဓာတ်ကလည်း ပိုမိုလွှမ်းကဲလာလေသည်။

ထို့ကြောင့် သူတို့နှစ်ဦးစလုံးသည် မီးဖိုနံဘေးသို့ ပိုမို၍ နီးကပ်စွာ တိုးလာကြ၏။

"ရှင်... မိန်းမတွေကို မုန်းနေတဲ့လူလား"

"ဒါတွေ မေးမနေပါနဲ့၊ ခင်ဗျားကို ကျုပ်စကား ပြောနေ သားပဲ မဟုတ်လား"

သည်တကြိမ်တွင် စွမ်းရှိမင်း၏အဖြေကို မိန်းကလေး ကျေ နပ်သွားသည်။ ထို့ကြောင့် တချက်ပြုံးလိုက်ပြီး...

"ရှင်က မေးလွန်းမကမေးမှ မလွှဲသာလို့ ဖြေတာပါရှင်၊ နောက်ပြီး တလုံးမှ ပြေပြေပျစ်ပျစ် မရှိဘူး"

စွမ်းရှိမင်းသည် မိန်းကလေးကို တချက်ကြည့်ကာ သက် ပြင်းကို ဖြည်းညင်းစွာ ချမိလိုက်လေ၏။

သူသည် မိန်းမနှင့် ပတ်သက်လာလျှင် မျက်နှာမကြည့်ချင် အောင် မုန်းနေမိသည်မှာ အမှန်ဖြစ်၏။ သို့သော်...

သည်မိန်းကလေးကိုတော့ သူက ချွင်းချက်ထားမိသည်။

သူမသည် မျက်စိလုံးဝ မမြင်ရသော ဒုက္ခိတမကလေး ဖြစ်နေသည်မဟုတ်ပါလား။

ထို့ပြင် သူ၏ကျေးဇူးတရားကလေးများကလည်း သူ့အ ပေါ် တင်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



စောစောက တောဝက်သည် သူ့အနားသို့ ချောင်းမြောင်းလာသည်မှာ သေချာ၏။

အကယ်၍ ရုတ်တရက် ပက်မည်ဆိုလျှင် သူအလူးအလိမ့်ခံရပေအုံးမည်။

ထိုအချိန်တွင် မယုံနိုင်စရာ ကောင်းလောက်အောင် သူမက ဝင်ရောက်ကာကွယ်ပေးလိုက်၏။ ထိုအခါ သူမ၏မြင့်မားသော သိုင်းပညာကိုလည်း သိရှိလာ ရလေသည်။

ဤကဲ့သို့ မျက်စိလုံးဝ မမြင်ရှာသော သိုင်းပညာရှင်မလေးသည် ဤတောကြီးတောင်ထဲသို့ တဦးတည်း ဘာကိစ္စ ရောက်နေရသနည်း။

ထိုအချက်သည် စွမ်းရိမင်း သိချင်သော အချက်များဖြစ်၏။

သိသင့်သိထိုက်သည်ဟုလည်း ထင်မိသည်။ သို့သော်...

မိန်းမများကို မုန်းတီးနေမိသည့်စိတ်က လွှမ်းမိုးထားသဖြင့် သူက စူးစမ်းချင်သော စိတ်တို့ကို မျိုသိပ်ထားလိုက်ခြင်း ဖြစ်လေ၏။

သူအသေအချာ ပြန်တွေးမိသောအခါ သူ့အဖို့ ယင်းမိန်းကလေးအား လျစ်လျူရှုထား၍ မရတော့ကြောင်း သဘောပေါက်လာမိသည်။

သူသည် ဤတောဤတောင်ထဲသို့ ထွက်ပြေးတိမ်းရှောင်လာရသော လူတယောက် ဖြစ်သည်။

နေရာတကာတွင် သတိကြီးစွာထားနိုင်မှ ဖြစ်ပေမည်။

ထိုအခါ သူမသည် ရန်သူဖြစ်နိုင်သလော...

သို့မဟုတ် မိတ်ဆွေ ဖြစ်နိုင်ပါသလော...

♣ ♣ ♣



## အခန်း(၆)

"ခင်ဗျားစ၊

"လှုရှုပ်လှုပ္ပေ - **မဝငိုယယ်**

စွမ်းရိမင်းသည် ကျိုထားသော ရေနွေးကို တင့်မျှ သောက်ပြီးသည်နှင့် မိန်းကလေးဘက်သို့ ထိုးပေးလိုက်သည်။

"ရော့... ဒီတောထဲမှာ တတ်နိုင်ရင် ရေနွေးသောက်တာဟာ ရောဂါအကင်းဆုံးပဲ"

မိန်းကလေးက တချက်ပြုံးလိုက်သည်။

စွမ်းရိမင်းသည် မီးတောက်၏အရောင်နှင့် သူမအပြုံးကို တွေ့မြင်လိုက်ရလေသည်။

ယခုမှ သူက စေ့စေ့စပ်စပ် ကြည့်မိသည်။

မျက်မမြင်မလေးသည် အသက်အားဖြင့် နှစ်ဆယ်ကျော်ကျော်သာ ရှိမည်ဟု ခန့်မှန်းရပြီး လှပသောမိန်းကလေးတဦးဖြစ်၏။

အကယ်၍သာ မျက်လုံးသာမကွယ်ပါလျှင် ဘာမှ အပြစ်ပြောစရာမရှိသည့် မိန်းကလေးတဦး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုတော့လဲ ရှင်က သဘောကောင်းသားပဲ"

"ခင်ဗျားစိတ်ထဲမှာ ကျုပ်က ယုတ်ညံ့နေတယ် ထင်လို့လား"

မိန်းကလေးက ပျာပျာသလဲ လက်ကာယင်း ပြန်ရှင်းပြသည်။

"အို… အို… ကျွန်မ ဒီလိုမထင်ပါဘူးရှင်၊ ရှင်မကြိုက်မှာစိုးလို့သာ ကျွန်မ ရှင့်ကိုမဝေဖန်တာပါ"

စွမ်းရှိမင်းက မျက်မှောင်ကုပ်လိုက်၏။

"ခင်ဗျားက ကျုပ်ကို ဝေဖန်ချင်လို့"

"ရှင်စိတ်မဆိုးဘူးဆိုရင်ပေါ့"

"မြှောက်ပင့်စကားကို လူတိုင်းနှစ်သက်ပေမယ့် ကျုပ်ကတော့ မနှစ်သက်တတ်ဘူး"

"ကျွန်မမြှောက်ပင့်ပြောတတ်တဲ့ ဝါသနာမပါပါဘူးရှင်"

"ဒါဆို ခင်ဗျားမဆိုးပါဘူး"

အတန်ကြာကြာ တိတ်ဆိတ်သွားပြန်၏။

"ရှင်… ကျွန်မ ဘယ်သူဘယ်ဝါဆိုတာ အခုထိ မမေးသေးဘူးနော်"

"မလိုဘူးထင်လို့ပါ"

မိန်းကလေးက နှုတ်ခမ်းတချက် တွန့်လိုက်လေသည်။

"ဒါကြောင့် ရှင်ဟာ ကျွန်မထင်တာနဲ့ မလွဲပါဘူး"

"အင်း… ပြောပါအုံး"

"ရှင်ဟာ စိတ်ထားအင်မတန်ကောင်းမယ့် လူတယောက်ပါပဲ"



"အရင်က မုန်းချင်မုန်းမယ် ခုချိန်မှာ မဟုတ်တော့ဘူး။ အထူးသဖြင့်ကတော့ မိန်းကလေးတွေနဲ့ ပတ်သက်လာရင် ကျုပ် သဘောမကောင်းနိုင်ဘူး"

"အဲဒါကြောင့်လည်း ရှင်ဟာ လူရိုးလူဖြောင့် တယောက်လို့ပြောတာပေါ့"

စွမ်းရှိမင်းသည် မိန်းကလေးကို ပို၍ နားမလည်နိုင်အောင်ဖြစ်လာရသည်။

ထို့ကြောင့် သူက…

"ခင်ဗျားစကားကို ရှင်းစမ်းပါအုံး"

"လူရှုပ်လူပွေတွေဟာ မိန်းကလေးကိစ္စနဲ့ ပတ်သက်လာရင် သူတို့မှာ ရိုးနေလို့ ဘာမှခံစားချက်မရှိဘူး။ မိန်းကလေးပဲ သိတာပေါ့ရှင်"

"အင်း…"

စွမ်းရှိမင်းက စိတ်ဝင်စားသလို သူမမျက်နှာကို စိုက်ကြည့်နေမိသည်။

သူမကဆက်၍…

"ရှင်ဟာ မိန်းကလေးတဦးကို တကြိမ်ပဲ ပတ်သက်ဖူးလိမ့်မယ်၊ အဲဒီတကြိမ်မှာပဲ မိန်းကလေးက ရှင့်ကို ဒုက္ခပေးသွားတော့ ရှင်ဟာ စိတ်နာသွားပြီး၊ မိန်းကလေးအားလုံးကို မုန်းနေတာပဲ"

စွမ်းရှိမင်းသည် မိန်းကလေးအား မျက်လုံးပြူး၍ ကြည့်ကာ မေးလိုက်လေ၏။

"ခင်ဗျား ဗေဒင်တတ်တယ်နဲ့တူတယ်"

မိန်းကလေးက ခေါင်းကို ခါယမ်းလျက်…

www.burmeseclassic.com

www.burmeseclassic.com



"အများအားဖြင့် အဲဒီလိုပဲ ဖြစ်တတ်လို့ မှန်းပြီး ပြောလိုက်တာပါရှင်"

သူသည် ယင်းကဲ့သို့ ပြောပြီး သက်ပြင်းတချက်ကို ရှည်လျားစွာ ချလိုက်မိသည်။

"ရှင်... ဒီတောထဲကို အပျော်ခရီး ထွက်လာတာတော့ မဟုတ်ပါဘူးနော်"

"ခင်ဗျား မေးသင့်ပါတယ်"

"ကျွန်မ သိပ်သိချင်တာပေါ့ရှင်၊ ဒါပေမယ့် ရှင်မကြိုက်ဘူးဆိုလို့ မမေးတာပါ"

"ခင်ဗျားကကော ဒီတောထဲ တောင်ထဲမှာ..."

"အင်း... ရှင့်အနေနဲ့ အဲဒီလို မေးသင့်တာ ကြာပြီရှင့်"

"အခုမှ မေးသင့်တယ် ထင်လို့ပါ"

သူမက မနို့တရို့ ပြုံးရင်းမှ...

"ကျွန်မနာမည် ပိုကျူလို့ ခေါ်ပါတယ်"

♣ ♣ ♣

ပိုကျူ...

သူမသည် အသက်နှစ်ဆယ့်လေးနှစ်မျှသာ ရှိသေးသော မိန်းကလေးတယောက် ဖြစ်သည်။

သူမသည် ငယ်စဉ်ကပင် ရုပ်ရည်ချောမောသဖြင့် အိမ်နီးနားချင်းများက ကြွေရုပ်ဟု ချစ်စနိုးခေါ်ကြသည်။

ပိုကျူတွင် မိခင် မရှိတော့ပေ။



ဖခင်ကြီးနှင့်သာ အတူနေထိုင်ခဲ့ရသည်။

သို့ရာတွင် ဖခင်ကြီးမှာ ပိုကျူအား လွန်စွာချစ်ရှာသည်။

မိဘဆိုးလေး ပိုကျူကို အစစအရာရာ အလိုလိုက်ခဲ့သည်။

ငွေကြေးဥစ္စာ ပြည့်စုံသောကြောင့်လည်း ပိုကျူဘဝမှာ ပျော်ရွှင်မှုအပေါင်း ခညောင်းခဲ့ရသည်။

မရှိဆိုသည့် စကားကို မကြားခဲ့ဘူးချေ။

သို့ရာတွင် ကံကြမ္မာဟူသည် လူတယောက်၏ဘဝကို ရုတ်ခြည်းပြောင်းလဲစေနိုင်သည်။

ပိုကျူအသက် ဆယ့်တစ်နှစ်သမီးတွင် သူ့ဘဝ ကံဆိုးမိုးမှောင်ကျခဲ့သည်။

တစ်နေ့...။

ထိုတနေ့မှာ မိုးကြီးသည်းစွာ ရွာသွန်းသောနေ့ ဖြစ်သည်။

ပိုကျူသည် နေအိမ်ရှေ့တွင် ကစားဖော် ကစားဖက်များနှင့် ပျော်ရွှင်စွာ ဆော့ကစားနေမိသည်။

ထိုအချိန်တွင် ရုတ်တရက် သူတို့ ကစားနေသော နေရာအနီးရှိ သစ်ပင်ကြီးတပင်ကို မိုးကြိုးပစ်ချလိုက်သည်။

ရုတ်တရက် ဖြစ်သောကြောင့် မိုးကြိုးပစ်သံကို ကြားရသောအခါ ပိုကျူ ထိတ်လန့်ကာ ထိုနေရာမှာပင် သတိလစ်မေ့မြောသွားသည်။

အခြားကလေးများက ပိုကျူအဖေကို သွားခေါ်ကာ ပိုကျူကို နေအိမ်သို့ ခေါ်လာသည်။

ထိုအိမ်တွင် ပိုကျူကို သတိပြန်ရအောင် နည်းအမျိုးမျိုးဖြင့် ကြိုးစားကြသည်။

www.burmeseclassic.com



တနာရီခန့်ကြာမှ ပိုကျူ သတိပြန်ရလာသည်။

သို့ရာတွင် ပိုကျူကို အကုသိုလ်တရားက ဖိစီးသွားခဲ့သည်

သူသတိပြန်ရလာသောအခါ အမြင်အာရုံများ လုံးဝချု ငြိမ်းသွားသည်။

သူမျက်လုံးများ ကွယ်သွားခဲ့ရသည်။

ထိတ်လန့်လွန်းသည့် စိတ်ကြောင့် အာရုံကြောများ ပျက်စီး သွားခြင်း ဖြစ်နိုင်လေသည်။

ဖခင်ကြီးမှာ သမီးလေးအတွက် ယူကြုံးမရ ဖြစ်ခဲ့ရသည်

ငွေကြေး ချမ်းသာသောကြောင့် ကောင်းပေတော်ပေ သော သမားတော်များထံတွင် ပိုကျူမျက်စိနှစ်ကွင်း အလင်းပြန်ရ ရန် ငွေကုန်ကြေးကျခံ၍ ကုသခဲ့သည်။

သူ ချမ်းသာသမျှသည် သူ့သမီးအတွက် မဟုတ်ပါလော

သို့သော်...

ပိုကျူကား ယနေ့တိုင်အောင် ဆေးကောင်းဝါးကောင်း သမားတော်ကောင်းများဖြင့် မတိုးဘဲ ရှိနေသည်။

ဖခင်ကြီးသည် ဒုက္ခိတသမီးလေးအား သူမရှိသည့်အခါ မည်သူ့မျှ မစော်ကားနိုင်စေရန် သိုင်းပညာ သင်ကြားပေးရန် ဆုံး ဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်ပြီးသည်နှင့် ရှောင်လင်ကျောင်းတော် တရုတ်ဘုန်းတော်ကြီးချင်ချင်းထံသို့ ပို့ကာ သိုင်းပညာများ သင် ကြားစေလေတော့သည်။

တရုတ်ဘုန်းတော်ကြီးချင်ချင်းသည် ပိုကျူကို ဆယ့်သုံး တိုင်တိုင် သိုင်းပညာများကို သင်ကြားပေးခဲ့သည်။



ပိုကျူသည် မျက်မမြင်ဒုက္ခိတကလေး ဖြစ်နေသော်လည်း သိုင်းပညာရပ်များကို ထူးခြားစွာ တတ်မြောက်ခဲ့သည်။

အထူးသဖြင့် သူမ၏အကြားအာရုံသည် သာမန်လူထက် အဆပေါင်းများစွာ အစွမ်းထက်လျက် ရှိသည်။

ဤကဲ့သို့ ထူးခြားမှု ရှိလာအောင်လည်း ဘုန်းတော်ကြီးချင် ချင်းသည် ပိုကျူအား သုံးနှစ်တိုင်တိုင် အကြားအာရုံကို စူးရှထက် မြက်အောင် သင်ကြားပေးခဲ့သည်။

ထို့နောက် ကြားရသည့်နေရာကို မလွဲတမ်း ပစ်ခတ်နိုင် သော လက်နက်ပုန်းပစ် ပညာများကိုလည်း သင်ကြားပေးသည်။

ပိုကျူသည် ပေငါးဆယ်ဝန်းကျင်မှ ပျံသန်းလာသော ငှက် ကလေး၏အော်သံကို မှန်းဆ၍ လက်နက်ပုန်းနှင့် ပစ်ခတ်နိုင်စွမ်း ရှိလာသည်။

ထို့နောက် လူလေးငါးဦး၏ အသက်ရှူသံကိုပင် နားထောင် ၍ မည်သူသည် မည်သည့်အနားမှာ ရှိနေသည်ကို မလွဲတန်း ခန့် မှန်းနိုင်လာသည်။

ဘုန်းတော်ကြီးချင်ချင်းသည် သူမပညာသင်နှစ် (၁၄)နှစ် တိတိ ပြည့်သည်နှင့် သူ့တပည့်မလေးအပေါ် ယုံကြည်စိတ်ချသွား တော့သည်။

ထို့ကြောင့်...

သူကိုယ်တိုင် ပိုကျူ၏မိဘထံသို့ ပြန်လည် ပို့ဆောင်ပေး ပြီး မကြာမီ ပြန်ကြွသွားလေသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



မိုးသည်းနေ့များသည် ပိုကျူကို ကံဆိုးမိုးမှောင် ကျခဲ့စေ
သည်ချည်းသာ ဖြစ်သည်။

ယနေ့လည်း...

တစ်ညလုံး မိုးကသွန်းဖြိုးရွာချနေသည်။

တဝုန်းဝုန်း ရွာနေသည်။

မိုးသည်းညတွင် ပိုကျူသည် နှစ်ခြိုက်စွာ အိပ်မောကျနေ
သည်။

သူမသည် မည်မျှအိပ်ပျော်နေသည် မသိပေ။

ထိုအချိန်တွင် ရုတ်တရက်...

ဆူဆူညံညံအသံများ ကြားလိုက်ရသဖြင့် အိပ်ရာမှလန့်နိုး
ကာ နားစွင့်ကြည့်လိုက်သည်။

ဤတွင် သူမ၏ဖခင်နှင့် လူဆိုးများ တိုက်ခိုက်နေသည့်အ
သံကို ကြားလိုက်ရသည်။

သူမသည် ဖခင်ကိုကူညီနိုင်ရန်အတွက် တိုက်ပွဲဖြစ်ပွားနေ
ရာသို့ ခန်းဆီသို့ ပြေးထွက်လာသည်။

အိမ်အနေအထားကို သူမကျွမ်းကျင်နေပေပြီ။

ပြီးလျှင် ဖခင်နှင့် ရန်သူများ၏အသံကို ကွဲပြားအောင်နား
စွင့်နေစဉ် သူ့ဖခင်က အော်ပြောလေ၏။

"သမီး...မလာခဲ့နဲ့ ပြေး..ပြေး"

တဆက်တည်းမှာပင်...

"အား"

ဟူသောအသံကို ထိပ်မံ၍ကြားရပြန်သည်။

သို့သော် ထိုအသံသည် ဖခင်၏အသံ မဟုတ်ပါ။



သူမသည် ရန်သူ၏အသံများနှင့် အိမ်သားများ၏အသံကို
ခွဲခြားမရအောင် ဖြစ်နေသဖြင့် ဝင်ရောက်တိုက်ခိုက်ရန် အခက်တွေ့
နေပေသည်။

ဆူညံသောအသံများကို သူမ မခွဲခြားနိုင်ချေ။

ထိုစဉ်မှာပင်...

"မိန်းကလေး မနိုးခံပါနဲ့ မင်းအဖေကို ဖမ်းမိထားပြီ"

ပိုကျူမှာ အံကိုတချက် တင်းတင်းကြိတ်ထားရုံကလွဲ၍
ဘာမှမတတ်နိုင်တော့ပေ။

ထိုစဉ် လူဆိုးက ဖခင်အားကြိမ်းဝါးသည့်အသံက ထွက်ပေါ်
လာပြန်သည်။

"ခင်ဗျားက တယ်ခေါင်းမာပါလား၊ တတိယကြယ်ကို
ဘယ်သူမှအံတုလို့ မရဘူးဆိုတာ မှတ်ထားပါ၊ ဟေ့...သူ့သမီးကိုပါ
ဖမ်းပြီးတော့တုပ်လိုက်"

ထိုအခါ ပိုကျူ၏ဖခင်က....

"ကျုပ်သမီးလေးကို ခင်ဗျားတို့ဘာမှမလုပ်ပါနဲ့၊ သူဟာ
မျက်စိမမြင်တဲ့ ဒုက္ခသည်လေးပါ"

တတိယကြယ်သည် ပိုကျူကို တချက်စိုက်ကြည့်လိုက်၏။

ပိုကျူသည် လက်ထဲတွင် ဓားရှည်တစ်ချောင်းကို ကိုင်ထား
ပြီး ရန်သူများအား တိုက်ခိုက်ရန် အသင့်အနေအထားမျိုး ရှိနေသည်
ကိုတွေ့ရသည်။

တတိယကြယ်က ပြုံးလိုက်လေ၏။

"အင်း.. ခင်ဗျားသမီးက မျက်စိမမြင်ပေမယ့်၊ သိုင်းပညာ
တတ်ပုံရတယ်၊ ဒဲ...နောက်ပြီး ချောလည်းချောတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ် မင်းတို့ငါ့ကိုသတ်ယင်သတ်လိုက် သူ့ကို ဘာမှမလုပ်ပါနဲ့၊ မင်းတို့လူဆိုးပဲဖြစ်ပါစေ၊ လူယုတ်မာ မဖြစ်ပါ စေနဲ့"

တတိယကြွယ်သည် တဟားဟား ရယ်မောလိုက်လေ၏။

"ကဲဟေ့ သူတို့နှစ်ယောက်စလုံးကို အသုံးချစရာရှိတယ် ဖမ်းချုပ်ပြီးခေါ်ခဲ့"

ပိုကျူသည် ပထမတွင် အဖမ်းမခံဘဲ ပြန်လည်တိုက်ခိုက် ရန် စိတ်ကူးမိသေးသည်။

သို့ရာတွင် သူမ၏ဖခင်သည် ယခုအခါ လူဆိုးများလက်ထဲ တွင် ဖမ်းဆီးချုပ်နှောင်ထားခြင်း ခံနေရပြီကို ကောင်းစွာသိရှိလိုက် သည်။

အကယ်၍ လူဆိုးများကို ခုခံတိုက်ခိုက်ပါက လူဆိုးများက သူ၏ဖခင်ကို သတ်ဖြတ်ပစ်မည်ကို စိုးရိမ်သွားသည်။

ထို့ကြောင့် သူမသည် စိတ်ကိုလျှော့၍ ဓားရှည်ကိုကြမ်း ပေါ်သို့ပစ်ချပြီး အဖမ်းခံလိုက်ရလေတော့သည်။

မြင်းစီးသမားများသည် မိုးရေထဲတွင် မြင်းများကို တစ်ည လုံးစိုင်းနှင်နေကြသည်။

ထိုမြင်းစီးသမားအရှေ့မှာ တတိယကြွယ်လူဆိုးအဖွဲ့နှင့် သူ တို့ဖမ်းဆီးလာသော ပိုကျူတို့သားအဖပင်ဖြစ်သည်။

ပိုကျူသည် မြင်းတစ်ကောင်ပေါ်တွင် သီးသန့်စီးယင်း လိုက်ပါလာသည်။

လူဆိုးများ ပြောကြားနေသော စကားသံများအရ သူတို့ လူဆိုးအဖွဲ့မှာ ကြွယ်သုံးလုံးလူဆိုးအဖွဲ့ဖြစ်ကြောင်း သူတို့သား အဖ



ကို ဖမ်းဆီးလာသော လူဆိုးအဖွဲ့မှာ တတိယကြွယ်ခေါင်းဆောင် သောအဖွဲ့ဖြစ်ကြောင်းအပြင်...။

ဤအဖွဲ့နှစ်ဖွဲ့ကို စနေဂြိုဟ်အမည်ခံ ပထမကြွယ်နှင့် ဒုတိ ယကြွယ်တို့က ခေါင်းဆောင်ကြောင်း သူတို့အဖွဲ့သုံးဖွဲ့သည် တစ်နေ ရာတွင်တွေ့ဆုံကြမည်ဖြစ်ကြောင်း ပိုကျူသိလိုက်သည်။

သို့ရာတွင် တတိယကြွယ်သည် သူတို့သားအဖအား မည် သည့်အတွက်ကြောင့် ဖမ်းဆီးခေါ်ဆောင်လာသည်ကို လုံးဝမသိရ သေးပေ။

တစ်ညလုံး မြင်းနှင်လာခဲ့ရာမှ နောက်တစ်နေ့ ကူးသော အခါတွင် မြင်းစီး၍မရတော့ပေ။

မတ်စောက်သော တောင်များကို ခဲရာခဲဆစ် တက်ရသော ကြောင့် မြင်းများကို လက်မှဆွဲခဲ့ရသည်။

နောက်တစ်နေ့ ညနေဘက်သို့ အရောက်တွင် ပိုကျူသည် စိတ်ကူးတစ်မျိုး ပေါက်လာတော့၏။

သူမအနေနှင့် သူတို့ဖမ်းဆီးခေါ်ဆောင်ရာနောက်သို့ ငြိမ် ၍လိုက်ပါသွားရန် မဖြစ်နိုင်တော့မှန်း စဉ်းစားမိလာသည်။

အကယ်၍ သားအဖနှစ်ဦးစလုံးအား ဖမ်းဆီးထားမည်ဆို ပါက လွတ်မြောက်ရန်လမ်းစကို ရှာကြံနိုင်တော့မည် မဟုတ်ပေ။

လူဆိုးများလက်မှ တစ်ယောက်ယောက်လွတ်မြောက်မှ သာ ကျန်တစ်ယောက်ကို ကယ်တင်နိုင်မည် မဟုတ်ပါလား။

ထို့ကြောင့် သူမသည် နောက်ဖြစ်လာမည့် ပြဿနာကို နောက်မှပဲ ရှင်းတော့မည်ဟု သဘောထားကာ သူမ၏လွတ်မြောက် ရေးကို ကြံစည်တွေးတောလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ သူမသည် သူ့အားစောင့်ကြပ်လာသည့်လူအား လှမ်းပြောလိုက်သည်။

"ကျွန်မ အပေါ့အပါးသွားချင်တယ်ရှင့်"

"သွားပေါ့ဗျ ကျုပ်ဟိုဘက် လှည့်နေမယ်"

"အို...ဘယ်ဖြစ်မလဲရှင့်၊ ကျွန်မရှင်တို့နဲ့ ခပ်ဝေးဝေးနေရာကိုသွားပါရစေ"

ထိုအခိုက် တတိယကြွယ်၏ အော်ပြောသံကို ကြားလိုက်ရသည်။

"ဟေ့...သူသွားချင်တဲ့နေရာကို သွားပါစေကွာ၊ မင်းခပ်လှမ်းလှမ်းကသာ စောင့်ကြည့်ပြီးခေါ်ခဲ့ပါ"

ထိုအသံကြားရသည်နှင့် ပိုကျူသည် လက်ထဲမှတုတ်တစ်ချောင်းနှင့်ယမ်းကာ တောထဲသို့ ဝင်ရောက်သွားလေသည်။

သူက မရပ်မနားဘဲ သွားနေသဖြင့် အစောင့်သည် ခပ်လှမ်းလှမ်းမှ လှမ်း၍အော်သံကို ကြားလိုက်ရလေသည်။

"ဟေ့...နင်က ဘယ်အထိ သွားနေမှာလဲ"

အစောင့်၏အသံမှာ သူမနှင့် အတော်ကလေး လှမ်းနေပေသည်။

ထို့ကြောင့် ပိုကျူသည် လူဆိုးအစောင့်၏အသံကို မကြားဟန်ပြုကာ ရှေ့သို့ခပ်သွက်သွက် ဆက်လျှောက်နေမိ၏။

ထိုစဉ်မှာပင် အစောင့်၏ပြေးလိုက်လာသော ခြေသံနှင့် အတူအော်ဟစ်မေးမြန်းသံကို ထပ်မံကြားလိုက်ရပြန်သည်။

"ဟေ့...နေဦးလေ...ဘယ်အထိသွားနေမှာလဲ"

ပိုကျူသည် လုံးဝမကြားဟန်ပြုကာ ရှေ့သို့ လျှောက်မြဲ



လျှောက်လာခဲ့သည်။

ယခုဆိုလျှင် သူတို့အဖွဲ့နှင့်လည်း အတော်ပင်အလှမ်းကွာဝေးသွားပြီဖြစ်၍ လုံးဝဂရုစိုက်စရာမလိုတော့ပေ။

အကယ်၍ဆိုပါမူ သူမသည် အဆင့်မြင့်ကိုယ်ဖော့ပညာကို အသုံးပြုကာ ခြေလှမ်းလျှောက်နေသောကြောင့်လည်း အစောင့်နှင့် အတော်ကလေး အလှမ်းကွာနေခြင်းလည်းဖြစ်သည်။

ယခုဆိုလျှင် သူရောက်နေသော နေရာနှင့် တတိယကြွယ်တို့မြင်းအဖွဲ့ ရောက်ရှိနေသောနေရာမှာ ငါးလီခန့်ကွာဝေးနေပြီကို သတိပြုမိသွား၏။

ထို့ကြောင့် ပိုကျူသည် သူ့နောက်သို့ လိုက်လာသောအစောင့်ကို ရပ်စောင့်နေလိုက်သည်။

"နင်က ထွက်ပြေးတော့မယ့်ပုံပါလေ ဟုတ်လား"

အစောင့်သည် ရုတ်တရက် သူ့နောက်သို့ရောက်ရှိလာကာ ဒေါသတကြီးအော်ပြောလိုက်သည်။

ထိုအသံနှင့်အတူ ဇက်ပေါ်သို့ လေဟပ်နှုန်းတစ်ခုက လျင်မြန်စွာကျရောက်လာသည်ကို ပိုကျူ သတိပြုမိလိုက်သည်။

အစောင့်သည် သူမကို မထင်မှတ်ဘဲ တိုက်ခိုက်လိုက်ခြင်းဖြစ်လေသည်။

သို့သော်...

ဤသို့ပြုမူလိုက်ခြင်းသည် ထိုအစောင့်၏ အမှားပင်ဖြစ်သည်။

သူသည် ပိုကျူအား အထင်အမြင် သေးဟန်တူပေသည်။

ထို့ကြောင့် အနားသို့တိုးကပ်ကာ လက်ဝါးစောင်းဖြင့်ခုတ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ခြင်းဖြစ်သည်။

ပိုကျူသည် အကြားအာရုံထက်သန်သည့်အပြင် သိုင်းပညာကို အဆင့်မြင့်မြင့် တတ်ကျွမ်းထားသူလည်း ဖြစ်သည်။

သူမက အစောင့်၏ရိုက်ချက်ကို ရတ်တရက် ရှောင်တိမ်းပေးလိုက်သည်။

ပြီးသည်နှင့် ခါးကြားတွင်ဝှက်၍ သိမ်းဆည်းထားသော ဓားမြှောင်ကို လျှပ်တပြက်ထုတ်ယူကာ အစောင့်၏ဝမ်းဗိုက်အတွင်းသို့ ထိုးသွင်းလိုက်လေသည်။

"အင့်...အင့်...အင့်"

ညည်းညူသံနှင့်အတူ အစောင့်သည် လဲကျသွားတော့၏။

ပိုကျူသည် သူ၏ဓားကို ပြန်လည်ဆွဲနှုတ်ကာ ခါးကြားသို့ ထိုးထည့်ထားလိုက်သည်။

ထို့နောက် အစောင့်သေမသေကို ကိုင်တွယ်စမ်းသပ်ကြည့်လိုက်လေသည်။

ထိုသို့စမ်းသပ်ယင်းမှ အစောင့်၏ခါးကြားတွင် တွေ့ရှိရသော မီးခတ်ကျောက်နှစ်ခုနှင့် ရေဗူးတစ်လုံးအားဆွဲဖြုတ်၍ ခြေဦးတည့်ရာသို့ ဆက်လက်ထွက်ခွာလာခဲ့လေတော့သည်။

တစ်နာရီကြာကြာမျှ စမ်း၍လျှောက်လာပေရာ မိုးကသည်းထန်စွာရွာသွန်းသဖြင့် အကာအကွယ်ရှိသော နေရာတစ်ခုကို ရှာဖွေယင်းမှ ထိုကဲ့သို့ကြီးမားသော ကျောက်တုံးကြီးအောက်သို့ ရောက်ရှိလာခဲ့ခြင်း ဖြစ်လေတော့သည်။

ပိုကျူက သူ့အကြောင်းကို ပြောပြနေသဖြင့် စွမ်းရီမင်းက စိတ်ဝင်စားစွာ နားထောင်နေသည်။



ထို့နောက် သူကသက်ပြင်းတစ်ချက်ချကာ ရေနွေးတစ်ကျိုက်ကို သောက်ချလိုက်ပြီး သူ့ဝေဖန်ချက်ကို ပြောပြ၏။

"အဲဒါ ခင်ဗျား မှားတာပေါ့"

"အင်း...ကျွန်မလည်း တွေးမိပါတယ်"

"အကယ်၍ ကျွန်တော်နဲ့မတွေ့သေးဘူး ဆိုပါတော့ ခင်ဗျားဘာဆက်လုပ်မလဲ"

"ကျွန်မ တစ်ဦးတစ်ယောက်ကိုရှာပြီး အကူအညီတောင်းမယ်လို့ စိတ်ကူးထားတာပဲ"

"မဖြစ်နိုင်တာဗျာ၊ သူတို့စခန်း ဘယ်မှာဆိုတာကော ခင်ဗျားကသိနေလို့လား"

"ဒါကြောင့် ကျွန်မအတွက်မှားသွားတယ်လို့ ထင်တာပေါ့၊ ကျွန်မ သူတို့စခန်းကို မသိဘူးလေ"

"ဖြစ်သင့်တာက ခင်ဗျားပါလိုက်သွားပြီး၊ ဟိုရောက်မှ အခြေအနေကြည့်ပြီး သားအဖနှစ်ယောက် တိုင်ပင်သင့်တယ်"

ပိုကျူက ခေါင်းညိတ်ဝန်ခံလိုက်သည်။

"ဟုတ်ပါတယ်၊ ကျွန်မစိတ်ကူး အတော်ကို လွဲသွားတယ်"

"အခုဆိုယင် ခင်ဗျားရဲ့အပြစ်ကပိုပြီး ကြီးမားနေပြီ"

မိန်းကလေးက ရယ်မောလိုက်သည်။

စွမ်းရီမင်းသည် မျက်မှောင်ကုပ်လိုက်ပြီး...

"ခင်ဗျားဘာရယ်နေတာလဲ"

"ကျွန်မသာ လိမ်ဆယ်ပြီးပြောမယ်ဆိုယင် အပြစ်မရှိနိုင်ပါဘူး"

"ဟင်...ဘာဖြစ်လို့"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ အပေါ့အပါးသွားတာကို အစောင့်က မတော်မ[illegible]ကြလို့ လက်လွှတ်သွားတဲ့အတွက် ကျွန်မကျွန်ရစ်ခဲ့ရတာပါလို့ ပြောယင်"

စွမ်းရီမှင်းသည် မိန်းကလေး၏ဖြတ်ထိုးဉာဏ်ကို စိတ်ထဲမှ ချီးကျူးမိလိုက်၏။

"ဒါကြောင့်မို့ မိန်းမတွေမှာ ကြောက်စရာကောင်းတဲ့ လက်နက်ရှိတယ်လို့ ကျုပ်ပြောတာပေါ့"

စွမ်းရီမင်းက ထိုမျှသာပြောသည်။

♣ ♣ ♣

BURMESE CLASSIC .com



အခန်း(၇)

## လွတ်လပ်သောနယ်မြေ

စွမ်းရီမင်းသည် စောစောကသေဆုံးနေသော ဝက်ကြီးအား ကျောက်တုံးအောက်သို့ ဆွဲယူလာပြီး စိုက်ဝင်နေသောဓားနှစ်ချောင်းကိုဆွဲထုတ်လိုက်သည်။

ထို့နောက် သူသည်ဓားကိုသန့်စင်လိုက်ပြီး ဝိုကျူ၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ဒီဓားမျိုးတွေ ခင်ဗျားမှာ ဘယ်နှစ်ချောင်းတောင်ရှိနေသလဲ၊ ခင်ဗျားကိုစော်ကားမဲ့လူတွေတော့ မလွယ်ဘူး"

"သိပ်မများပါဘူး၊ ကျွန်မခန္ဓာကိုယ်အနှံ့ပဲရှိပါတော့"

စွမ်းရီမင်းသည် ပခုံးကိုတချက် တွန့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကိုတော့ ကျုပ်တောင် ကြောက်လာပြီ"

"အဲဒီလို မခနဲ့ပါနဲ့ရှင်၊ ကျွန်မက ဒုက္ခိတပါ"

"ဒါကြောင့်မို့ ပိုကြောက်တာပေါ့"

"ဘာဖြစ်လို့လဲရှင်"

စွမ်းရီမင်းသည် ရေဗူးအား လက်နှင့်တောက်လိုက်ပြီး...

"ဟောဒီရေဗူးရှင်ကို သွားသတိရလို့ပါ"

ပိုကျူသည် အနည်းငယ် ပြုံးလိုက်ပြီး...

"မလွဲသာလို့သာ သတ်လိုက်မိပေမယ့်၊ ကျွန်မ စိတ်မကောင်းပါဘူး"

"ခင်ဗျား မလွန်ပါဘူးလေ"

"ဒါကြောင့် ရှင်လာတော့ ကျွန်မပုန်းပြီး အကဲခတ် နားထောင်နေတာ၊ ကျွန်မကို လိုက်ရှာတဲ့ ရန်သူအဖွဲ့ကလားလို့ပါ"

ပိုကျူက နက်မှောင်သော မျက်ခုံးကလေးနှစ်ဖက်ကို အပေါ်သို့ ပင့်တင်ရင်း...

"ဒါကတော့ ရှင်းပါတယ်၊ ကျွန်မအထင် ပြောရရင် သူတို့ဟာ ကျွန်မကို လိုက်ရှာမယ်ဆိုရင် တယောက်တည်းတော့ လာမှာမဟုတ်ဘူး၊ အဖွဲ့နဲ့လာမှာ၊ နောက်ဆုံး အနည်းဆုံး နှစ်ယောက်တော့ လာမှာ..."

"အင်း... ဖြစ်နိုင်ပါတယ်"

"ဒုတိယအချက်ကတော့၊ ကျွန်မကို လိုက်ရှာတဲ့ ရန်သူဟာ မီးဖိုကိုတွေ့တာနဲ့ ရှင့်လို အေးအေးဆေးဆေး အဝတ်တွေကို ချွတ်ပြီး မီးကင်နေမှာ မဟုတ်ဘူး၊ နောက်ပြီး သူတို့ဟာ ငတ်ပြတ်နေတဲ့လူလည်း မဟုတ်တော့၊ ပထမဆုံး ဒီအသားကိုလည်းကင်မှာ မ



ဟုတ်သေးဘူး၊ ကျွန်မကို ဒီနေရာတဝိုက်အနှံ့ လိုက်ရှာမှာ အမှန်ပဲ"

"အင်း... ခင်ဗျားရဲ့ တွေးတောချက်တွေဟာ သဘာဝကျပါတယ်"

"ကျွန်မ သိချင်တာ တစ်ခုပဲ ရှိတယ်"

"ဘာလဲ"

"ရှင်... ဘယ်သူလဲဆိုတာပဲ"

စွမ်းရီမင်းသည် အတန်ကြာအောင် တိတ်ဆိတ်နေပြီးမှ...

"ကျုပ်အကြောင်း ခင်ဗျားမသိချင်ပါနဲ့ဗျာ"

"ဘာဖြစ်လို့လဲရှင်"

"တခုမှ မကောင်းလို့ပေါ့"

သည်တခါ ပါးစပ်ပိတ်သွားသူမှာ ပိုကျူ ဖြစ်လေ၏။

သူမသည် အရာန်ကြာအောင် တိတ်ဆိတ်စွာ နားစွင့်နေယင်း...

"ရှင်... ဝက်ဖျက်နေတာလား"

"ဟုတ်တယ်"

"ကျွန်မ ဘာကူညီလုပ်ပေးရမလဲ"

"ရပါတယ်... ဒီသားရေတွေ ခွာလိုက်ရင် ကိစ္စက ပြီးသွားတာပဲ"

ပိုကျူသည် ဘာမှထပ်မမေးတော့ဘဲ စွမ်းရီမင်း လုပ်ကိုင်နေသည့်အသံဗလံများကိုသာ နားစွင့်ရင်း ငြိမ်သက်နေလေတော့၏။

ခဏကြာသောအခါ သူမကလည်း ထင်းတုံးများကို စမ်းသပ်ကာ မီးဖိုအတွင်းသို့ ထိုးထည့်ပေးလိုက်လေသည်။

မကြာမီမှာပင်...

www.burmeseclassic.com

www.burmeseclassic.com



ထိန်လင်းနေသော မီးညွန့်များနှင့်အတူ မီးခဲများက ရဲရဲတောက်နေလေသည်။

မီးခဲများက ရဲရဲတောက်နေသည်။

စွမ်းရီမင်းသည် တုတ်နှင့် ထိုးထားသော ဝက်သားများကို လှည့်၍ လှည့်၍ ကင်နေသည်။

ပိုကျူက အနီးတွင်ထိုင်လျက် စွမ်းရီမင်း လှုပ်ရှားသမျှ တွေ့မြင်နေရသည့်အလား ခပ်ငူငူကလေး ကြည့်ရှုနေသည်။

စွမ်းရီမင်းက သူမအား အကဲခတ်သလိုကြည့်ရင်း...

"ခင်ဗျား အိပ်ရေးတွေ ပျက်နေရောပေါ့၊ လှဲအိပ်လိုက်ပါလား"

"ကျွန်မ ရှင်နဲ့ မတွေ့ခင် တနေ့လုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပြီးပြီရှင့်"

စွမ်းရီမင်းသည် သူမအား မျက်မှောင်ကုပ်၍ ကြည့်လိုက်သည်။

"ဘာလဲ... ခင်ဗျား... ကျုပ်ကို စိတ်မချလို့လား"

"ရှင့်ကို... ကျွန်မ အကြွင်းမဲ့ ယုံပြီးသားပါ"

"ဒါဖြင့်လည်း အိပ်လေ"

"အိပ်လို့ပျော်မှာ မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ"

"ရှင့်အကြောင်း သိချင်လို့"

"ဘာသိချင်တာလဲ"

"ကျွန်မ ဒီနေရာကို ရောက်နေရတဲ့အကြောင်း ရှင်သိပြီးပြီ မဟုတ်လား"



"အင်း..."

"ရှင်ရောက်လာရတာကကော"

စွမ်းရီမင်းသည် သက်ပြင်းရှည်ကြီးတချက်ကို ချလိုက်သည်။

"ကျုပ်ပြောပါပြီကော... ကျုပ်ဟာ လူကောင်းတယောက် မဟုတ်ပါဘူးလို့"

"ဒါပေမယ့်... ရှင်လူဆိုးတယောက်တော့ မဖြစ်နိုင်ဘူး"

"ဒါက ခင်ဗျားဟာခင်ဗျား ထင်ချင်သလိုထင်ပေါ့"

"ပြောပြပါလား"

စွမ်းရီမင်းသည် ဝက်သားကို ဟိုဘက်သည်ဘက် လှည့်ကင်ရင်းမှ သက်ပြင်းတချက်ကို ခပ်ပြင်းပြင်းချလိုက်သည်။

ပိုကျူသည် သူနှင့်ပတ်သက်သောအကြောင်းကို အလွန်အမင်း သိချင်နေပုံရသည်။

မပြောပြန်လျှင်လည်း အခွင့်သင့်သလို မေးမြန်းနေမည်ကို တွေးမိသွားသည်။

သူက ပိုကျူကို တချက် စိုက်ကြည့်လိုက်သည်။

ပိုကျူသည် နှုတ်ပိတ်နေသော်လည်း သူ့ထံမှ ထွက်ပေါ်လာမည့် စကားလုံးများကို ငံ့လင့်နေဟန်ရှိသည်။

ထို့ကြောင့်သူက...

"ခင်ဗျား ကျုပ်အကြောင်း သိပ်သိချင်နေတယ်ဆိုယင်တော့ ကျုပ်ပြောပြပါ့မယ်"

ပိုကျူက ကျေနပ်စွာ တချက်ပြုံးလိုက်ပြီး ခေါင်းညိတ်ပြသည်။

စွမ်းရီမင်းက သူမည်သည့်အတွက် ဤနေရာသို့ ရောက်ရှိလာခဲ့ကြောင်း အစမှအဆုံးတိုင် ပြောပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုကျူသည် တလုံးတပါဒမှ ဝင်ရောက်မေးမြန်းခြင်း မပြု ဘဲ စွမ်းရှိမင်းပြောသမျှကို အာရုံစိုက်၍ နားထောင်နေသည်။

စွမ်းရှိမင်း၏စကား ဆုံးသွားသောအခါ သူမ၏မျက်နှာတွင် အံ့သြသော အမူအရာများ တွေ့လိုက်ရလေသည်။

"ဒါဖြင့်... ရှင်ဟာ စွန့်ရဲဘွဲ့ရထားတဲ့ စွမ်းရှိမင်းပေါ့ ဟုတ်လား"

"ဟုတ်တယ်... ကျုပ်ကို ခင်ဗျား သိလို့လား"

"၂-နှစ် ၃-နှစ်အတွင်းမှာ ကျော်ကြားခဲ့တဲ့ လူတယောက်ပဲ ရှင်၊ ဘယ်မကြားမိဘဲနေပါ့မလဲ"

"ဟ... ဒါဆို ကျုပ်နာမည်က အတော်ကြီးနေတာပဲ"

"ခုဆို ရှင့်နာမည် ပိုတောင်ကြီးသွားပြီပေါ့"

"အင်း... နာမည်ကောင်းနဲ့ကြီးတာ မဟုတ်တော့၊ ကျုပ် ဝမ်းမသာပါဘူးဗျာ"

သူမက ခပ်ယဲ့ယဲ့ ပြုံးလိုက်ပြီး...

"ဒါပေမယ့်... ရှင်ဟာ သူခိုးဓားပြတဦး မဟုတ်ပါဘူးရှင်"

စွမ်းရှိမင်းက တချက်ရယ်မောလိုက်ကာ...

"ဒါပေမယ့်... ကျုပ်ကို သေဒဏ်ကလွဲပြီး တခြားပြစ်ဒဏ် လျှော့ပေါ့မှာတော့ မဟုတ်ပါဘူး"

"ဒါဖြင့်... ရှင်က ဘယ်ကိုသွားမလို့ စိတ်ကူးပြီး ထွက်လာခဲ့ တာလဲ"

"ခင်ဗျား ဥပဒေမဲ့နယ်မြေဆိုတာ ကြားဖူးသလား"

သူမက ခေါင်းညိတ်ပြလိုက်သည်။

"ကြားဖူးရုံတင်မကဘူး၊ ကျွန်မ အခုသွားချင်နေတာ အဲဒီ



ဒိုပဲရှင့်"

စွမ်းရှိမင်းက အံ့သြသလိုဖြင့် သူမမျက်နှာကို လှမ်းကြည့် လိုက်လေသည်။

"ဘာ... ခင်ဗျား အဲဒီကိုသွားမှာ ဟုတ်လား"

ပိုကျူက ခေါင်းညိတ်ပြီး လေသံပြတ်ဖြင့် ပြန်ပြောသည်။

"ဟုတ်တယ်"

"ဘာကိစ္စ..."

"ကြယ်သုံးလုံးဒုစရိုက်အဖွဲ့ဟာ ဥပဒေမဲ့နယ်မြေကဆိုတာ သိနေလို့ပါပဲ"

စွမ်းရှိမင်းသည် အံ့အားသင့်စွာဖြင့် သူမအား ငေး၍ ကြည့် မိသည်။

"ခင်ဗျားပြောတာ အမှန်ပဲလား"

ပိုကျူက ရှင်းပြပြန်သည်။

"ဒီနယ်မြေ အကြောင်းကို ကျွန်မသိုင်းပညာ သင်ကြားစဉ် ကတည်းက ကျွန်မဆရာဘုန်းတော်ကြီးက ရှင်းပြထားလို့ သိနေတာ ပါ။ ပြီးတော့... အဲဒီနေရာသွားဖို့က အင်မတန် အမေးမြန်း အစစ် ဆေးထူတယ်လို့လည်း သိရတယ်"

စွမ်းရှိမင်းက မယုံကြည်နိုင်သော အမူအရာဖြင့်...

"ဒါနဲ့... အဲဒီနယ်မြေက ဥပဒေမဲ့နယ်မြေဆို၊ ဘယ်သူတွေ က ဘာကြောင့် စစ်ဆေးရတာလဲ၊ ဘယ်က အုပ်ချုပ်သူ ရောက်နေရ တာလဲ..."

ပိုကျူက သက်ပြင်းတချက်ချယင်း...

"ဟုတ်တယ် အဲဒီနယ်မြေဟာ ဥပဒေမဲ့နယ်မြေပဲ၊ ဒါပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် အုပ်ချုပ်တဲ့သူတော့ ရှိနေတယ်လေ၊ အုပ်ချုပ်တဲ့လူက သူ့နယ်မြေထဲမှာ နေမယ့်လူကို စစ်ဆေးပြီးမှ နေခွင့်ပြုတဲ့ သဘောပါပဲ"

စွမ်းရှီမင်းက စဉ်းစားဟန်ပြုပြီး...

"ဥပဒေမဲ့နယ်မြေကို အုပ်ချုပ်တဲ့လူက ဘယ်သူလဲ"

"ကျွန်မ ကြားဖူးတာကတော့၊ စနေဂြိုဟ်လို့ သိရပါတယ်"

စွမ်းရှီမင်းက ထောက်ခံလိုက်၏။

"အင်း... ဟုတ်နိုင်တယ်၊ ကျုပ်လည်း အဲဒီလိုတော့ ကြားမိတယ်၊ နောက်ပြီး ချန်အန်းမြို့က တပ်မှူးကြီးချူမားကို သတ်သွားတာလည်း သူကိုယ်တိုင်ပဲလို့ သိရတယ်"

"အဲဒီနယ်မြေမှာ စနေဂြိုဟ်ရဲ့ ဩဇာက အတော်ထက်တယ်လို့ သိရတယ်"

စွမ်းရှီမင်းက ခဏမျှ တိတ်ဆိတ်သွားပြီးမှ သူသိလိုသော အချက်ကို မေးမြန်းလိုက်ပြန်သည်။

"ဒါနဲ့... သူ့စည်းကမ်းချက်ဆိုတာက ဘာတွေလဲ"

ပိုကျူးကလည်း သူသိထားသမျှ တလုံးမကျန် ရှင်းပြလိုက်ပြန်သည်။

"အဲဒီနယ်မြေမှာနေတဲ့ လူတွေမှန်သမျှဟာ အားလုံး နာမည်ကျော်ကြားတဲ့ လူဆိုးတွေချည်းပဲ ဖြစ်ရမယ်"

"အင်း... နောက်တော့ကော"

"နောက်ပြီး... ဘုရင်မင်းပြစ် မင်းဒဏ်သင့်လို့ ထွက်ပြေးလာတဲ့သူတွေပဲ ဖြစ်ရမယ်လို့လဲဆိုတယ်"

"ဒါဖြင့်... လူကောင်းတွေ သွားလို့မရဘူးပေါ့ ဟုတ်လား"

"လူကောင်းတွေ သွားလို့မရဘူးဆိုတာထက်၊ လူကောင်း



တွေ မနေနိုင်ဘူးဆိုတာက ပိုမှန်မယ်"

"အင်း... ဖြစ်နိုင်ပါတယ်"

"ဘာလို့လဲဆိုတော့ အဲဒီမှာနေတဲ့ လူမှန်သမျှကို စနေဂြိုဟ်က လူသတ်ဆိုလည်း သွားသတ်ရတာပဲ၊ ဓားပြတိုက်ဆိုရင်လည်း သွားတိုက်ရတာပဲဆိုတော့ လူကောင်းတွေက ဘယ်နေနိုင်ပါ့မလဲ"

"ဒါနဲ့... လူတိုင်းကို အဝင်မခံဘူးဆိုတာကကော"

"လူတိုင်းကို ဘယ်အဝင်ခံပါ့မလဲ၊ အကယ်၍ မင်းမှုထမ်း အာဏာသားတွေ ဖြစ်နေရင် သူတို့ရဲ့ ကမ္ဘာလေးဟာ ပြိုကွဲသွားမယ် မဟုတ်လား"

စွမ်းရှီမင်းသည် အတန်ကြာအောင်ပင် ငေးမောစဉ်းစားနေပြီးမှ...

"အဲဒီလို သိတဲ့အခါကျတော့လဲ သတ်လိုက်လို့ မရဘူးလား"

"ရှင်ထင်တာက နောက်ကျနေသေးတယ်၊ သူတို့ သတ်ထားတဲ့လူတွေ ဘယ်လောက်များပြီဆိုတာ ရှင်ရောက်ရင် သိရပါလိမ့်မယ်"

စွမ်းရှီမင်းသည် ဘာတခွန်းမှ ထပ်မေးခြင်း မပြုတော့ပါ။

ကျောက်နံရံကို အသာမှီ၍ မျက်လုံးကို စုံမှိတ်ထားလိုက်လေသည်။

ပိုကျူးကလည်း လုံးဝအသံမထွက်လာတော့သဖြင့် သူသည် မကြာမီမှာပင် အိပ်ပျော်သွားတော့၏။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၈)

## ခွဲခွာခြင်း

မနေ့က မိုးကြီးလေကြီး ကျရောက်ထားသော်လည်း ယ[…] နေ့တွင်မူ နံနက်ခင်းစမှာပင် သာသာယာယာ ရှိနေသည်။

နံနက်ခင်းနေရောင်ခြည်သည် ကျောက်နံရံပေါ်သို့ ထိုးကျ[…] နေသည်။

လေပြည်လေညင်းကလေးက ခပ်ဖြူးဖြူးတိုက်ခတ်နေ[…]

ကျေးငှက်ကလေးများ ဟိုမှသည်မှ ပျံသန်းရင်း အစာ[…] ဖွေနေကြသည်။

တောပန်းတောင်ပန်းကလေးများသည် လှပသော နေ[…] ရောင်ခြည်အောက်တွင် ဗယ်ညာယိမ်းထိုး ဆော့ကစားနေကြ[…]



သာယာလှပသော သဘာဝနံနက်ခင်းပါပေတကား။

သို့သော် ဤမျှ သာယာသော နံနက်ခင်းကို ပိုကျူးတစ်ယောက် မြင်နိုင်စွမ်းမရှိပါ။

သူမအဖို့ အချိန်တိုင်းသည် အမှောင်ဖုံးလျက် ရှိနေပေ၏။

ပိုကျူးသည် မေးကနဲ အိပ်ပျော်သွားသည်ဟု ထင်ရသော်လည်း မည်မျှကြာသွားသည်ကို သတိမပြုမိတော့ပေ။

ဖြတ်ကနဲ နိုးလာသောအခါ သူ့ပတ်ဝန်းကျင်တွင် အသံများက လုံးဝတိတ်ဆိတ်နေသည်။

ကျေးငှက်ကလေးများ၏ တွန်ကျူးမြည်ကြွေးသံများကြောင့်သာ မိုးလင်းနေပြီဖြစ်ကြောင်း သူမ သိရှိရလေသည်။

ပိုကျူးသည် ထထိုင်ရင်းမှသူမ၏နားကို စွင့်လိုက်မိသည်။

ဘာဆိုဘာသံမျှ မကြားရပေ။

သူမသည် စွမ်းရီမင်း အိပ်များ ပျော်နေသလားဟူသော သဘောဖြင့် အသက်ရှူသံကို ဂရုစိုက်နားထောင်မိ၏။

မည်သည့်အသက်ရှူသံကိုမျှ မကြားရပေ။

တဖန် အခြားလှုပ်ရှားသံများကို နားစွင့်မိပြန်၏။

ဤတွင်လည်း မည်သည့်အသံကိုမျှ မကြားရပေ။

သေချာသွားပါပြီ။

စွမ်းရီမင်းသည် သူမ၏အနီးအနား၌ မရှိတော့သည်မှာ သေချာသွားပြီ ဖြစ်တော့၏။

စွမ်းရီမင်းသည် သူ့ကို စွန့်ခွာသွားခဲ့လေပြီလော။

ထိုသို့ တွေးမိသောအခါ သူမ၏ရင်ထဲတွင် ရုတ်ခြည်းဟာသွားသကဲ့သို့ ခံစားလိုက်ရလေသည်။

www.burmeseclassic.com



ပိုကျူသည် ဝမ်းနည်းမိသလိုလည်း ဖြစ်လာသည်။

ထို့ကြောင့်...

စိတ်ထဲမှပင် မျှသိပ်မထားနိုင်ဘဲ အနီးအနား ပတ်ဝန်းကျင် တဝိုက်တွင် ရှိလိုရှိငြား အော်ခေါ်လိုက်မိ၏။

"စွမ်းရီမင်း..."

ဘာသံမှ တုံ့ပြန်မှုမရှိ။

"စွမ်းရီမင်း..."

သူမ၏အသံက ပိုမိုကျယ်လောင်သွားသည်။

သို့သော် အချည်းနှီးပင်။

"စွမ်း...ရီ...မင်း"

ထိုနောက်ဆုံးတခွန်းကိုတော့ သူမက အသံကုန်ဟစ်လိုက်ခြင်းဖြစ်သည်။

သူမ၏အသံသည် သိသိသာသာပင် တုန်ယင်နေသည်ဟု ထင်ရသည်။

"သူ... သွားပါပြီ၊ သူ... ထွက်သွားပါပြီ"

ပိုကျူသည် ထိုကဲ့သို့ပင် ညည်းတွားလိုက်လေသည်။

"အို... ငါလို အကန်းမတယောက်ကို ဘယ်သူက ဂရုစိုက်နေမှာလဲ"

သူမသည် တပေါက်ချင်းကျလာသော မျက်ရည်ကို သုတ်လိုက်မိ၏။

ပြီးမှ သူမသည် အံတချက်ကြိတ်ကာ...

"ငါနဲ့ ဘာဆိုင်လို့လဲ၊ သူလည်း သူ့ဒုက္ခနဲ့သူ၊ ငါလည်း ငါ့ဒုက္ခနဲ့ငါ၊ ဘယ်သူ့ကို အားကိုးနေရမှာလဲ၊ ငါအသက်ရှင်နေသရွေ့



ငါကြိုးစားရမယ်၊ ရုန်းကန်ရမယ်"

သူမသည် ကိုယ့်ကိုယ်ကို အားပေးလိုက်၏။

သို့သော်လည်း...

သူမ၏ရင်ထဲတွင် ဟစ်တခုကို တောင့်တနေမိသကဲ့သို့ ဝမ်းနည်းပက်လက် ခံစားနေရလေသည်။

ပိုကျူသည် အချိန်အတော်ကြာသည်အထိ ငေးငိုင်နေပြီးနောက်...

"အို... ရေသွားခပ်တာများလား"

သူမသည် မီးဖိုနံဘေးသို့ လျှောက်သွား၏။

မီးအပူရှိန်က ရှိနေတုန်းပင်။

သူမသည် ထင်းတုံးအချို့ကို မီးဖိုအတွင်းသို့ ထိုးထည့်လိုက်ပြန်သည်။ ထို့နောက်...

စမ်းသပ်ရှာဖွေရာ ရေဖူးကလေးကို မီးဖိုနံဘေးတွင် တွေ့ရှိပြန်သဖြင့် သူမ၏ယာယီ မျှော်လင့်ချက်ကလေးသည် ပြိုကွဲသွားရပြန်၏။

သူမက ရေဖူးကို လှုပ်ကြည့်လိုက်ရာ အနည်းငယ် နွေးထွေးနေသော ရေနွေးများ ရှိနေသည်ကို တွေ့လိုက်ရသည်။

ပိုကျူသည် ရေဖူးကို ကောက်ယူလိုက်၏။

"သူပြန်လာရင် ပြန်လာမှာပါ၊ ငါရေသွားခပ်ပြီး ရေနွေးအိုးလေး တည်ထားပေးအုံးမှ"

သူမသည် ယင်းသို့ တွေးမိလိုက်ပြီး...

သူမ၏လက်စွဲတော် တောင်ဝှေးကို ယူ၍ တောင်ဝှေး၏အကူအညီကိုယူကာ စမ်းချောင်းရှိရာသို့ ဆင်းသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com


စမ်းချောင်းသို့သွားသော ခရီးမှာ ခက်ခဲသော်လည်း ပိုကျူ ဤကိစ္စကို ဆောင်ရွက်တတ်နေပါပြီ။

သူမ ရေခပ်ပြီး ကျောက်ထပ်ကြီးအောက်သို့ ပြန်ရောက်ခဲ့လေသည်။

ပိုကျူသည် ရေဖူးကလေးအား မီးဖိုပေါ်သို့ အသာအယာတင်ကာ မီးခဲကလေးများကို တုတ်နှင့် ဆွပေးလိုက်သည်။

ယင်းသို့ဆွပေးယင်းမှ...

"တောထဲတောင်ထဲမှာ ရေကျိုပြီးသောက်တာ အကောင်းဆုံးပဲဗျ"

ထိုစကားသံက သူမ၏နားထဲ၌ ပြန်လည်၍ ကြားယောင်မိပြန်သည်။

သူမသည် လက်ဖြင့် စမ်းသပ်ရင်းမှ စွမ်းရီမင်း တင်ထားခဲ့သော ဝက်သားကင်များကို စမ်းမိပြန်သည်။

ဝက်သားကင်များသည် ညက ကင်ထားခဲ့သည့် အတိုင်းပင် တခုမှမလျော့သေးသည်ကို စမ်းသပ်တွေ့ရှိပြန်သဖြင့် စိတ်ထဲ၌ တမျိုးဝမ်းသာသွားမိပြန်၏။

"အင်း... သူအပြီးအပိုင် ထွက်သွားတာဆိုရင် ဒီဝတ်သားကင် တချို့တဝက်ကိုတော့ ယူသွားအုံးမှာပဲ၊ သူထွက်သွားတာတော့ ဟုတ်ဟန် မတူပါဘူး"

သူမ၏စိတ်ထဲမှ တွေးနေမိပြန်၏။

ထိုကဲ့သို့ တွေးမိပြန်သောအခါ သူမ၏စိတ်သည် အလိုလိုပင် ပျော်ရွှင်သလို ဖြစ်လာပြန်သည်။

သို့သော် စွမ်းရီမင်းသည် မည်သည့်အတွက် ဤနေရာမှ ထွက်ခွာသွားသနည်း။

သူ့တွင် မည်သို့သော အကြောင်းများ ပေါ်ပေါက်နေသည်ကို စဉ်းစားမရအောင်ပင် ဖြစ်နေသည်။

ထိုအခါ သူမ၏ရင်မှာ မောသွားရပြန်သည်။

ယင်းအနိုက်မှာပင် ဆွဲဆွဲငင်ငင် သီဆိုလိုက်သော သီချင်းသံတသံသည် ခပ်ဝေးဝေးမှ ပျံ့လွင့်လာသည်။

ပိုကျူသည် သီချင်းသားကို အသေအချာ ဂရုစိုက်၍ နားထောင်နေမိသည်။

"မိန်းကလေးလှလှတွေ့ရင် အဝေးက ရှောင်ပါ
ကွယ်၊ မြွေပွေးသေးသေးလေးလို့ သွားမဖမ်းလေနဲ့ကွယ်၊
မိန်းမနဲ့မြွေပွေး မြွေပွေးနဲ့မိန်းမ ခွဲခြားမရပါတယ်"

ပိုကျူသည် ထိုသီချင်း၏စာသားကို ကြားရ၍ ရယ်မောချင်သော်လည်း မရယ်ဖြစ်ပါ။

စွမ်းရီမင်းသည် ထိုသီချင်းအား ဆွဲဆွဲငင်ငင် သီဆိုနေသည်မှာ ခံစားချက်က အပြည့်ပါနေသည်မို့ သနားစရာပင် ကောင်းနေတော့သည်။

"မြွေပွေးနှင့်မိန်းမ... မိန်းမနှင့်မြွေပွေး"

သူသည် မိန်းမများကို အဆိပ်ပြင်းလှသော မြွေပွေးနှင့် နှိုင်းယှဉ်၍ ဆိုပြနေခြင်း ဖြစ်လေသည်။

မည်ကဲ့သို့သော မိန်းကလေးသည် သူ၏အသည်းကို ခွဲလိုက်ပါလိမ့်။

www.burmeseclassic.com

www.burmeseclassic.com



ပိုကျူကတွေးယင်း စွမ်းရီမင်း၏အဖြစ်ကို သနားသလို ဖြစ်လာမိသည်။

စွမ်းရီမင်းသည် သူ၏သီချင်းအား နားထောင်၍ ကောင်းသည် မကောင်းသည်ကို ဂရုမစိုက်ပေ။

ကာရံဝါကျညီသည် မညီသည်ကို ဂရုမစိုက်။

သူ၏အသံဝါကြီးဖြင့် တအားသာဖိ၍ ဆိုနေတော့သည်။

"မိန်းကလေးလှလှ တွေ့ရင် ဝေးဝေးရှောင်ပါကွယ်"

သူ၏အသံသည် ပိုကျူနှင့် တဖြည်းဖြည်း နီးကပ်လာ၏။

"မြွေပွေးသေးသေးလေးမို့ သွားမဖမ်းလေနဲ့ကွယ်"

ပိုကျူသည် စွမ်းရီမင်း လျှောက်လာရာဘက်သို့ မျက်နှာမူကာ စိတ်ဝင်စားစွာဖြင့် နားထောင်နေသည်။

"မိန်းမ...မြွေပွေး... မြွေပွေး...မိန်းမ ခွဲခြားမရပါတယ်"

သူသည် နောက်ဆုံးအပိုင်းကို ဆိုရင်းမှ ကျောက်တုံးကြီး၏ အောက်သို့ လှမ်းဝင်လာသည်။

သူမသည် စောစောက စွမ်းရီမင်းအား ရှာမတွေ့၍ ညည်းညူမိသော စိတ်များကို ရင်၌ သိုဝှက်ထားလိုက်ပြီး...

"ရှင်... မနက်အစောကြီး ဘယ်ထွက်သွားတာလဲဟင်..."

စွမ်းရီမင်းက သူမအား မျက်မှောင်ကုပ်၍ ကြည့်လိုက်၏။

"ကျုပ်... ဘယ်သွားတယ်လို့ ခင်ဗျားထင်သလဲ"

"အို... ကျွန်မ ဘယ်သိမှာလဲရှင့်"

"ဟောဒီမှာ တွေ့လား ခင်ဗျားရဲ့ ကျေးဇူးကြောင့်"

စွမ်းရီမင်းသည် ပါးစပ်မှ ပြောရင်း လက်ထဲမှ ရေဘူးကြီး တခုကို မြှောက်ပြလိုက်သည်။



"အို... ကျွန်မက ဘယ်မြင်ပါ့မလဲရှင့်"

ထိုအခါမှ စွမ်းရီမင်းမှာ ပြုံးမိလိုက်ပြီး...

"ဟုတ်သားပဲဗျာ၊ ကျုပ်ကလဲ ပြချင်ဇောကများလိုက်တာ အရက်ဘူးပြတာဗျ. အရက်ဘူး"

ပိုကျူက မျက်မှောင်ကလေး ကုပ်လိုက်မိသည်။

"အရက်ဘူး ဟုတ်လား"

"ဟုတ်တယ်၊ ခင်ဗျားကောင်းမှုကြောင့် ငရဲပြည်ကိုအလည် သွားနေတဲ့လူဆီကလေ အရက်အပြည့်နဲ့ဘူးတစ်ဘူး သူ့ဆီကရခဲ့ တယ်ဗျ"

"ဟင်...ရှင်...သူ့အသောင်းကို တွေ့ခဲ့တယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ်...ဒါပေမယ့်၊ သူ့ရဲ့ကိုယ်တပိုင်းက မရှိတော့ ပါဘူး"

"အို.."

"ဟုတ်တယ်...ကျားစားသွားတာ ဖြစ်မှာပေါ့"

ပိုကျူသည် ကြက်သီးထသွားသလို ပခုံးကလေးတချက် တွန့်သွားမိသည်။

"ရှင်က အရက်ကြိုက်တယ် ဟုတ်လား"

"ဆိုပါတော့...ဒါပေမယ့်"

"ဒါပေမယ့်...ဘာဖြစ်သလဲ ဆက်ပါအုံး"

"အရက်သောက်ရတဲ့အချိန်ဟာ ကျုပ်အဖို့ နည်းနည်းပျော် သလိုပဲဗျ"

သူမက ဘာမှဆက်မမေးတော့ပါ။

သူသည် ရင်ထဲမှနာကျည်းချက်အား အရက်နှင့်ဖြေ

www.burmeseclassic.com

www.burmeseclassic.com



ဖျောက်နေမှန်း ပိုကျူကု ရိပ်စားမိလိုက်သည်။

ယခုလည်း စွမ်းရီမင်းသည် အရက်အနည်းငယ် မူးလာပုံရလေသည်။

ထိုအခါ သူသည် အနည်းငယ်ပျော်ရွှင်လာသလို အာသွက်လာပုံလည်း ရပေသည်။

"ဒါထက်...ကျုပ်တို့ ဘယ်လိုဆက်ပြီး စခန်းသွားရမှာလဲဗျ"

စွမ်းရီမင်းသည် မီးဖိုနံဘေးတွင် ထိုင်ကာ ဝက်သားကင်များကို ဖဲ့၍စားယင်းမှ မေးလိုက်လေသည်။

ထို့နောက်...

သူသည် မီးဖိုပေါ်မှ ရေနွေးထည့်ထားသောဖူးကို ကြည့်ကာ...

"အို...ခင်ဗျားက ရေတွေဘာတွေခပ်ပြီး ရေနွေးအိုးတည်လို့ပါလား"

"ရှင်ပြန်လာယင် သောက်ဖို့လေ"

စွမ်းရီမင်းသည် သူမ၏မျက်နှာကို ဖြတ်ကနဲမော့ကြည့်လိုက်လေသည်။

သူမ၏စေတနာကို အမှတ်မထင် သိလိုက်မိသည်။

ကြည်လင်ပြီး လှပကျော့ရှင်းသော မျက်နှာကလေးသည် သူ့အာက်ငူငူကလေး ကြည့်နေပေသည်။

စွမ်းရီမင်း၏ စိတ်ထဲတွင် မလုံမလဲဖြစ်သွားသည်။

သူမသည် မျက်လုံးမမြင်ဟုဆိုသော်လည်း သူ့အားကြည့်နေသည်ဟု ခံစားရပေသည်။



"ရှင်...အဲဒီကို ရောက်အောင်သွားမယ်ဆို"

"အင်းလေ...ကျုပ်ကတော့ သွားရမှာပဲ၊ ဒီမှာနေယင် ကျုပ်အသက်ရှည်မှာ မဟုတ်ဘူး"

"ကျွန်မလဲ လိုက်မှာပေါ့"

စွမ်းရီမင်းမှာ တချက်တုန်ခါသွားတော့သည်။

"ဟာ...ဘယ်ဖြစ်မလဲ"

"ဘာဖြစ်လို့လဲ"

"ကျုပ်က ဝရမ်းပြေးမို့ သူတို့က လက်ခံယင်ခံမယ်"

"ကျွန်မကိုကော"

"ခင်ဗျားကို သူတို့ဘယ်လက်ခံပါ့မလဲ၊ လက်မခံတဲ့အပြင် ကျုပ်ကိုပါ တမျိုးတမည်ထင်အုံးမှာပဲ"

"ဘယ်လိုထင်မလဲ"

"ခင်ဗျားက အကူအညီခေါ်လာတယ်လို့ ထင်မှာပေါ့"

"အခုလောက်ဆိုယင် ရှင့်အကြောင်းနဲ့ ရှင့်သတင်းကိုလဲ သူတို့ကြားပြီးနေပါပြီရှင်"

"ဒါပေမယ့် ခင်ဗျားနဲ့အတူလာတယ်ဆိုတော့ သူတို့ကယုံမလား"

"ဒါဖြင့် ရှင်က ကျွန်မကို ခေါ်မသွားချင်ဘူးပေါ့"

"ဟုတ်တယ်"

သူမ၏မျက်နှာသည် သိသိသာသာ ညှိုးငယ်သွားသည်ကို စွမ်းရီမင်းက သတိပြုမိလိုက်လေသည်။

သူသည် သက်ပြင်းတချက်ကို မသိမသာချိုးချယ်မှ...

"နောက်တချက်ကတော့ ကျုပ်မိန်းမတွေနဲ့ ခရီးအတူမ

www.burmeseclassic.com



သွားချင်ဘူးဗျာ"

"ကောင်းပြီလေ ဒါဆိုလဲ ကျွန်မဘာတတ်နိုင်မှာလဲ"

ကောင်းကင်တခုလုံးသည် သာသာယာယာရှိပြီး မိုးသားများက ကင်းရှင်းနေပေသည်။

စွမ်းရှိမင်းသည် အနည်းငယ်ထပ်မံသောက်၍ ကျန်သောအရက်များကို အဆို့ပိတ်ကာ ထိုဗူးအား ခါးတွင်ချိတ်လိုက်၏။

ထို့နောက် သူသည် ဝက်သားကင်များကို ဝမ်းဗိုက်ထဲသို့အတော်များများ အပြည့်ထည့်ပြီးသောအခါ ပိုသောဝက်သားကင်များကို လုံခြုံစွာ ထုပ်သိမ်းနေသည်။

ကျန်သောတဝက်ကို ပိုကျူအနီးသို့ ချပေးလိုက်၏။

"ရော့ ဒါတွေကို ခင်ဗျားယူထား အနည်းဆုံးတော့ ဆယ်ရက်လောက် စားလို့ရတယ်"

ပိုကျူက မလှုပ်မယှက်ထိုင်နေ၏။

ဘာတခွန်းမှလည်း ပြန်မပြောမိပေ။

သူမတွင် ပြန်ပြောနိုင်သော ခွန်အားလည်း မရှိတော့ပေ။

တကယ်ဆိုပါက စွမ်းရှိမင်းအား သူမအနေနှင့် တားပိုင်ခွင့်မရှိသည်ကိုလည်း သိရှိထားပြီး မဟုတ်ပါလား။

အမှန်တော့လည်း သူမကဲ့သို့ မျက်မမြင်တစ်ယောက်ကိုဘယ်သူကမှ ဒုက္ခခံပြီး စောင့်ရှောက်ခေါ်ငင်သွားမည် မဟုတ်ပေ။

သူ့အကြောင်းနှင့်သူသာ ရှိပါစေတော့ဟု သူမက ဆုံးဖြတ်ချက်ချထားလိုက်မိတော့သည်။

"ကဲ...ကျုပ်သွားမယ်၊ ကံမကုန်သေးယင်တော့ တနေ့တချိန် ပြန်တွေ့ကောင်းပါရဲ့ဗျာ"



သူမက ပြုံးရွှင်စွာပင် ခေါင်းညိတ်ပြလိုက်၏။

"ကောင်းပါပြီရှင်၊ ရှင့်ရဲ့ဘဝတလျှောက် အဆင်ပြေပါစေလို့ ကျွန်မဆုတောင်းပေးပါတယ်"

စွမ်းရှိမင်းသည် သူမအား ခပ်ငိုင်ငိုင်ကလေး တွေ၍ကြည့်မိပြန်သည်။ ထို့နောက်...

ဆုံးဖြတ်ချက်တခုကို အခိုင်အမာချကာ ပိုကျူအနားမှ လျှင်မြန်စွာ ထွက်ခွာသွားလေတော့သည်။

♣ ♣ ♣

အခန်း(၉)

## အသီထူး

ပိုကျူသည် သူ့အနားၛ စွမ်းရှိမင်းမရှိတော့သည်ကို သတိပြုမိသွားကာ ရင်ထဲတွင် လစ်ဟာသွားမိသည်။

သို့ရာတွင် သူမဘာများ တတ်နိုင်ပါမည်နည်း။

စွမ်းရှိမင်းသည် သူမအား ကူညီ၍ ခေါ်ဆောင်သွားပါဟု

www.burmeseclassic.com

www.burmeseclassic.com



အသနားခံလျှင်ပင် ရမည့် လူစားမျိုး မဟုတ်သည်ကို ပိုကျူသိသည်

သူမပါးစပ်ကလည်း ယင်းကဲ့သို့ စကားမျိုးကို ပြော၍ထွက် မည် မဟုတ်ပါပေ။ ထို့ကြောင့်...

သူမသည် စွမ်းရီမင်း စိတ်အနှောင့်အယှက်ကင်းစေရန် ပြုံး ရွှင်စွာပင် နှုတ်ဆက်လိုက်ခြင်း ဖြစ်ပေသည်။

ယင်းကဲ့သို့ နှုတ်ဆက်လိုက်ရသော်လည်း သူမ၏ရင်ထ တွင် အမည်မဖော်ပြတတ်သော ခံစားချက်များ ခံစားလိုက်ရလေ သည်။

စွမ်းရီမင်း၏ ခြေသံများက တဖြည်းဖြည်း ဝေးသွားရာ နောက်ဆုံးပျောက်ကွယ်သွားတော့သည်။

အချိန်မည်မျှ ကြာသွားမှန်းမသိအောင်ပင် ပိုကျူသည် ငို ၍နေမိသည်။

ထို့နောက်တော့....

သူမ၏စိတ်သည် ဆက်လက်ထိန်းသိမ်းနိုင်စွမ်း မရှိတော့ ဝမ်းနည်းပက်လက်ဖြင့် ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိလေတော့ သည်။

ငိုကြွေးနေယင်းမှလည်း နာကျည်းစိတ်တို့သည် သူမ၏ရင် ၌ပေါ်ပေါက်လာပြန်သည်။

စွမ်းရီမင်းသည် နာမည်ကောင်းနှင့် ကျော်ကြားနေသော သိုင်းသမားတစ်ဦးဖြစ်ကြောင်း သူမသိထားရသည်။

ဤမျှ နာမည်ကောင်းခဲ့သော သိုင်းသမားတစ်ဦးသည် စိတ်ထားဖြူစင်လိမ့်မည်၊ ကြင်နာသနားစိတ် ရှိလိမ့်မည်ဟု အမှ ပင်တွေးတောခဲ့မိသည်။



ယခု လက်တွေ့ကျမှ အကြင်နာတရားမဲ့လှသော စွမ်းရီမင်း ကို သူမစိတ်ထဲမှ နာကျည်းချင်သလို ဖြစ်လာတော့သည်။

ထိုသူသည် တောထဲတောင်ထဲ၌ တစ်ယောက်တည်းဒုက္ခ ရောက်နေသော ဒုက္ခိတမိန်းကလေးတစ်ဦးအား ပစ်ပစ်ခါခါ ထား ရက်သည်မှာ ကြင်နာမှုနှလုံးသား မရှိသော လူတစ်ယောက်သာ လျှင်ဖြစ်ရပေမည်။

ထို့ကြောင့် စိတ်ထဲမှ ရေရွတ်မိသည်။

"အလကားလူ၊ ဒုက္ခရောက်နေတဲ့ မိန်းကလေးတစ်ဦးကို ကူညီစောင့်ရှောက်ရမှန်း မသိတဲ့လူစားမျိုး၊ ဒါကြောင့်မို့လည်း လူ ကောင်းတစ်ယောက်ကနေပြီး လူဆိုးဖြစ်လာရတာပဲ"

တဖန် သူမသည် ကြာရှည်စွာ စိတ်မဆိုးအားပါ။

"သြော်...သူ့မှာလဲ ဘယ်လိုမိန်းကလေးမျိုးနဲ့များ ပတ် သက်လာလို့ မိန်းမတွေကို စိတ်နာနေရတာလဲမှမသိတာ"

ထိုကဲ့သို့လည်း ပြန်၍ စဉ်းစားမိပြန်သည်။

ပိုကျူသည် တောင်စဉ်ရေမရ တွေးတောစဉ်းစားယင်းမှ နောက်ဆုံးတွင် မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ယင်း ဝမ်းနည်း ပက်လက် ရှိုက်၍ငိုကြွေးနေသည်။

ထိုစဉ် ရုတ်တရက်...

"အင်း...ကျူပ်မှားသွားတယ်"

ထိုအသံသည် သူမ၏အနားမှ ရုတ်တရက် ထွက်ပေါ်လာ သဖြင့် ပိုကျူသည် လန့်ဖျပ်အံ့သြသွားတော့သည်။

သူမ၏ အကင်းပါးလှသော နားကိုပင် သူမမယုံကြည်သလို ခံစားလိုက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ရှင်..ရှင်..ထွက်သွားပြီ မဟုတ်လား"

"ခင်ဗျား ကျုပ်ထွက်သွားပြီလို့ ထင်နေလို့လား"

"ရှင်ထွက်သွားတဲ့ခြေသံကို ကျွန်မကြားနေရတာပဲ"

"ပြန်လာတဲ့ခြေသံကိုတော့ ခင်ဗျား မကြားဘူးပေါ့ ဟုတ်လား"

ပိုကျူသည် အမှန်ပင် စွမ်းရီမင်းအား အံ့သြသွားမိသည်။

"ရှင်ကိုယ်ဖော့ပြီး လမ်းလျှောက်နိုင်တဲ့ ပညာလဲမဆိုးပါ ဘူး"

"ဒါပေမယ့်…ကျိတ်ပြီးငိုတတ်တဲ့ ပညာမျိုးတော့ ကျုပ်မ တတ်တာ အမှန်ပဲဗျ"

ပိုကျူ၏မျက်နှာကလေးသည် ရဲကနဲဖြစ်သွားသည်။

သူမသည် ရှက်မိသွား၏။

"ရှင်…ကျွန်မကို အဲဒီလိုမခနဲ့ပါနဲ့"

"ရှက်စရာ မဟုတ်ပါဘူးဗျာ၊ ကျုပ်ကသာ ခင်ဗျားနေရာမှာ နေရယင်လဲ အခုလိုပဲ ဝမ်းနည်းမိမှာပဲ"

"ဒါဖြင့်…ရှင်အခု ကျွန်မကိုပြန်ခေါ်တာလား"

"ကျုပ်စောစောကတည်းက ခေါ်သွားသင့်တာပါ"

♣ ♣ ♣

တောင်တက်လမ်းသည် ကြမ်းတမ်းလှသည်ဟု ဆိုရသော် လည်း လူသွားလမ်းကရှိနေသဖြင့် သိပ်ပြီးအခက်အခဲ မတွေ့လှပေ

စွမ်းရီမင်းသည် ချောင်းကူးမြောင်းကူးနှင့်အခြားအခက်



အခဲလေးများ တွေ့သည့်အခါတိုင်း ပိုကျူကိုစောင့်ဆိုင်းယင်း လက်ကို ကိုင်ကာ ကူညီဖေးမတွဲခေါ်ပေးသည်။

ထိုအခါ ပိုကျူ၏ရင်ထဲ၌ နွေးကနဲခံစားလိုက်ရသည်။

"သြော်…ငါထင်ထားသလို မဟုတ်ရှာပါလား၊ သူ့မှာဒီလို အကြင်နာကလေးတွေလဲ ရှိနေသားပဲ၊ သူဟာ တကယ်တမ်းကြမ်း တမ်းတဲ့လူ မဟုတ်ပါဘူး၊ အတွေ့အကြုံဆိုးတခု ကြုံလို့ ဘဝပြောင်း သွားရတာနေမှာပါ"

သူမ၏စိတ်ထဲမှ ပြန်တွေးမိပြီး သူမအနေနှင့်အထင်အမြင် ‌လွဲမှားမိသည်ကိုပင် စိတ်မကောင်း ပြန်လည်ဖြစ်မိပြန်သည်။

စွမ်းရီမင်းသည် ပိုကျူအား အတော်ပင် အံ့သြမိသည်။

သူမသည် သူ့ရှေ့ကသွားနိုင်သလောက်ကို နောက်မှနေ အမီလိုက်နိုင်သည်။

သူ၏ခြေသံကို နားစွင့်၍ လိုက်သည်ဟု သူမကပြော၏။

သို့သော် အခက်အခဲမရှိဘဲ ဤကဲ့သို့မြန်မြန်ဆန်ဆန်လိုက် နိုင်လိမ့်မည်မဟုတ်ဟု သူကထင်ထားသည်။

ယခုတော့ သူ၏အထင်နှင့်အမြင်မှာ တခြားစီဖြစ်နေပေ၏။

သူမအား ချောင်းကူးမြောင်းကူးနှင့် လှမ်းခုန်ရသည့်နေရာ အချို့မှတပါး ကျန်သောခရီးလမ်းကို လူကောင်းတစ်ယောက်ပမာ သွားနိုင်သည်မှာ အံ့သြဖွယ်ပင် ကောင်းနေတော့သည်။

"ပိုကျူ"

"ရှင်"

"ခင်ဗျား မျက်စိမမြင်တာ အမှန်ပဲနော်"

ပိုကျူက အသံသွက်အောင် ရယ်မောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ရှင့်အဝတ်တွေ မီးကင်တုန်းက မြင်တယ်ထင်လို့လား"

"ဟာ...ခက်ကော့တာပါပဲ၊ အဲဒါကိုမေးတာ မဟုတ်ပါဘူးဗျာ"

ပိုကျူက တခစ်ခစ်ရယ်ယင်းမှ...

"ကျွန်မ တောက်ပတဲ့နေရောင်ကိုတောင် ရေးရေးကလေး မမြင်ရပါဘူးရှင်ရယ်"

သို့သော် သူမ၏အသံက နွမ်းလျလှ၏။

စွမ်းရှိမင်းသည် သူမ၏တုံ့ပြန်မှုကြောင့် ကရုဏာသက်သွားမိသည်။

"ကျုပ် ခုလိုမေးလို့ ဘယ်လိုမှမထင်ပါနဲ့၊ မသိတဲ့လူဆိုယင် ကျုပ်နောက်ကလိုက်နေတဲ့ ခင်ဗျားကို လူကောင်းတစ်ယောက်လို့ ထင်မိမှာပဲ၊ ခင်ဗျား အတော်လိုက်နိုင်တာပဲ"

"အလေ့အကျင့်ပေါ့ရှင်၊ ရှင့်ခြေသံဟာ မြေမာကိုနင်းလိုက်သလား၊ မြေပျော့ကိုနင်းလိုက်သလား၊ နောက်ပြီး မြက်ပင်တွေကို တိုက်ပြီးသွားသလား၊ ရေထဲကသွားသလားကအစ အားလုံးကို ကျွန်မနားစွင့်ပြီးလိုက်နေတာ"

"ချီးကျူးစရာပါပဲ"

"သင်ကြားပေးတဲ့ ဆရာသမားတွေရဲ့ ဂုဏ်ကျေးဇူးပေါ့ရှင်"

"ခင်ဗျားရဲ့ဆရာ တရုတ်ဘုန်းတော်ကြီး ချင်ချင်းဟာ သိုင်းပညာအတော်ကို အဆင့်မြင့်မှာပဲနော်"

"ဟုတ်ကဲ့ သိုင်းပညာမှာရော စိတ်သဘောထားပါ အ



တော်ရှားပါတယ်ရှင်"

"ကျုပ်...အဲဒီလို ဆရာကောင်း သမားကောင်းတစ်ယောက်နဲ့တွေ့ချင်လိုက်တာဗျာ"

ပိုကျူက ပြုံးလိုက်ပြီး...

"ရှင် မိုးရေထဲလျှောက်သွားပါလား"

စွမ်းရှိမင်းက သူမကို နားမလည်သလိုလှည့်ကြည့်လိုက်၏။

"ဘာဆိုင်လို့ ကျုပ်ကမိုးရေထဲ လျှောက်သွားရမှာလဲ"

"ကျွန်မဆရာနဲ့ ရှင်တွေ့ချင်တယ်ဆို"

"ဪ"

ထိုအခါမှ စွမ်းရှိမင်းက သဘောပေါက်သွားသည်။

"မလုပ်ပါနဲ့ဗျာ၊ ခင်ဗျားလိုမျက်စိပျက်သွားရုံတင် မဟုတ်ပဲ ...ကြိုးပစ်ချလို့ တခါတည်းသေနေပါအုံးမယ်"

သူ့စကားကြောင့် ပိုကျူက အသံထွက်အောင်ပင် ရယ်မောလိုက်မိလေသည်။

စွမ်းရှိမင်းသည် လမ်းလျှောက်လာယင်းမှ ပိုကျူ၏ပညာကို စမ်းသပ်လိုသဖြင့် သူသည် ခပ်မြန်မြန်ကလေး လျှောက်လိုက်၏။

သူလျှောက်သကဲ့သို့ပင် ပိုကျူကလည်း မြန်မြန်ပင် လျှောက်လေသည်။

သူသည် ဤမျှထူးထူးခြားခြား အသံကို အမိအရဖမ်းနိုင်သောပိုကျူကို မချီးကျူးဘဲ မနေနိုင်အောင် ဖြစ်သွားလေတော့သည်။

သူသည် ရုတ်တရက်ခြေစုံရပ်၍ ရပ်တန့်လိုက်သောအခါ နောက်မှလိုက်လာသော ပိုကျူ၏ခြေသံလည်း ရုတ်ခြည်းပျောက်

www.burmeseclassic.com

www.burmeseclassic.com



ကွယ်သွားတော့သည်။

စွမ်းရှိမင်း နောက်သို့ပြန်လှည့်ကြည့်လိုက်ချိန်တွင် သူ့နောက်တွင် ရပ်တန့်နေသော ပိုကျူကိုတွေ့ရလေသည်။

အတန်ကြာအောင် ရပ်နေပြီးမှ ပိုကျူက...

"ရှင်ဘာဖြစ်လို့ ရပ်လိုက်တာလဲ"

စွမ်းရှိမင်းက အသာအယာပြုံးကာ...

"ဪ..အသံတသံသံများ ကြားမိသလားလို့ပါ"

ပိုကျူက တချက်ရယ်မော၍...

"အဲဒီကိစ္စကိုတော့ ရှင်စိတ်ချစမ်းပါ၊ ကျွန်မတောင်မကြားမိပဲနဲ့၊ ရှင်ဘယ်တော့မှ ကြားရမှာမဟုတ်ဘူး"

စွမ်းရှိမင်း တစ်ယောက်တည်း ကျိတ်၍ပြုံးလိုက်လေသည်။

"ခင်ဗျားက ခြေသံကို အာရုံစိုက်နေရတော့ ကြားပုံမလား"

ပိုကျူကပြုံး၍...

"တပြိုင်နက်တည်းမှာ အသံလေးငါးခြောက်မျိုးကို ကျွန်မ အာရုံခံလို့ရတယ်"

ထိုစကားကြောင့် စွမ်းရှိမင်းမှာ ပါးစပ်ပိတ်သွားလေတော့သည်။ သူတို့ ဆက်လျှောက်လာမိကြလေ၏။

ထိုစဉ် မိုးတွေကညို့ လာသည်။

လေကလည်း တဟူးဟူး တိုက်ခတ်လာ၏။

မိုးကလည်းချုပ်လုပြီ။

ယခုမှ သူတို့နှစ်ယောက်အဖို့ အခက်တွေ့ရတော့သည်။

ယခင်က ကျောက်ထပ်ကြီးအောက်၌သူတို့မိုးခိုခဲ့ကြသည်။

ယခု မိုးခိုစရာနေရာ မရှိပေ။



အိပ်စက်စရာနေရာလည်း မမြင်တော့ပေ။

"ရှင် ဘာစဉ်းစားနေတာလဲ"

"မိုးချုပ်တော့မယ်"

"ဆက်သွားလို့မဖြစ်တော့ဘူးပေါ့ ဟုတ်လား"

"မိုးတွေကလည်း ရွာတော့မယ်ဗျ"

"လေအေးလာတာ ကျွန်မလည်းသိတယ်"

"ဒါဖြင့် ခြောက်သွေ့တဲ့ သစ်ပင်ကြီးကြီးတစ်ပင်လောက်ရှာလေ"

စွမ်းရှိမင်းက ရှေ့နားသို့လှမ်းကြည့်လိုက်သည်။

ရှေ့၌ သစ်ပင်ကြီးတစ်ပင်တွေ့သည်။

"ရှေ့မှာတော့ သစ်ပင်ကြီးရှိတယ်"

"ဒါဖြင့် အဲဒီနေရာရောက်အောင်သွား"

စွမ်းရှိမင်းသည် သစ်ပင်ကြီးအောက်သို့ ရောက်အောင်သွားလေသည်။

"ရှင်..ကျွန်မကို သစ်ပင်ကြီးကြီးအောက်ကို ရောက်ယင်ပြောပါ"

စွမ်းရှိမင်း မျက်မှောင်ကုပ်လိုက်သည်။

"ခင်ဗျားဘာလုပ်မလို့လဲ"

"ယာယီတဲကလေးတစ်ခုတော့ လုပ်ရမှာပေါ့ရှင်"

ထိုအခါမှ စွမ်းရှိမင်းသဘောပေါက်သွားသည်။

သစ်ပင်ကြီးအောက်ရောက်သောအခါ သူသည်ပိုကျူအားတောင့်ပျော့ပင်အချို့ကို ပြလိုက်သည်။

ပိုကျူသည် ငှက်ပျောရွက်များကို ခုတ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူက သစ်သားကိုင်ကလေးများကို တဘက်ရပ်တဲကလေး ပမာ စိုက်ထူနေသည်။ မကြာမီမှာပင်…

"နှယ်ပင်နှယ်ကြိုးများဖြင့် ချည်နှောင်ထားသော တဲက လေးသည် ငှက်ပျောရွက်များမိုးပြီးသားဖြစ်နေပေသည်။

ပိုကျူသည် မျက်စိမမြင်သော်လည်း အလွန်တရာအသိထူး ရှိသည်။

သူမကြောင့် မိုးခိုစရာ ရရှိသွားပြီ မဟုတ်ပါလော။

♣ ♣ ♣

အခန်း(၁၀)

## ညှိဖယ်

ပိုကျူသည် စွမ်းရီမင်းကောက်ပေးသော ထင်းချောင်းများ ဖြင့် မီးဖိုနေ၏။



စွမ်းရီမင်းသည် တနေရာတွင်ထိုင်ကာ ရေဗူးထဲမှအရက် များကို တဖြည်းဖြည်းချင်းသောက်နေသည်။

သူသည် ဗူးကိုလှုပ်ကြည့်ကာ နောက်ဆုံးကျန်သော အရက် များကို တခါတည်းမော့ချလိုက်လေတော့၏။

မီးဖိုပြီးသည်နှင့် ပိုကျူသည် သူ၏ရေဗူးကို စွမ်းရီမင်း တည်သကဲ့သို့ မီးဖိုပေါ်သို့ တင်ထားလိုက်လေသည်။

ထို့နောက် သူမ၏နှာခေါင်းထဲသို့ အရက်နံ့ကဝင်ရောက် လာသဖြင့်…

"ရှင့်အရက်တွေ မကုန်သေးဘူးလား"

"ကုန်သွားပြီ"

"ရှင်မမူးဘူးလား"

"ဘာလဲ ကျုပ်အရက်တွေမူးယင် ခင်ဗျားကိုဒုက္ခပေးမှာစိုး လို့လား၊ ကျုပ်ကလူကောင်းမဟုတ်ဘူးနော်"

ပိုကျူသည် သူမ၏မျက်နှာကို စွမ်းရီမင်းဘက်သို့ဆတ်က နဲလှည့်လိုက်လေသည်။

"ရှင့်အပေါ် ကျွန်မအကြွင်းမဲ့ ယုံကြည်ပြီးသားလို့ ပြော ထားတာ ရှင်မှတ်မိတယ်မဟုတ်လား"

"လူ့စိတ်ဆိုတာ ပြောလို့ရတာမှမဟုတ်ပဲဗျ"

"ရှင်နော်..အကောင်းပြောနေယင်း ဖောက်မလာနဲ့"

စွမ်းရီမင်းက တချက်ရယ်မောလိုက်သည်။

"ကျုပ်မူးလာယင် ရမ်းတတ်တယ်"

"ဒါပေမယ့်…မိန်းကလေးတွေနဲ့တော့ မပတ်သက်ဘူး မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟာ လူကဲခတ်တော့ အင်မတန်ကောင်းတယ်၊ ဟုတ်တယ် မိန်းမတွေနဲ့တော့ ဘယ်တော့မှမပတ်သက်ဘူး"

ပိုကျူ ပါးစပ်ပိတ်သွားပြန်သည်။

အတန်ကြာမှ...

"ကျွန်မတို့ဒီနေ့ အတော်ခရီးပေါက်တယ်နော်"

"အင်း...ပေါက်တော့ပေါက်တာပဲ၊ နောက်ဘယ်နှစ်ရက်သွားရအုံးမှာလဲ မသိတာခက်တယ်၊ အင်းလေ..ဒါကြောင့်လည်း မင်းမှုထမ်းတွေလက်ထဲက လွတ်နေတာပေါ့"

"တောင်ကြီးနှစ်လုံးကြားက ချောင်းတစ်ခုကို ဖြတ်ပြီးယင် သူတို့နယ်မြေအစပဲလို့တော့ ကျွန်မကြားမိတာပဲ"

"အဲဒီချောင်းရောက်ဖို့ကို ဘယ်လောက်လိုသေးမှန်းမသိတာခက်တယ်"

"သိပ်တော့ ဝေးမှာမဟုတ်တော့ပါဘူးရှင်၊ ဘာလဲ ရှင်အရက်ပြတ်သွားလို့ သောက်ချင်လှပြီလား"

"အဲဒီမှာ အရက်ရတယ်လို့ ခင်ဗျားဆိုလိုတာလား"

ပိုကျူက ခေါင်းညိတ်လိုက်သည်။

"အဲဒီမှာ ဘာမဆိုအကုန်ရတယ်လို့ ကျွန်မသိရတယ်"

စွမ်းရီမင်း အံ့သြသွားဟန်ဖြင့်...

"ဟင်...ဒီလောက်တောင်ပဲလား"

"ဟုတ်တယ်...အဲဒီနေရာက တဘက်နိုင်ငံနဲ့နီးနေတော့ အဲဒီနိုင်ငံကပဲ အစစအရာရာ အကုန်ဝယ်ယူတယ်လို့သိရတယ်"

"ဒါဆို ဘယ်ဆိုးလို့တုံး"

သူမသည် ခပ်ငူငူကလေးစဉ်းစားယင်းမှ...



"ရှင်...အဲဒီမှာပဲ တသက်လုံးအခြေချတော့မှာလား"

"အင်း...ကျုပ်ဘဝက ဒီလမ်းပဲရှိတော့တယ်လေ"

ပိုကျူသည် သက်ပြင်းကလေးတချက်ကို မသိမသာချလိုက်မိလေသည်။

"ရှင့်အတွက်ကိုသာမေးရတယ်၊ ကျွန်မတို့ရဲ့ဘဝလဲ ဘယ်လိုဖန်တီးအုံးမယ်ဆိုတာ မစဉ်းစားဝံ့သေးပါဘူးရှင်"

"ဒါနဲ့...ကျုပ်တခုမေးပါရစေ"

"မေးလေ"

"ခင်ဗျားရဲ့အဖေကို ဘာကြောင့် ဖမ်းသွားတယ်ဆိုတာ ခင်ဗျားလုံးဝစဉ်းစားလို့ မရဘူးလား"

"အနီးစပ်ဆုံး...ကျွန်မစဉ်းစားလို့ရတာ တခုပဲရှိတယ်"

"အင်း...ပြောပါအုံး"

"ကျွန်မအဖေဟာ အရိုးအဆစ်အကြောကုတဲ့နေရာမှာ အင်မတန်တော်တယ်၊ အဲဒါများ အသုံးချချင်လို့ ဖမ်းဆီးတာလားတော့ မသိဘူး၊ သူတို့ရဲ့လူတွေကို ကုခိုင်းဖို့ပေါ့"

တောင်ပေါ်လေက အေးစိမ့်စွာ တိုက်ခတ်နေပေသည်။

စွမ်းရီမင်းသည် မီးပုံအနီးသို့ တိုးကပ်လာလေသည်။

"မိုးသိပ်များလာယင်တော့ ဒီတဲလေးဟာ လုံမှာမဟုတ်ဘူး"

"လုံးဝမရှိတာနဲ့စာယင်တော့ တော်သေးတာပေါ့၊ စကားပုံတောင်ရှိသေးတယ် မဟုတ်လား၊ တစ်လုံးမရှိတာထက် တစ်ခေါက်ရှိ ဘာကောင်းတယ်လို့"

"ကျုပ် ခင်ဗျားကိုတခုမေးပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



ဗိုကျူသည် သူမ၏မျက်နှာကို စွမ်းရီမင်းဘက်သို့ လှည့်လိုက်သည်။

"မေးလေ"

"ဟိုရောက်ယင် ခင်ဗျားဘယ်လိုလုပ်မယ် စိတ်ကူးသလဲ"

ဗိုကျူသည် သက်ပြင်းတချက်ချလိုက်သည်။

သူမ၏မျက်နှာသည် မှိုင်၍သွားတော့သည်။

"ကျွန်မ ဘယ်လိုမှစဉ်းစားလို့ မရသေးပါဘူးရှင်၊ အဓိက အချက်ကတော့ ကျွန်မဖေဖေကို လူဆိုးတွေလက်ထဲက ကယ်ထုတ်ပြီးပြန်ဖို့ပါပဲ"

"အဲဒီအလုပ်ကလဲ သိပ်လွယ်မယ်လို့တော့ ကျုပ်မထင်မိပါဘူး"

"ကျွန်မလဲတွေးမိပါတယ်၊ ဘာပဲဖြစ်ဖြစ်ပေါ့ရှင်၊ ဖေဖေရဲ့ အသက်အန္တရာယ်မဆုံးရှုံးရအောင်တော့ ကျွန်မကြိုးစားရမှာပဲ"

"အင်း...ကျုပ်လည်း တတ်နိုင်သမျှတော့ ကူညီပါ့မယ်ဗျာ"

သူမသည် ခေါင်းကိုဆတ်ကနဲမော့လိုက်၏။

"ရှင်..ကူညီမယ် ဟုတ်လား"

"တတ်နိုင်ကဲ့အကူအညီမှန်ယင်တော့ ပေးမှာပါ၊ ဘာလဲ ခင်ဗျားကမယုံလို့လား"

"မယုံလို့မဟုတ်ပါဘူး၊ အံ့သြလို့ပါ"

"ကျုပ်စကားထဲမှာ အံ့သြစရာပါလို့လားဗျ"

ဗိုကျူ ရယ်မောပြီး...

"ရှင်...ကျွန်မတို့ မိန်းမတွေကို စိတ်နာနေတယ်ဆိုတော့ ကျွန်မကို ဘယ်တော့မှ အကူအညီပေးမှာ မဟုတ်ဘူးလို့ ထင်ထား



တာ"

"ကျုပ် မိန်းမတွေကို မုန်းတီးတာတော့ အမှန်ပဲ"

"ကျွန်မကိုတော့ မမုန်းဘူးပေါ့ဟုတ်လား"

စွမ်းရီမင်းသည် သူမအား မျက်လုံးပြူး၍ကြည့်လိုက်သည်။

သို့သော်...

သူမအနေနှင့် မြင်နိုင်စွမ်းမရှိပါ။

"ကျုပ် ခပ်ရှင်းရှင်းပြောမယ်၊ ဘယ်မိန်းမကိုမှ ကျုပ်အထင်မကြီးတော့ဘူး"

"တစ်ယောက်မကောင်းတာနဲ့ အားလုံးကိုတော့ မမုန်းသင့်ဘူးပေါ့ရှင်"

"ကျုပ် ဒုတိယအကြိမ် အသည်းမကွဲချင်တော့ဘူးဗျာ"

"မိန်းမတိုင်း အသည်းမခွဲတတ်ပါဘူးလေ"

"ဒါပေမယ့် ကျုပ်ကြောက်နေပြီ"

"ကျွန်မဘခုတော့ တောင်းပန်ပါရစေ"

စွမ်းရီမင်းသည် မျက်မှောင်ကုပ်၍ သူ့အားကြည့်လိုက်သည်။

"ကျုပ်ကိုဘာများ တောင်းပန်စရာရှိနေလို့လဲ"

"တခြားတော့ မဟုတ်ပါဘူးရှင်"

"အင်းပြော"

"ရှင့်မှာ ညီအစ်ကိုမောင်နှမပေါ့ ရှိသလားဟင်"

"ညီအစ်ကိုမောင်နှမ ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ်မှာ မွေးချင်းသုံးယောက်ရှိတယ်၊ အစ်ကိုတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ညီမလေးကတစ်ယောက်"

"အခုကော ရှိသလားဟင်"

"နှစ်ယောက်စလုံး မရှိတော့ဘူး"

"ဟင်"

"ဟုတ်တယ်...အစ်ကိုဆိုတာကိုတော့ မမြင်ဘူးလိုက်ပါဘူး၊ ကျုပ်ငယ်ငယ်ကလေးတည်းက သူဆုံးသွားတယ်"

"ဖြစ်မှဖြစ်ရလေရှင်၊ ညီမလေးဆိုတာကကော"

"ကျုပ်ညီမလေးကတော့ မွေးကတည်းက အင်မတန်ချူချာတယ်၊ သူဆယ်နှစ်သမီးလောက်မှာ အပြင်းဖျားပြီး ဆုံးသွားရာတယ်၊ နေပါအုံး ခင်ဗျားကဘာကြောင့် ဒါတွေလျှောက်မေးနေရတာလဲ"

စွမ်းရီမင်းသည် သူတို့မိသားစုအကြောင်းကို ပြောပြယင်းမှ စိတ်မကောင်းဖြစ်လာဟန်တူသည်။

သူ၏အသံသည် အနည်းငယ်မာကျောသွား၏။

"ကျွန်မ မေးမိတာ စိတ်မကောင်းပါဘူးရှင်"

"စိတ်မကောင်းဖြစ်နေလို့ကော ဘာတတ်နိုင်မှာလဲဗျာ၊ သေတဲ့လူက သေကုန်ပြီပဲဥစ္စာ"

"ကျွန်မပြောချင်တာက..."

"အင်းပြော"

"ရှင်...မိန်းကလေးတွေကို မုန်းတယ်ဆိုပေမယ့် ကျွန်မကိုတော့ ရှင့်ညီမအရင်းကလေးတစ်ယောက်လို သဘောထားပါရှင်၊ ကျွန်မမှာလည်း ညီအစ်ကိုမောင်နှမဆိုတာ မရှိပါဘူး၊ ရှင့်ကိုအစ်ကိုတစ်ယောက်လို ခင်မင်မိတာ အမှန်ပါပဲရှင်"

စွမ်းရီမင်းသည် ပိုကျူအား စူးစိုက်ကြည့်ယင်းမှ စိတ်ထဲ



"ဟုတ်ကဲ့...အစ်ကို့စကားကို ကျွန်မအမြဲ နားထောင်ပါ့မယ်"

"ဒီလိုလည်းမဟုတ်သေးဘူး၊ ကျုပ်မှားနေတာတွေလည်း အများကြီးရှိမှာပဲ၊ အဲဒီတော့ နားထောင်သင့်မှနားထောင်"

"ဟင့်အင်း...ကျွန်မကတော့ အစ်ကိုပြောတာဆို အကုန်နားထောင်မှာပဲ"

ပိုကျူသည် တကယ့်ကလေးတစ်ယောက်ကဲ့သို့ ပြောလိုက်ခြင်းဖြစ်သည်။

"ဒါဖြင့်...ကျုပ်က မီးပုံထဲခုန်ချဆိုယင်ကော"

"အခုခုန်ချရမလား"

သူမက ပြောပြော့ဆိုဆို မီးပုံရှေ့သို့ ခေါင်းကို ငိုက်ချလိုက်လေရာ စွမ်းရီမင်းသည် ထိတ်လန့်သွားပြီး သူမ၏ကိုယ်လုံး ကလေးကို လှမ်းဆွဲထားလိုက်သည်။

"ဘယ်လိုလုပ်လိုက်တာလဲ ပိုကျူရယ်"

"အစ်ကိုက မီးပုံထဲခုန်ချဆို"

စွမ်းရီမင်းသည် စိတ်ပျက်စွာ ခေါင်းခါယမ်းလျက်...

"ကျုပ်ဥပမာပြောတာပါ၊ မင်းတကယ်ခုန်ချမလို့လား"

"အစ်ကိုပြောယင် ခုန်ချမှာပဲ"

စွမ်းရီမင်းသည် သက်ပြင်းတချက်ချပြီး...

"တော်ပြီ နောက်ကျုပ်မပြောတော့ဘူး"

"အစ်ကို စိတ်ဆိုးသွားပြီလား"

စွမ်းရီမင်းက ပြုံး၍...

"အင်း...ဆိုးတယ်"

www.burmeseclassic.com

www.burmeseclassic.com



ပိုကျူသည် ချစ်စရာကောင်းအောင် ရယ်မော၍…

"အစ်ကိုစိတ်ဆိုးနေတဲ့မျက်နှာကို မြင်ချင်လိုက်တာ အစ်ကို ရယ်"

စွမ်းရီမင်းသည် သူမအား မျက်မှောင်ကုပ်၍ကြည့်လိုက်လေသည်။

"ငါ့မျက်နှာကို နင်မမြင်ရတာပဲ ကောင်းပါတယ်ဟာ"

ပိုကျူက အံ့အားသင့်ဟန်ဖြင့်…

"ဘာဖြစ်လို့လဲ အစ်ကို"

စွမ်းရီမင်းက စိတ်ထဲမှကျိတ်ပြုံးယင်း…

"သိပ်အရုပ်ဆိုးတာ"

ပိုကျူက မျက်နှာထားလေး တင်းမာသွားကာ…

"အစ်ကို ဘယ်လောက်ပဲအရုပ်ဆိုးဆိုး ကျွန်မမုန်းသွားမယ် ထင်သလား"

"မင်းတကယ်ပြောတာလား"

"အစ်ကိုမယုံလို့လား"

"ကျုပ်မျက်နှာကို မမြင်သေးလို့ ဒီစကားမျိုးပြောတာပါ"

သူမက နှုတ်ခမ်းတချက်စူလိုက်၏။

ပြီးမှ မကျေနပ်သောအမူအရာဖြင့်…

"အစ်ကိုဟာ ကျွန်မကိုသိပ်ပြီးအထင်သေးချင်တာပဲ၊ အစ်ကိုဟာ ဘယ်လောက်ပဲ ရုပ်ရည်ကြမ်းတမ်း ခက်ထန်နေပါစေ၊ အစ်ကိုရဲ့ ဖြောင့်မတ်ဖြူစင်တဲ့စိတ်ထားကို အမြဲတမ်းချစ်နေမှာပါ"

"ဟား ဟား ဟုတ်မှလဲလုပ်ပါ၊ ကျုပ်မျက်နှာကို မြင်ယင်သရဲကတောင် လန့်ပြေးရတာကွ"



"အစ်ကိုမညာနဲ့"

"မညာပါဘူး"

စွမ်းရီမင်းစကားဆုံးသည်နှင့် ပိုကျူသည် စွမ်းရီမင်းအနီးသို့ လျှပ်တပြက်တိုးကပ်သွားကာ လည်ပင်းကို သိုင်းဖက်သည်။

ပြီးမှ စွမ်းရီမင်း၏မျက်နှာကို သူမ၏လက်ဖဝါးနုနုကလေးဖြင့် ယုယစွာစမ်းသပ်ကြည့်လိုက်၏။

စွမ်းရီမင်းသည် ပိုကျူက မထင်မှတ်ဘဲ သူ့လည်ပင်းကို သိုင်းဖက်လိုက်သဖြင့် ရုတ်တရက်မျက်လုံးများပြူးသွားကာ ရင်ထဲတွင် တလှပ်လှပ်ခုန်သွားတော့သည်။

သို့ရာတွင် ပိုကျူ၏သိုင်းဖက်ထားသောလက်ကို သူလုံးဝမဖယ်ရှားမိပါချေ။

ပိုကျူသည် သူ့မျက်နှာကို အတန်ကြာအောင် စမ်းသပ်ပြီးမှ မကျေမနပ်စကားဆိုလိုက်သည်။

"အစ်ကိုညာတယ်"

သူမက ပြောလည်းပြော လည်ပင်းတွင်သိုင်းဖက်ထားသောလက်ကိုလည်း ဖယ်ရှားပေးလိုက်သည်။

စွမ်းရီမင်းသည် မြွေကြီးတစ်ကောင်း ရစ်ပတ်ထားခြင်းမှ ရုတ်တရက်လွတ်သွားရသကဲ့သို့ သက်ပြင်းတချက်ကို ရှည်လျားစွာချ၍…

"မင်းသိပ်ဆိုးပါလားပိုကျူရယ်၊ မင်းဟာ သိပ်ကလေးဆန်တာပဲ"

"ခစ်…ခစ်…ခစ်"

ပိုကျူသည် တခစ်ခစ်ရယ်မောယင်းမှ…

www.burmeseclassic.com

www.burmeseclassic.com



"ဘာဆိုးရမှာလဲ၊ အစ်ကိုဘာဖြစ်လို့ ညာသလဲ"

"ကဲ အခုလိုလက်နဲ့စမ်းတော့ အစ်ကိုအရုပ်ဆိုးတာ မဆိုး တာသိသွားရောလား"

"အင်း...သိတာပေါ့"

"ဒါဖြင့်"

"အစ်ကိုက သိပ်ချောတာ"

စွမ်းရီမင်း ပါးစပ်ပိတ်ထားလိုက်ရတော့၏။

စွမ်းရီမင်းသည် မလုံမလဲသောစိတ်ဖြင့် သူမအားငေးကြည့် နေမိသည်။

တကယ်တမ်းဆိုလျှင် သူ့ရင်ခုန်မှုမှာ ယခုအထိ မငြိမ် သက်သေးပေ။

တကယ့်ကလေးငယ်တစ်ဦးကဲ့သို့ ပြုမူသွားသော မိန်းက လေးကြောင့် စွမ်းရီမင်းမှာ နေမထိထိုင်မသာ ဖြစ်သွားရသည်ကို ပိုကျူတစ်ယောက် သိမည်မဟုတ်ပေ။

သူသည် ယခုအခါ အရက်ကောင်းကောင်း သုံးလေးအိုး သောက်ချလိုက်ချင်သော စိတ်များတဖွားဖွား ပေါ်ထွက်လာ တော့သည်။

ပိုကျူသည် ဣန္ဒြေရစွာဖြင့် သူ့နေရာတွင်ပြန်၍ ထိုင်ေ သော်လည်း သူမ၏မျက်နှာကလေးသည်လည်း မီးခဲနှင့်ပြိုင်၍ရဲ သည်ကို တွေ့ရှိလိုက်ရသည်။

သူမသည် ရုတ်တရက်ဝမ်းသာအားရ ပြုမူလိုက်သေ လည်း တကယ်တမ်းတွင် သူမ၏စိတ်ထဲ၌ ခံစားမှုတမျိုးကို ခံ သွားခဲ့ရပေသည်။



အမှန်ပင် သနားသွားမိသည်။

သို့သော်...

သွေးရင်းသားရင်းမဟုတ်သော မိန်းကလေးတစ်ဦးအား သူကညီမအရင်းလို သဘောထားနိုင်ပါမည်လား။

သေချာစွာတွေးကြည့်လျှင်မူ ပိုကျူဘဝနှင့်သူ့ဘဝသည် မထူးခြားလှပါ။

ယခုဆိုလျှင် ဘဝတူများ ဖြစ်နေကြပြီ မဟုတ်ပါလား။

တိတ်ဆိတ်မှုကို ပိုကျူကပင် စတင်ဖြိုခွင်းလိုက်သည်။

"ရှင် ကျွန်မကို ညီမလေးလို မခင်နိုင်ဘူးလား"

ပိုကျူ၏မျက်နှာကလေးသည် တကယ်ပင် ရိုးသားဖြူစင် လှပေသည်။

ထိုကဲ့သို့ သနားစရာကောင်းလှသော မျက်ကန်းမလေးကို သူသည် ပစ်ပစ်ခါခါ မပြောရက်တော့ပါ။

သူမ၏ဘဝသည် အတွယ်အတာမဲ့နေရှာသည် မဟုတ်ပါ လား။

သို့သော်လည်း သူ၏တချိန်က ခံစားချက်များသည် သူ၏ နှလုံးသားအား အမြဲကမ်းရိုက်ခတ်နေသဖြင့် မိန်းမများအပေါ် သ နားခြင်း ကြင်နာခြင်းစသည်တို့သည် မတွယ်ငြိအောင်ပင် မောင်း ထုတ်လျှက်ရှိနေ၏။

သူသည် ပိုကျူ၏မျက်နှာကို စူးစူးဝါးဝါးကြည့်နေပေသည်။

"အစ်ကို...အစ်ကိုစွမ်းရီ"

ရုတ်တရက် သူမကခေါ်လိုက်သဖြင့် စွမ်းရီမင်းသည် တွေး တောနေရာမှ လန့်ဖျပ်သွားတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ကျွန်မကို ညီမလေးလို့သဘောထား ခင်မင်ဖို့ သိပ်များခက်လေးနေသလားရှင်"

"မ...မဟုတ်ပါဘူးဗျာ"

"ဒါဖြင့်"

"ကျုပ်...ကျုပ် ခင်ဗျားကို ခင်မင်ပါတယ်ဗျာ"

ပိုကျူသည် လိုချင်လှသော ကစားစရာကလေးတစ်ခုကို ရရှိသွားသော ကလေးတစ်ယောက်ကဲ့သို့ မျက်နှာကလေးမှာ ရုတ်ခြည်းရွှင်လန်းသွားပြီး လက်ခုပ်လက်ဝါးကလေးများပင် တီးကာ...

"ဟင်...အစ်ကို တကယ်ပြောတာနော်"

"တကယ်ပြောတာ ညီမရယ်"

စွမ်းရီမင်းက သူမမမြင်သော်လည်း ခေါင်းညိတ်ပြကာ လှိုက်လှိုက်လှဲလှဲပင် ပြောလိုက်လေသည်။

"ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ ကျွန်မလေ ကျွန်မမျက်စိ ချက်ချင်းပြန်မြင်ရတာထက်တောင် ဝမ်းသာသွားတယ်"

တကယ့်ကလေးငယ်တစ်ဦးပမာ မြူးတူးသွားသော ပိုကျူအားကြည့်ကာ စွမ်းရီမင်း၏နှလုံးသားသည် တခါမှမခံစားဘူးသော ဝမ်းသာပီတိမျိုးကို ခံစားလိုက်ရလေတော့သည်။

ပိုကျူသည် သူ့ကိုမြင်နေရသည့်ဟန်ဖြင့် တချက်စူးစိုက်ကြည့်ကာ...

"ကျွန်မကို အစ်ကိုအထင်သေးသလား"

"အို...ဘာဆိုင်လို့ အထင်သေးရမှာလဲ"

"ကျွန်မလို ဒုက္ခိတတစ်ယောက်က လုံးဝမျက်နှာမမြင်ရတဲ့



ယောကျ်ားတစ်ဦးကို အတင်းအစ်ကိုတော်ချင်လို့လေ"

စွမ်းရီမင်းက စိတ်မကောင်းစွာဖြင့် ခေါင်းခါယမ်းပြလိုက်ပြီး

"ကျုပ်ကိုင်တိုင်က ညီမလေးတစ်ယောက် လိုချင်နေတာပါကွယ်"

"ဝမ်းသာလိုက်တာ အစ်ကိုရယ်"

"ဟင့်...ဟင့်...ဟင့်"

ပိုကျူသည် ထိုမျှသာစကားဆို၍ မျက်နှာကို လက်ဝါးဖြင့်အုပ်ကာ ကိုယ်ကလေးသိမ့်သိမ့်ခါသည်အထိငိုကြွေးလေတော့သည်။

ပိုကျူ ရုတ်တရက်ငိုကြွေးလိုက်သဖြင့် စွမ်းရီမင်းသည် အထိတ်တလန့်ဖြစ်ကာ မျက်လုံးအစုံပြူးသွားမိလေ၏။

သူက ပိုကျူကို အလျှင်စလိုမေးမြန်းလိုက်သည်။

"ပိုကျူ ညီမလေး ဘာဖြစ်လို့ငိုရတာလဲဟင်"

ပိုကျူက ငိုရှိုက်နေယင်းမှ...

"ဝမ်းသာလွန်းလို့ပါ အစ်ကိုရယ်"

"ဟင်"

စွမ်းရီမင်းသည် အံ့အားတသင့်ဖြစ်မိသော်လည်း စိုးရိမ်စိတ်များလုံးဝပျောက်ကွယ်သွားကာ...

"ဝမ်းသာလို့ ငိုတယ်ဟုတ်လား"

"အင်း"

"ဒီလိုပဲ နင်တို့ဟာ ဝမ်းသာယင်ငိုစရာလား"

"အင်း"

"တမျိုးပဲနော်"

"သွား...ဝမ်းသာယင် ငိုတာသဘာဝပဲ"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိမင်းသည် တဟားဟားရယ်မောလေတော့သည်။

ပိုကျူလည်း ဟန်မဆောင်နိုင်တော့ဘဲ စွမ်းရှိမင်းနှင့်အတူ အသံထွက်အောင်ပင် ရယ်မောလိုက်တော့၏။

ငှက်ပျောဖက်မိုးထားသော သူတို့၏ယာယီတဲကလေးသည် တခဏခြင်းပင် ရယ်မောသံများဖြင့် စိုပြည်သွားတော့၏။

စွမ်းရှိမင်းသည် တခဏကြာအောင် အားရပါးရ ရယ်မောလိုက်ပြီးမှ ရေနွေးများကို တကျိုက်နှစ်ကျိုက်မျှ မော့သောက်လိုက်သည်။

ပြီးလျှင် ပိုကျူ၏လက်ထဲသို့ ရေနွေးခွက်ကို လှမ်းထည့်ပေးလိုက်သည်။

ပိုကျူလည်း သူကမ်းပေးသော ရေနွေးကြမ်းခွက်ကိုယူကာ မော့သောက်လိုက်သည်။

ထို့နောက် သူသည်ဝက်သားကင်များကို ထုတ်ကာ ပိုကျူအား လှမ်းပေးပြီးသည်နှင့် သူလည်းမြိန်ရည်ယှက်ရည်စားသောက်နေ၏။

"ကဲ ဘာမှတွေးတောမနေပါနဲ့၊ စားစရာရှိတာကိုစားပြီး ပျော်ပျော်ရွှင်ရွှင်နေနော်"

ပိုကျူသည် ခေါင်းကိုဆတ်ကနဲညိတ်ယင်း ဝမ်းသာကျေနပ်စွာဖြင့် ပြုံးလိုက်ပြီး...

"ကျွန်မစိတ်ထဲမှာ သိပ်ပြီးတော့ ဝမ်းသာပျော်ရွှင်နေပါတယ် အစ်ကိုရယ်"

"ဒီလိုမှပေါ့၊ လူဆိုတာ ပျော်ရွှင်ခြင်းဟာ လာဘ်တပါးပဲလို့ ကျုပ်ကြားဖူးတယ်"



ထိုသူကား စွန်ရဲဟုအမည်တွင်သော 'စွမ်းရှိမင်း'ပင်ဖြစ်တော့သည်။

သူ၏ဦးခေါင်းမှ ပဝါနီကလေးသည် တိုက်ခတ်နေသောလေနှင့်အတူ တလူလူလွင့်လျက်ရှိနေပေသည်။

သူသည် တစုံတစ်ယောက်ကို ဆိုင်းငံ့စောင့်စားနေခြင်းပင်ဖြစ်သည်။

အချိန်သာ တရွေ့ရွေ့ ကုန်ဆုံးသွား၏။

သူစောင့်စားနေသောသူသည် နတ်ကွန်းဆောင်သို့ ရောက်မလာခဲ့ပေ။

ထို့ကြောင့် သူ့စိတ်အစဉ်သည် လွန်စွာလှုပ်ရှားလျက်ရှိနေသည်။

ထိုစဉ်မှာပင်....

ဖုန်တထောင်းထောင်းထအောင် ပြေးလာသော မြင်းတစ်ကောင်ကို တွေ့မြင်လိုက်ရသည်။

ထိုမြင်းပေါ်မှလူသည် အဖြူရောင်ဝတ်စုံကို လှပစွာဝတ်ဆင်ထားသည်။

ထိုလူသည် နတ်ကွန်းပျက်ရှေ့သို့ ရောက်ရှိသည်နှင့် မြင်းပေါ်မှခုန်ဆင်းကာ ပျက်စီးယိုယွင်းနေသော နတ်ကွန်းဆောင်ထဲသို့ ပြေးဝင်လာသည်။

စွမ်းရှိမင်းအား တွေ့ရှိလိုက်သည်နှင့် လက်နှစ်ဖက်ကိုပူး၍ ဆုပ်ကာ စွမ်းရှိမင်းကို အရိုအသေပေးလိုက်လေသည်။

"ကျုပ်နည်းနည်း နောက်ကျယင် ခွင့်လွှတ်ပါ"

စွမ်းရှိမင်းက တည်ကြည်စွာဖြင့်ခေါင်းခါယမ်းပြလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သိပ်နောက်မကျပါဘူး ရပါတယ်"

ဝတ်စုံဖြူနှင့်လူက ပြုံးရွှင်စွာဖြင့် ပြောသည်။

"မိတ်ဆွေက စွန်ရဲ့စွမ်းရီမင်းနော်"

"ဟုတ်တယ်"

"ကျွန်တော့်နာမည် ကိုဟုင်းပါ"

"သိတယ်"

ကိုဟုင်းသည် သူကချိုချိုသာသာဖြင့် နှုတ်ခွန်းဆက်ပါသော်လည်း၊ မျက်နှာထားတည်တည်ဖြင့် ဘုကျကျပြန်ပြောနေသော စွမ်းရီမင်းအား နားမလည်နိုင်အောင် ဖြစ်နေသည်။

သို့သော် ကိုဟုင်းသည် မျက်နှာကို အချိုသာဆုံးပြုံးလိုက်ပြီးနောက်...

"ကျွန်တော့်ကို ဒီနေရာလာဖို့ ဖိတ်ခေါ်ရတဲ့အကြောင်းကလေးမသိရဘူးလား"

"သိရပါတယ်"

"ဟုတ်ကဲ့ အမိန့်ရှိပါဗျာ"

"ခင်ဗျားနဲ့ ယှဉ်ပြိုင်တိုက်ခိုက်ဖို့"

"ဗျာ"

ကိုဟုင်းသည် အမှန်ပင်အံ့သြသွားသည်။

သူသည် သိုင်းလောကသားတစ်ဦးဖြစ်သော်လည်း မည်သူတစ်ဦးနှင့်မျှ ခိုက်ရန်ဒေါသမဖြစ်ခဲ့ဘူးသည့်အပြင် မည်သည့်မတရားမှုမျိုးကိုမှလည်း မကျူးလွန်ခဲ့ဘူးပေ။

ထို့ပြင် စွန်ရဲ့စွမ်းရီမင်းကို ကောင်းစွာသိရှိထားသူဖြစ်သည်။

သူသိရှိထားသလောက် စွန်ရဲ့စွမ်းရီမင်းသည် စိတ်ကောင်း



လွန်စွာရှိသော လူငယ်တစ်ဦးဖြစ်သည်။

သို့သော် ယခုသူ့အား မည်သည့်ရန်ငြိုးကြောင့် စိန်ခေါ်သည်ကို လုံးဝစဉ်းစား၍မရအောင် ဖြစ်ခဲ့သည်။

သူသည် စွမ်းရီမင်းအား သေချာစွာအကဲခတ်ကြည့်ရှုလိုက်သည်။

ပြီးမှ အေးဆေးစွာ မေးလိုက်သည်။

"ကျုပ်နဲ့ခင်ဗျား ဘာရန်ငြိုးရန်စ ရှိလို့လဲဗျာ"

စွမ်းရီမင်းကမူ လေသံပြတ်ဖြင့်...

"ရှိတယ်"

"ဗျာ"

"ခင်ဗျားနဲ့ကျုပ် စာရင်းရှင်းရမယ်"

"ဟုတ်ကဲ့ ပြောပါ"

စွမ်းရီမင်းက မဲ့ပြုံးပြုံးလိုက်သည်။

"မင်း...ကြွေအော့လင်းကို သိသလား"

ကိုဟုင်းသည် ယခုမှပင် အံ့သြသွားမိရတော့သည်။

ထို့နောက် သူသည် ခေါင်းကိုတဆတ်ဆတ်ညိတ်ယင်းမှ..

"သိပ်သိတာပေါ့ဗျာ"

"ခင်ဗျား...သူ့ကိုဘာလို့လိုက်ပြီး နှောင့်ယှက်နေတာလဲ"

ကိုဟုင်းသည် သူ၏မျက်ခုံးနှစ်ဘက်ကိုပင့်ပြီး စွမ်းရီမင်းအား ကြည့်လိုက်မိသည်။

"ကျုပ် လိုက်နှောင့်ယှက်နေတယ်လို့ သူကပြောသလား"

"ဟုတ်တယ်"

"ခင်ဗျားယုံသလား"

www.burmeseclassic.com

www.burmeseclassic.com



"ယုံတယ်"

ကိုဟင်းက ခေါင်းကို တဖြည်းဖြည်းချင်းခါယမ်းလိုက်သည်။

"ခင်ဗျား မှားမှာပေါ့"

"မမှားပါဘူး"

"ဘာဖြစ်လို့လဲ"

"သူက ကျုပ်ရဲ့ချစ်သူပဲ"

"အို ဟုတ်လား"

စွမ်းရှိမင်းက ခေါင်းညိတ်ပြလိုက်၏။

"ဟုတ်တယ်...ကျုပ်ချစ်သူရဲ့စကားကို ကျုပ်ယုံတယ်"

ကိုဟင်းက မဲ့ပြုံးပြုံးလိုက်ပြီး...

"ခင်ဗျားကို သူကဘာပြောလို့လဲ"

စွမ်းရှိမင်းသည် မျက်မှောင်ကုပ်လိုက်ပြီး သူ၏ဓားကို ဆွဲထုတ်လိုက်လေသည်။

"မင်းသိပ်စကားမရှည်နဲ့ကွာ၊ ဓားသာထုတ်ပါ"

ကိုဟင်းက ခြေတစ်လှမ်းနောက်ဆုတ်ကာ လက်ကာပြလိုက်လေသည်။

"နေအုံးလေ...တိုက်ခိုက်တယ်ဆိုတာ လွယ်ပါတယ်၊ ဘယ်လိုအကြောင်းကြောင့် ဆိုတာလေးတော့၊ သိချင်သေးတာပေါ့"

စွမ်းရှိမင်းက မျက်မှောင်ကုပ်လိုက်သည်။

"ခင်ဗျား ကြွေအောလင်းနောက်က အမြဲတမ်းလိုက်နှောင့်ယှက်နေတယ် မဟုတ်လား"

"ခင်ဗျား...ကြွေအောလင်းနဲ့ရင်းနှီးတာ ဘယ်လောက်ကြာပြီလဲ"



သို့သော် သူမသည် ဘာမှမဖြစ်သကဲ့သို့ပင် စိတ်တည်ငြိမ်စွာထားလိုက်မှ...

"အစ်ကို"

"အင်း...ပြောလေ"

"ကျွန်မ ဆုတောင်းမိတယ် သိလား"

"ဘာကိုလဲ"

"ဒီဘဝမှာ လူနှစ်ယောက်ရဲ့မျက်နှာကို မမြင်ရဘဲ မသေပါရစေနဲ့လို့"

စွမ်းရှိမင်းက မျက်မှောင်ကုပ်လိုက်သည်။

ပြီးမှပြန်မေးလိုက်သည်။

"ဘယ်သူတွေလဲ"

ပိုကျူက မျက်နှာကလေးတည်သွားကာ...

"တစ်ယောက်ကတော့ ကျွန်မရဲ့ဆရာဘုန်းတော်ကြီးချင်ချင်းပါ"

"အင်း နောက်တစ်ယောက်ကကော"

"အစ်ကိုပေါ့"

စွမ်းရှိမင်း သက်ပြင်းတချက်ချယင်း ပါးစပ်ပိတ်ထားလိုက်မိသည်။

သူ၏စိတ်ကမူ လှုပ်ရှားပြီးယင်း လှုပ်ရှားယင်းဖြစ်နေသည်။

ထို့ကြောင့် စိတ်ကိုတည်ငြိမ်စေရန်အတွက် အသားကင်ကိုသာ ပါးစပ်ထဲသို့ မဟားတရားထိုးထည့်နေ၏။

ပိုကျူထံမှ မပွင့်တပွင့် စကားလေးပေါ်ထွက်လာသည်။

"အစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောချင်လို့လဲညီမ"

"ကျွန်မလေ၊ အစ်ကိုရဲ့အကြောင်းကို သိပ်သိချင်တာပဲ"

"ဘယ်အကြောင်းကို သိချင်တာလဲ"

ပိုကျူက မေးသင့်မမေးသင့် ချင့်ချိန်ဟန်ပြုပြီးမှ—

"ဘာကြောင့် မိန်းမတွေကို အစ်ကိုမုန်းခဲ့ရတယ်ဆိုတဲ့အကြောင်းပါ"

"ဩော်...မိန်းကလေးရယ် မသိချင်ပါနဲ့ကွယ်"

"ဘာဖြစ်လို့လဲအစ်ကို"

"ဒီအကြောင်းတွေ ပြန်စဉ်းစားယင် နာကျည်းဒေါသဖြစ်မိတယ်၊ ပြီးတော့ မိန်းမတွေထဲမှာ တစ်ယောက်အပါအဝင်ဖြစ်နေတဲ့မင်းကိုလည်း အစ်ကိုမုန်းမိလိမ့်မယ်"

ပိုကျူသည် စွမ်းရီမင်းစကားကြောင့် စိုးရိမ်တကြီးဖြင့်ဟန့်တားလိုက်သည်။

"တော်ပြီ...တော်ပြီ မပြောပါနဲ့တော့ **အစ်ကို**"

"မင်းက ဘယ်လိုဖြစ်သွားရပြန်တာ**လဲ**"

"အစ်ကို့အကြောင်းကို ကျွန်မမသိ**ရယင်လဲနေပါစေတော့၊** အစ်ကိုမုန်းသွားမှာကိုတော့ ကျွန်မမခံ**နိုင်ဘူး**"

စွမ်းရီမင်းသည် အမှန်ပင်စိုးရိမ်ပူ**ပန်မှုများ ယှက်**သန်းနေသော ပိုကျူ၏ မျက်နှာကလေးကိုကြည့်ကာ **သနား**ကရုဏာသက်သွားမိသည်။

သူက သက်ပြင်းတချက်ချယင်း...

"မင်းသိပ်သိချင်တယ်ဆိုယင် အစ်ကိုပြောပြပါမယ်ကွယ်"

"အစ်ကိုက အစ်ကို့အကြောင်းကို ပြောပြပြီး ကျွန်မကိုမုန်း



မှာလား"

"ဩော်...မိန်းကလေးရယ်၊ ကျုပ်အပေါ်မှာ ဒါလောက်သံယောဇဉ်တွယ်တာနေတဲ့ မိန်းကလေးကို ကျုပ်မမုန်းရက်ပါဘူးကွယ်"

"အစ်ကို တကယ်ပြောတာနော်"

"ကဲ...ကဲ **နားထောင်မယ်** ပြောပြနော်"

စွမ်းရီမင်းက **သက်ပြင်းတချက်**ကို မှုတ်ထုတ်ပြီးမှ သူ့အကြောင်းကို စတင်ပြော**ဆိုလိုက်လေတော့**သည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com


အခန်း(၁၁)

## သူ့အတိတ်

နတ်ကွန်းပျက်ကြီးသည် ပကတိတိတ်ဆိတ် ငြိမ်သက်နေသည်။

လူသူနှင့်အလှမ်းကွာဝေးသော နေရာဖြစ်သောကြောင့်လည်း မည်သည့်အသံမှမကြားရခြင်းဖြစ်သည်။

သို့သော် နတ်ကွန်းပျက်ထဲတွင် လူတစ်ယောက်က မားမားကြီးရပ်တန့်နေပေ၏။

ထိုလူ၏ဦးခေါင်းတွင် အနီရဲရဲပဝါတထည်ကို လှပစွာစည်းထားသည်။

ထို့ပြင် ထိုလူ့ခါးတွင် ချိတ်ဆွဲထားသော ဓားရိုးတွင်လည်း ပဝါအနီတထည်ကို ခန့်ညားစွာ ချည်နှောင်ထားလေ၏။



"တစ်နှစ်လောက်ရှိပြီ"

"ခင်ဗျားကို သူကလက်ထပ်ပဲ့မလား"

စွမ်းရီမင်းသည် ကိုဟင်းအား မျက်မှောင်ကုပ်၍ကြည့်လိုက်သည်။

"အဲဒါ မင်းအလုပ်မဟုတ်ဘူး"

ကိုဟင်းက ပြုံးလိုက်လေသည်။

"မှန်ပါတယ်...ကျုပ်ခင်ဗျားကို သတိပေးပါရစေ"

"အင်း..ပြောစမ်းပါအုံး"

"သူဟာ ခင်ဗျားကို လှမိုက်ငှားလိုက်တာပဲ"

"ဘာ"

"ခင်ဗျားမယုံဘူးလား"

စွမ်းရီမင်းသည် ဓားကိုတင်းကျပ်စွာကိုင်၍ ရှေ့ကိုတစ်လှမ်းတိုးလာလေသည်။

"ခင်ဗျားသိပ်စကားမရှည်နဲ့၊ ကြွေအော့လင်းနဲ့ ပတ်သက်တာ ကျုပ်ဘာမှမကြားချင်ဘူး ကဲ"

စွမ်းရီမင်းသည် ပြောပြောဆိုဆိုပင် ကိုဟင်းထံသို့ဝင်ပြီး ဓားချက်တစ်ချက် ခုတ်သွင်းလိုက်သည်။

ကိုဟင်းသည် စွမ်းရီမင်း၏ဓားကို ကျင်လည်စွာရှောင်တိမ်းလိုက်ရသည်။

သူသည် စွမ်းရီမင်းအား ပြန်လည်မတိုက်ခိုက်လိုပါ။

ထို့ကြောင့် အနူးအညွတ်တောင်းပန်လိုက်သည်။

"ကျုပ် ခင်ဗျားကိုမတိုက်ချင်ဘူးဗျာ"

"မလိုချင်ဘူး...မင်းရှိနေယင် ကြွေအော့လင်းဟာ စိတ်ဆင်း

www.burmeseclassic.com

www.burmeseclassic.com



ရဲနေမှာပဲ၊ အဲဒီတော့ မင်းမတိုက်လည်း ငါကတိုက်ရမှာပဲ”

စွမ်းရီမင်းသည် ပြောပြောဆိုဆိုပင် ရှေ့သို့ တစ်လှမ်းတိုးတက်ကာ လက်ကရုတ်တရက် ရှေ့သို့ ထိုးဆန့်လိုက်သည်။

ဓားဦးသည် ကျိုဟင်း၏လည်မျိုဆီသို့ တန်းတန်းမတ်မတ် တိုးဝင်သွားသည်။

ကျိုဟင်း မနေသာတော့ပေ။

စွမ်းရီမင်းအား သူမတုံ့ပြန်ပါက သူ့အသက်ကိုစွန့်လွှတ်လိုက်ရမည် မဟုတ်ပါလား။

သူသည် ဓားကိုချက်ချင်းဆွဲထုတ်လိုက်သည်။

စင်စစ်...

ကျိုဟင်းသည် နာမည်ကျော်ကြားမှု မရှိသော်လည်း သိုင်းပညာမှာ အဆင့်နိမ့်ကျခြင်း မရှိလှပေ။

အရှိန်ပြင်းစွာဖြင့် ဝင်လာသော စွမ်းရီမင်း၏ဓားကို သူ၏ဓားနှင့် လျှပ်တပြက်ရိုက်ထုတ်ပစ်လိုက်သည်။

ဓားသံတစ်ချက်ဆူညံသွားကာ သူလည်းနောက်သို့ လျှပ်တပြက်ခုန်ဆုတ်သွားသည်။

ထိုအခါ စွမ်းရီမင်းက သိုင်းကွက်တမျိုးပြောင်းကာ ဝင်လာပြန်သည်။

စွမ်းရီမင်း၏တိုက်ကွက်သည်သာမန်တိုက်ကွက်မျိုးမဟုတ်၊ အလွန်ထက်မြက်သော 'မိချောင်းအမြီးခတ်' သိုင်းကွက်ဖြင့် ဘေးတိုက်ယှဉ်၍ ဖက်ကိုရုတ်တရက် ပိုင်းချလိုက်သည်။

ကြောက်စရာကောင်းသော တိုက်ကွက်မျိုးဖြစ်သည်။

ကျိုဟင်းသာ သတိကြီးစွာမထားဘဲ အပေါ်သို့ အရှိန်ဖြင့်



ခုန်မတက်ပါလျှင် သူ၏ဖက်သည် တိတိရိရိပြတ်သွားမည်သာဖြစ်တော့သည်။

ကျိုဟင်းသည် အတော်ပင် ထိတ်လန့်သွားတော့၏။

စွန်ရဲဟုနာမည်ကြီးနေသောသူအား နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရသောအခါ သူသည် အမှန်ပင်တုန်လှုပ်ချောက်ချားသွားမိသည်။

သူကတောင်းပန်သော်လည်း စွမ်းရီမင်းက လက်မခံသည့်အတွက်ကြောင့်သာ ပြန်လည်တိုက်ခိုက်နေရသော် လည်း အမှန်ပြောရလျှင် စွန်ရဲကို သူမယှဉ်ပြိုင်ဝံ့ပေ။

ယခု စွန်ရဲစွမ်းရီမင်းသည် သူ၏အထက်မြက်ဆုံးသောဓားချက်ကို ကျိုဟင်းက ရှောင်ထွက်နိုင်သဖြင့် နောက်တမျိုးကိုပြောင်း၍တိုက်ပြန်သည်။

ကျိုဟင်းမှာ ဇောချွေးများပြန်လာလေသည်။

သူသည် လုံးဝမယှဉ်နိုင်သည်ကို သိရှိလာပြီဖြစ်သည်။

ထိုစဉ် ရုတ်တရက်...

စွမ်းရီမင်း၏ဓားဖျားက သူ၏လက်မောင်းကို တချက်ခိုက်ဝင်သွားသောအခါ ကျိုဟင်းသည် နောက်သို့ လျင်မြန်စွာဆုတ်လိုက်ပြီး...

“ကျုပ်...ခင်ဗျားကို မယှဉ်နိုင်ပါဘူးဗျာ”

“မင်းငါ့ကိုကတိပေးပါ”

ကျိုဟင်းသည် သူ၏လက်မောင်းကို ဆုပ်ကိုင်ထားယင်း ခေါင်းညိတ်ပြလိုက်သည်။

“ကျုပ်...ကြွေအော့လင်းကို လုံးဝမနှောင့်ယှက်တော့ပါဘူး

www.burmeseclassic.com

www.burmeseclassic.com



ဗျာ"

စွမ်းရီမင်းသည် သူ၏ခြားကို စားအိမ်ထဲသို့ ပြန်သွင်းလိုက်တော့သည်။

♣ ♣ ♣

ကြွေအော့လင်း...

သူမသည် လွန်စွာချောမောလှပသော မိန်းကလေးတစ်ဦးဖြစ်သည်။

စွမ်းရီမင်းသည် သူမအား စတင်တွေ့ရှိသည့်အချိန်ကစ၍ ထူးထူးခြားခြားစွဲလမ်းမိခဲ့သည်။

သူမသည် ဒုက္ခအမျိုးမျိုးခံစားနေရသော မိန်းကလေးတစ်ဦးအဖြစ် စတင်သိကျွမ်းခဲ့ရလေသည်။

သူမအား တွေ့ဆုံခဲ့ရသည်မှာ တည်းခိုခန်းတစ်ခုတွင် ဖြစ်သည်။

သူမသည် တည်းခိုခန်းတစ်ခုတွင် ခိုအောင်း၍ မသွားရဲမလာရဲ ဖြစ်နေပေသည်။

ထိုစဉ်မှာပင် စွမ်းရီမင်းနှင့်တွေ့ရှိကာ သူမအားသနားကြင်နာသွားမိသည်။

သူမ၏အဖြစ်သနစ်ကို မေးမြန်းကြည့်ရှုသောအခါ...

သူမက လုံးဝမနှစ်သက်သော လူတစ်ယောက်က လက်ထပ်ရန် အမြဲတမ်းလိုက်နှောင့်ယှက်နေသဖြင့် ရှောင်တိမ်းနေရ



ကြောင်းသိလိုက်ရသည်။

ထိုအချိန်မှစ၍ စွမ်းရီမင်းက သူမအား အကာအကွယ်ပေးမည်ဟု အားပေးစကားပြောကြားကာ သူမ၏ဘဝအား စိတ်ချမ်းမြေ့စေခဲ့သည်။

ထိုအခါ သူတို့နှစ်ဦးသည် တဦးအပေါ်တဦး သံယောဇဉ်တွယ်တာမိကာ ချစ်သူဘဝသို့ ရောက်ရှိလေတော့သည်။

ကြွေအော့လင်းအနေနှင့်မူ သူ့အပေါ် မည်မျှချစ်သည်ကို မခန့်မှန်းနိုင်ပါ။

သို့သော်...

စွမ်းရီမင်းကမူ ကြွေအော့လင်းအား မျက်စေ့အောက်က အပျောက်မခံနိုင်သည်အထိ ဖြစ်လာသည်။

သူသည် မိဘများထံမှငွေကြေးများကို မရမကတောင်းကာကြွေအော့လင်းတစ်ယောက် မျက်နှာမငယ်စေရန် တည်းခိုခန်း၌ ငွေကြေးလုံလောက်စွာ ပေးထားသည်။

သူမ၏အကြောင်းကို မေးမြန်းရာ မိဘမဲ့သူလေးအဖြစ်သိရ ပြန်သဖြင့် ပို၍ပင်ကြင်နာသနားသွားမိကာ စွမ်းရီမင်းက လက်ထပ်ခွင့်တောင်းခံသည်။

သို့သော်...

ကြွေအော့လင်းသည် အမျိုးမျိုးအကြောင်းပြကာ တစ်နှစ်စောင့်ဆိုင်းရန် ရွှေ့ဆိုင်းခဲ့သည်။

တစ်နေ့...

စွမ်းရီမင်းသည် ကြွေအော့လင်းနေထိုင်ရာ တည်းခိုခန်းသို့ရောက်ရှိလာသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြွေအော့လင်းကိုတွေ့ရသောအခါ မျက်နှာမသာမယာ ဖြစ်နေသည်ကို တွေ့ရသဖြင့် စွမ်းရီမင်းက စိုးရိမ်တကြီး မေးလိုက်သည်။

"ညီမမျက်နှာ မသာမယာဖြစ်နေတာ ဘာဖြစ်လို့လဲဟင်"

ကြွေအော့လင်းသည် စွမ်းရီမင်းမေးတော့မှပင် ရုတ်တရက် ငိုချလိုက်သည်။

စွမ်းရီမင်းမှာ ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ မေးလိုက်မိလေတော့သည်။

"ပြောစမ်းပါညီမ၊ ညီမဘာဖြစ်လို့လဲ၊ ညီမကိုဘယ်သူက စော်ကားလို့လဲ"

ကြွေအော့လင်းက မျက်ရည်များကိုသုတ်ယင်း...

"ညီမဖွင့်ပြောလိုက်ယင် အစ်ကိုတို့ချင်း ရန်ငြိုးရန်စဖြစ်သွားမှာကို စိုးရိမ်မိပါတယ်အစ်ကို"

"ပြောမှာသာပြောစမ်းပါ၊ ညီမကိုဘယ်သူကစော်ကားနေသလဲ၊ အဲဒီလူဟာ ဘယ်လောက်အစွမ်းထက်တဲ့ သိုင်းသမားတစ်ယောက်ဖြစ်နေပါစေ၊ သူနောက်ထပ်မစော်ကားဝံ့အောင် ဆုံးမပေးပါ့မယ်"

"ဒီလိုပါအစ်ကို ဒီတည်းခိုခန်းကို အမြဲတမ်းဝင်ထွက်နေတဲ့ ကျိုဟင်းဆိုတဲ့လူကို အစ်ကိုသိသလားဟင်"

စွမ်းရီမင်း ခေါင်းညိတ်၍...

"သိတယ် သူကညီမကို စော်ကားသလား"

"စော်ကားတဲ့အဆင့်အထိတော့ မဟုတ်သေးပါဘူး၊ ဒါပေမယ့် သူကသူ့ကိုလက်ထပ်ဖို့ ခြိမ်းခြောက်နေတယ်၊ ကျွန်မ အကြိမ်



ကြိမ်ငြင်းဆိုနေတဲ့ကြားက ခုထိအောင်ပဲ လိုက်နှောင့်ယှက်နေပါတယ်"

"တောက်... ဒီကောင်က ညီမကို ဒီလိုပဲ လိုက်နှောင့်ယှက်နေသလား၊ အခုပဲ ကျုပ်အကြောင်း သိစေရမယ်"

စွမ်းရီမင်းသည် ပြောပြောဆိုဆိုပင် ရုတ်တရက် ထိုင်ရာမှထ၍ တည်းခိုခန်းမှ ပြန်လည်ထွက်ခွာသွားလေတော့သည်။

ဤကားကျိုဟင်းနှင့် တိုက်ခိုက်ခဲ့ရသည့် အကြောင်းရင်းပင်။

စွမ်းရီမင်းသည် ကျိုဟင်းကို တိုက်ခိုက်ပြီးနောက် ကြွေအော့လင်းရှိရာ တည်းခိုခန်းသို့ ဝမ်းသာအားရဖြင့် ပြန်လာခဲ့သည်။

တည်းခိုခန်းသို့ရောက်လျှင် စွမ်းရီမင်းသည် ကြွေအော့လင်း၏ တည်းခိုခန်းဆီသို့ လျှင်မြန်စွာပင် သွားရောက်သည်။

သို့ရာတွင် ကြွေအော့လင်းကို မတွေ့ရဘဲ အခန်းတံခါးသော့ပိတ်ထားသည်ကို တွေ့ရလေသည်။

သူက ဆိုင်အလုပ်သမားလေးများအား မေးမြန်းမည် ပြုစဉ်မှာပင် လူငယ်တဦးက သူ့အား စာတစောင်လာ၍ ပေးလေ၏။

စွမ်းရီမင်းသည် ထိုစာအား အငမ်းမရဆွဲယူ၍ ဖတ်ကြည့်လိုက်ရာ...

"ကျွန်မကို အခုလိုအကူအညီပေးတဲ့အတွက်ကျေးဇူး တင်ပါတယ်၊ မသေရင်တော့ တနေ့ ပြန်တွေ့ကြသေးတာပေါ့ရှင်"

ကြွေအော့လင်း။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရှိမင်းသည် နာကျည်းခံပြင်းစွာဖြင့် တောက်တချက်ကို ပြင်းထန်စွာ ခေါက်လိုက်လေသည်။

ကျိုဟင်းကို သူတိုက်ခိုက်နေစဉ်က ကျိုဟင်း၏ပြောစကားများကိုလည်း ပြန်လည်ကြားယောင်လာသည်။

ဤတွင် ကြွေအော့လင်းသည် သူ့ကိုမာယာနှင့်လှည့်ဖြားသွေးဆောင်ကာ သူကိုခုတုံးလုပ်သွားကြောင်း နားလည်သဘောပေါက်လိုက်မိတော့သည်။

ထိုအကြောင်းကို ပြန်တွေးမိသောအခါ ရင်လည်းနာ ဒေါသလည်းဖြစ်ရသည်။

သူ့ကိုယ်သူလည်း ရှက်မိသည်။

သူသည် စာကိုဖတ်ပြီးသည်နှင့် ချက်ချင်းစားသောက်ဆိုင်သို့ထွက်လာခဲ့သည်။

ထိုနေ့မှစ၍ သူသည်အရက်ကိုသာ နေ့စဉ်ရက်ဆက် ဖိသောက်နေမိလေတော့၏။

ပထမတွင် တစ်နေ့ကို အရက်နှစ်အိုးသောက်သောက်နေရာမှ နောက်ပိုင်းရေချိန်တဖြည်းဖြည်းမြင့်တက်လာကာ သုံးအိုးအထိ မှန်မှန်သောက်လာတော့သည်။

ဤသို့ဖြင့် ထိုတည်းခိုခန်းနှင့်စားသောက်ဆိုင်သည် သူ့အဖို့ စိတ်ဖြေရာဌာနကြီးတစ်ခု ဖြစ်ခဲ့တော့သည်။

မနက်မိုးလင်းကမိုးချုပ် ထိုဆိုင်ထဲ၌ပင် အချိန်ကုန်ခန်းတော့သည်။

ကြွေအော့လင်းအား တစ်နေ့တွေ့နိုး၊ တစ်နေ့ပြန်လာနိုးနှင့် စောင့်စားနေ၏။



သူမ၏ မပြည့်မစုံရေးသားထားသော စာကြောင့် သူ့စိတ်ထဲတွင် မတင်မကျဖြစ်နေပေသည်။

သူ့အား အပြီးအပိုင် စွန့်လွှတ်ထွက်ခွာသွားခြင်းပေလော။

သို့မဟုတ်...

ကိစ္စတခုကြောင့် မလွှဲသာ မရှောင်သာ ထွက်ခွာသွားရခြင်းပေလော။

သူမသည် လိုက်လံနှောင့်ယှက်နေသော လူတစ်ယောက်ကြောင့် စိတ်ဒုက္ခရောက်နေရပါသည်ဟု ဆိုသည်။

ယခု သူက ထိုလူကိုသွားရောက် ဆုံးမပေး၏။

ထိုအခါ...

စာထဲတွင် အခုလိုအကူအညီပေးသည့်အတွက် ကျေးဇူးတင်ပါသည်ဟု ရေးသားထားသည်။

ဤသို့ဆိုလျှင် သူပြန်လည်ရောက်ရှိလာသည့်အချိန်ထိ မစောင့်နိုင်ဘဲ ဘာကြောင့်ထွက်ခွာသွားရလေသနည်း။

မည်သည့်နေရာသို့ ထွက်ခွာသွားပါသနည်း။

သူသည် တွေးယင်းတွေးယင်းမှ သူမ၏စကားသံများကို နားထဲ၌ ကြားယောင်လာမိပြန်သည်။

"အဲဒီလူကို အစ်ကိုဆုံးမနိုင်ပါတယ်၊ သူသာသေသွားယင် ကျွန်မဘဝလည်း အတော်ကိုစိတ်ချမ်းသာမှာပါ"

ကျိုဟင်းသေလျှင် သူ့ဘဝစိတ်ချမ်းသာမည်ဟု ဆိုခဲ့သည်။

စွမ်းရှိမင်းသည် အစွဲအလန်းကြီးသော လူငယ်တစ်ဦးဖြစ်သည်။

သူသည် ကြွေအော့လင်းအား အသက်ပေး၍ ချစ်ခဲ့သူဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ပေသည်။

ကြွေအော့လင်း စိတ်ဆင်းရဲမှာကို သူကလုံးဝမလိုလား။

ထို့ကြောင့်...

မိုက်မိုက်ကန်းကန်းဆုံးဖြတ်ကာ ကျိုဟင်းကို ဆုံးမခဲ့ခြင်း ဖြစ်ပေသည်။

သို့သော်...

တကယ့်လက်တွေ့မှာ သူတမျိုးတဖုံ ဖြစ်လာခဲ့သည်။

စွမ်းရီမင်းသည် ကျိုဟင်းအား အသေသတ်မည်ဟု စိတ်ကူးခဲ့သော်လည်း အရှုံးပေးအညွှံ့ခံနေသော လူတစ်ဦးကို သူကနိုင်သက်စီးနင်းသတ်ဖြတ်လိုသော စိတ်ထားမျိုးမရှိပေ။

တကယ်တော့ သူအချစ်စိတ်မည်မျှမွှန်နေစေကာမူ ရက်စက်သော စိတ်ထားတော့မရှိပေ။

ထို့ကြောင့်...

သူသည် ကျိုဟင်းအား မနှောင့်ယှက်ရန် ကတိတောင်းပြီး အသက်ဘေးမှ ချမ်းသာပေးခဲ့သည်။

ဤသည်ကိုတော့ သူမသိသွားခဲ့လေသလား။

သူသည် တွေးယင်းတွေးယင်းမှ အရက်ကိုတစ်ခွက်ပြီး တစ်ခွက်ဖြင့် သောက်နေပေသည်။

ရက်အတန်ကြာသောအခါ စားသောက်ဆိုင်တွင် သူအရက်သောက်နေစဉ် လူတစ်ယောက်က သူ့စားပွဲရှေ့တွင် လာရပ်လိုက်သည်။

စွမ်းရီမင်းသည် ရီဝေသောမျက်လုံးအစုံဖြင့် မော့ကြည့်လိုက်ရာ ထိုလူကို တွေ့မြင်ရသည်နှင့် အံ့အားသင့်သွားတော့သည်။



အဘယ်ကြောင့်ဆိုသော်...

စားပွဲရှေ့၌ လာရပ်သူမှာ ကျိုဟင်းဖြစ်နေသောကြောင့်ပင် တည်း။

"သြော် မင်းကိုး"

စွမ်းရီမင်းက ညည်းညူလိုက်မိသည်

ကျိုဟင်းက ခေါင်းညိတ်ယင်း...

"ဟုတ်ပါတယ် ကျွန်တော်ပါ"

စွမ်းရီမင်းက မျက်မှောင်ကုပ်လိုက်၏။

"ဘာပြောချင်လို့လဲ မကျေနပ်ပွဲ စိန်ခေါ်ချင်လို့လား"

ကျိုဟင်းက အနည်းငယ်ပြုံးလိုက်၏။

ပြီးမှ ခေါင်းကိုခါယမ်းလျက် ကုလားထိုင်တလုံး၌ဝင်၍ထိုင်လိုက်၏။

"ကျွန်တော် ခင်ဗျားကို စိန်ခေါ်လိုတဲ့ဆန္ဒမရှိပါဘူး၊ ရုတ်တရက်တွေ့လိုက်ရလို့ လာနှုတ်ဆက်တာပါ"

စွမ်းရီမင်းသည် ကျိုဟင်း၏မျက်နှာကို အတန်ကြာအောင် အကဲခတ်၍ ကြည့်ရှုနေ၏။

ထို့နောက်...

ကျိုဟင်း၏ လက်မောင်းကိုကြည့်ကာ...

"ဘယ့်နှယ် ခင်ဗျားလက်မောင်းကဒဏ်ရာ တော်တော်သက်သာသွားပြီလား"

"ဟုတ်ကဲ့ ကောင်းသွားပါပြီ"

"ဘာလဲ ခင်ဗျားက ကြွေအော့လင်း နောက်ကိုလိုက်ပြီး နှောင့်ယှက်အုံးမလို့လား"

www.burmeseclassic.com

www.burmeseclassic.com



ကိုဟင်းကပြုံး၍ ခေါင်းယမ်းပြလိုက်လေသည်။

"ကျွန်တော် လက်လျှော့လိုက်ပါပြီ"

"ကောင်းပါတယ်"

"ဒါထက် ကျွန်တော်ခင်ဗျားကို တခုမေးပါရစေ"

"ဘာလဲ"

"အခု ကြွေအော့လင်း ဘယ်ရောက်နေသလဲ"

စွမ်းရီမင်းသည် ကိုဟင်းအား မကျေနပ်သလို တချက်ကြည့်လိုက်သည်။

"ဒါ...ခင်ဗျားအလုပ် မဟုတ်ပါဘူး"

ကိုဟင်းက စိတ်ဆိုးဟန်မပြဘဲ သူပြောလိုသည်ကိုသာ ဆက်၍ ပြောလိုက်သည်။

"ကျုပ်ထင်တာ မလွဲဘူးဆိုယင် သူတို့လင်မယား ဒီကထွက်ပြေးသွားပါပြီ"

"ဘာပြောတယ်ဗျ"

စွမ်းရီမင်းသည် အကြီးအကျယ်တုန်လှုပ်သွားမိသည်။

ခေါင်းနပန်းကြီးသွားကာ သောက်ထားသည့် အရက်ရှိန်များပင် ပြေပျောက်သွားရတော့သည်။

"ခင်ဗျား ဘာပြောလိုက်တာလဲ"

ကိုဟင်းက ပြုံးလိုက်ပြီး...

"ကြွေအော့လင်းမှာ ယောကျ်ားရှိတယ်ဗျ"

စွမ်းရီမင်း၏မျက်နှာမှာ ဒေါသကြောင့် နီရဲသွားသည်။

"ခင်ဗျား မတော်မတရား စော်ကားနေတာလား"

"ကျွန်တော့်စကားကို ခင်ဗျားဆုံးအောင် နားထောင်သင့်ပါ



တယ်ဗျာ"

"အင်း...ပြော"

"ကျွန်တော်လည်း ခင်ဗျားလိုပဲ ခံခဲ့ရတာပဲ"

"ဗျာ..ဘယ်လို...ဘယ်လို"

ကိုဟင်းက အေးအေးသာသာအယာပြုံးကာ...

"ကျွန်တော်လည်း ကြွေအော့လင်းကို သဲသဲမဲမဲချစ်ခဲ့ရတဲ့လူပါဗျာ"

"သိသားပဲ၊ ဒါကြောင့် ခင်ဗျားလိုက်နှောင့်ယှက်နေတာမဟုတ်လား"

ကိုဟင်း လက်ကာပြလိုက်ပြီး...

"ကျွန်တော့်စကားကို ဆုံးအောင်နားမထောင်ယင် ဆက်မပြောတော့ဘူးဗျာ"

စွမ်းရီမင်းသည် အရက်ကိုမော့ချလိုက်လေသည်။

ပြီးမှ ကိုဟင်းကို တချက်အကဲခတ်လိုက်သည်။

ကိုဟင်း၏မျက်နှာတွင် လိမ်ညာပြောဆိုမည့် အရိပ်အရောင်များကို မတွေ့ရသဖြင့် သူမေးမြန်းခြင်းများဖြင့် အချိန်မဖြုန်းလိုတော့ပေ။

"ကဲ...ဆုံးအောင်သာ ပြောစမ်းဗျာ"

"ကျွန်တော်နဲ့ ကြွေအော့လင်းနဲ့ တစ်ယောက်ကိုတစ်ယောက် အတော်ပဲချစ်ခဲ့ကြတယ်ဗျ"

"အင်း...ဟုတ်ပြီ"

"သူ့ဘဝက ဆင်းဆင်းရဲရဲမို့ ကျွန်တော် လက်ဝတ်လက်စားအပြည့်အစုံ ဆင်ထားပါတယ်၊ တစ်နေ့ သူဟာ ကျွန်တော့်ဆီမှာ

www.burmeseclassic.com

www.burmeseclassic.com



ငွေတစ်သောင်းတောင်းပါတယ်၊ ကျွန်တော်ကလည်း လက်ထပ်မယ့် ဆဲဆဲဆိုတော့ ဝယ်စရာခြမ်းစရာ ရှိတယ်ထင်ပြီး ငွေတစ်သောင်း တိတိပဲ ထုတ်ပေးလိုက်ပါတယ်"

စွမ်းရီမင်း အတော်ပင်စိတ်ဝင်စားသွားသည်။

ထို့ကြောင့်…

သူက ပြတ်သွားသောစကားကို ထောက်ပေးလိုက်သည်။

"အဲဒီတော့"

"ကျွန်တော်ထင်သလို မဟုတ်ဘူးဗျ"

"သူက အဲဒီငွေကို ဘာလုပ်သလဲ"

"လူတစ်ယောက်ရဲ့လက်ထဲကို ပြုံးပြုံးရွှင်ရွှင်နဲ့ ထည့်လိုက်တာ ကျွန်တော်ကိုယ်တိုင် မြင်လိုက်ရတယ်ဗျာ"

ကိုဟုင်းက နားနားကျည်းကျည်း ပြောဆိုလိုက်သည်။

"အဲဒီလူဟာ ဘယ်သူလဲလို့ ခင်ဗျားမေးမကြည့်ဘူးလား"

"မေးဖို့ အချိန်မရလိုက်ဘူးလေ"

"ဟင်…ဘာဖြစ်လို့လဲ"

"အဲဒီနေ့ကစပြီး နှစ်ယောက်စလုံး ပျောက်သွားကြတာပဲ"

စွမ်းရီမင်းသည် အရက်ကို နှစ်ခွက်တိတိဆက်၍ သောက်ချ လိုက်သည်။

ပြီးမှ သူသည် ကိုဟုင်း၏မျက်နှာကို လှမ်းကြည့်ကာ…

"ခင်ဗျားပြောနေတာတွေ အမှန်ပဲလား"

"ကျွန်တော်က ဘာလို့ညာရမှာလဲ"

"သူ့ယောကျ်ားလို့ ဘာလို့ခင်ဗျားက တိတိကျကျပြောနိုင် တာလဲ"



ကိုဟုင်းက ပြုံးလိုက်သည်။

"ကျွန်တော် သူ့ကိုလိုက်ရှာနေတာ အတော်ကြာပြီဗျ၊ ဒီကျ မှပဲ လာတွေ့တော့တယ်၊ တနေ့က ကျုပ်ကမေးတယ်၊ အဲဒါခင်ဗျား ယောကျ်ားလားလို့ မေးတော့ သူကခေါင်းညိတ်ပြတယ်"

"ခင်ဗျားငွေတွေ ပြန်ရသလား"

"ကျွန်တော် အဲဒါပဲမေးတာပေါ့၊ နင့်ယောကျ်ားဘယ်မှာလဲ ငါ့ငွေတွေဘယ်မှာလဲလို့ မေးတော့ မကြာခင် ပြန်ပေးမယ်လို့ပြော ပြီး နောက်ဆုံးခင်ဗျားနဲ့ ကျွန်တော့်ကို ရန်တိုက်ပေးလိုက်တာပဲ"

စွမ်းရီမင်း ခေါင်းညိတ်လိုက်လေသည်။

"ကျုပ်သဘောပေါက်ပြီ၊ ကျုပ်ကသာ ခင်ဗျားကို အသေ သတ်လိုက်ယင် ဒီကိစ္စဟာ အလိုလိုပြီးသွားမှာကိုး၊ ဒါကြောင့် ကျုပ် ကိုအသေသတ်ခိုင်းတာ"

ကိုဟုင်းကလည်း…

"ဟုတ်ပါတယ်၊ ခင်ဗျားဟာ သူ့အပေါ် သိပ်ပြီးသံယောဇဉ် ကြီးမားနေတော့ အဲဒီနေ့က ကျွန်တော်ရှင်းပြမယ့်စကားတွေကို ခင်ဗျားကလုံးဝလက်မခံဘူး"

စွမ်းရီမင်းသည် ကိုဟုင်းကို အတော်ပင် မျက်နှာပူသွား မိသည်။

မဘက်လိုက်၍ မိုက်ဘက်ပါရသည့် သူ့အဖြစ်ကို တွေးမိ သောအခါ ရှက်လည်းရှက်မိသည်။

"ကျုပ်…ကျုပ်…ခင်ဗျားကို တောင်းပန်ပါတယ်"

"ကိစ္စမရှိပါဘူး၊ ခင်ဗျား ကျွန်တော့်ကို အသေမသတ်သွား တာပဲ ကျေးဇူးတင်လှပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရီမင်းသည် အရက်ကိုတခွက်ပြီးတခွက် ဆက်သောက်လိုက်လေသည်။

ထို့နောက်...

ပါးစပ်မှ နာကျည်းစွာ ရေရွတ်နေပေသည်။

"မြွေပွေးမ...မြွေပွေးမ"

♣ ♣ ♣



အခန်း(၁၂)

## သူ့အစွမ်း

"ကဲ..ညီမ ဘာများထပ်သိချင်သေးသလဲ"

စွမ်းရီမင်းသည် သူ၏စကားဆုံးသွားသည်နှင့် ပိုကျူအား ကြည့်၍မေးလိုက်၏။

ပိုကျူသည် စိတ်ဝင်စားစွာ နားထောင်ယင်းမှ သက်ပြင်းတချက်ကိုချလိုက်လေသည်။

"အင်း...အစ်ကိုစိတ်နာမယ်ဆိုလဲ နာလောက်ပါတယ်လေ"

"စိတ်နာရုံတင်မကဘူး၊ သူ့ကိုတွေ့ယင် သတ်ပစ်ချင်တာ"

ပိုကျူက အနည်းငယ်ပြုံးလိုက်ပြီး စနောက်စွာပြောသည်။

"ဟို ကျိုဟင်းဆိုတဲ့လူလဲ အစ်ကို့လိုပဲ ဖြစ်နေမှာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…သူကလဲ ငွေတွေပါသွားတော့ စိတ်နာပြီး သူ့နောက်ကို လိုက်နေတာ၊ ကျုပ်လဲ မစိတ်မွန်ပြီး သူ့ကိုစားနဲ့ထိုး မိတာ စိတ်မကောင်းပါဘူး"

စွမ်းရီမင်းသည် အမှန်ပင် စိတ်မကောင်းဖြစ်မိသဖြင့် မျက်နှာညှိုးငယ်သွားသည်။

ပိုကျူကမူ…

"အစ်ကို ကျိုဟင်းကိုမသတ်မိတာ ကံကောင်းတာပဲ၊ နို့မို့ အဲဒီလူပါ အချောင်သေအုံးမှာ"

"ဟုတ်တယ်၊ ကျုပ်ကိုအသေသတ်နိုင်းတာ ကျုပ်သွားယှဉ် ပြိုင်တယ်ဆိုကတည်းက ကျိုဟင်းဟာ အမှန်သေမှာပဲလို့ သူကတွက် ထားပုံရတယ်"

"အင်း…အဲဒီလိုမိန်းမမျိုးကိုတော့ **အစ်ကိုမုန်းသင့်ပါတယ်**"

"ကျုပ်တော့ မိန်းမတိုင်းဟာ **ဒီစိတ်ထားမျိုးပဲ ရှိမှာပဲလို့** ထင်ထားတာပဲ"

ပိုကျူက ပြောလေ၏။

"အဲဒီလိုမိန်းမမျိုးထဲမှာ ကျွန်မ မပါ ပါရစေနဲ့ **အစ်ကိုရယ်**"

စွမ်းရီမင်းက သူ့စကားမှားမှန်းသိသဖြင့် တချက်ရယ်မော **လိုက်ကာ…**

"ဘာလို့ပါရမှာလဲ၊ မင်းက ငါ့ညီမပဲဟာ"

ထိုစကားကြောင့် နှစ်ဦးစလုံး ရယ်မောသံကလေး**များလွှင့်** သွားတော့၏။

ညဦးပိုင်းက မှောင်မည်းနေသော မိုးသည် ယခု**အချိန်**ထိ တပေါက်မျှရွာသွန်းခြင်း မရှိခဲ့ပေ။



ထို့ကြောင့်…

တဲကလေးသည် ခြောက်သွေ့သာယာနေ၏။

**စွမ်းရီမင်းသည်** ထင်းများကို မီးပုံထဲခပ်များများကလေး ထိုးထည့်လိုက်လေသည်။

ထို့နောက် ပိုကျူအား….

"ညီမအိပ်တော့လေ၊ အစ်ကိုစောင့်ပေးပါ့မယ်"

"ကျွန်မအတွက် ဒုက္ခမခံပါနဲ့ အစ်ကိုရယ်၊ အစ်ကိုသာအိပ်ပါ၊ ကျွန်မနားစွင့်နေပါတယ်"

"တကယ်လို့ မိုးတွေသိပ်ရွာနေယင် ညီမအနေနဲ့ ဘာသံ ကြားမှာလဲ"

"မိုးသံတွေက သိပ်ပြင်းထန်နေယင်တော့ မကြားရဘူးပေါ့၊ ဒါပေမယ့် သတ္တဝါတွေရဲ့အနံ့ကိုတော့ ရလာတတ်တယ်"

"ဟင်..ဟုတ်လား"

"ဟုတ်တယ်…အနံ့ကိုမှတ်သားသိရှိရတဲ့ပညာကလဲ သိပ် ပြီးမလွယ်လှဘူး၊ ကျွန်မ တစ်နှစ်လုံးလုံးသင်ခဲ့ရတယ်"

စွမ်းရီမင်းသည် အံ့သြဟန်ဖြင့် မျက်ခုံး**နှစ်ဖက် အပေါ်သို့** မြင့်တက်သွားတော့သည်။

"အနံ့ခံတဲ့ပညာ ဟုတ်လား"

"ဟုတ်တယ်"

သူသည် အတော်ကလေး စိတ်ဝင်စားသွားကာ…

"အင်း…လုပ်စမ်းပါအုံး ဗဟုသုတရတာပေါ့"

ပိုကျူကလည်း သူသင်ကြားခဲ့ရသော ဗဟုသုတကို စွမ်းရီ မင်းအား ပြန်ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



"တကယ်တော့ အမှုမဲ့အမှတ်မဲ့နေရင်သာ မသိတာပါ အစ်ကိုရယ်၊ တကယ်လို့ ဂရုစိုက်မယ်ဆိုရင် အလိုလိုသိလာတာပါပဲ၊ ဥပမာ အစ်ကိုကလည်း ဒါဟာ ဟင်းအိုးနံ့၊ ဒါဟာ ကြော်တဲ့အနံ့၊ ဒါဟာ ဘယ်ပန်းအနံ့ဆိုတာ သိတယ် မဟုတ်လား"

စွမ်းရှိမင်းက ခေါင်းညိတ်၍...

"ဒါတော့ သိတာပေါ့"

"အဲဒီလိုပါပဲ၊ ပိုပြီးတော့ အာရုံစိုက်ပြီး မှတ်လိုက်မယ်ဆိုရင် ကျွန်မနဲ့ လူလေးယောက်လောက် စကားထိုင်ပြောယင် ကျွန်မနှာခေါင်းထဲမှာ အနံ့လေးမျိုးလာရတယ်၊ ဘာဖြစ်လို့ ဒီလိုရသလဲဆိုတော့ လူတွေမှာ သူ့အနံ့နဲ့သူ ရှိကြတာပဲ၊ တချို့လူတွေရဲ့ ထွက်တဲ့ ချွေးနံ့ဟာဆိုရင် မခံသာအောင် ပြင်းတယ်"

စွမ်းရှိမင်းက သဘောပေါက်သွားပြီး ထောက်ခံစကားဆိုလိုက်သည်။

"အင်း... ဟုတ်ပြီ... ဟုတ်ပြီ"

"တချို့လူတွေရဲ့အနံ့ဟာ ခပ်သင်းသင်းရှိတယ်၊ အမျိုးမျိုးပဲပေါ့၊ အခုဆိုရင် အစ်ကိုရဲ့ ကိုယ်နံ့ဟာ ကျွန်မနှာခေါင်းထဲကနေပြီး ဦးနှောက်ထဲအထိ စွဲနေပြီ၊ အစ်ကို မယုံဘူးလား"

စွမ်းရှိမင်းက အံ့သြစွာဖြင့် ရယ်မောလိုက်ပြီး...

"ငါတော့ ယုံရခက် မယုံရအခက်ပဲ"

ပိုကျူကမူ စိတ်ပါလက်ပါ ဆက်၍ ရှင်းပြနေသည်။

"အစ်ကို မယုံယင် ကျွန်မတနေ့ လက်တွေ့ပြမယ်၊ ကျွန်မ ဆရာချင်ချင်းရဲ့ ကိုယ်နံ့ဆိုရင် သေတဲ့အထိ ဖျောက်လို့ရမှာ မဟုတ်ဘူး၊ ပြီးတော့ ဆရာကြီးချင်ချင်းက ပြောတယ်၊ လူတွေမှာ အာ



တခုခု ချတ်ယွင်းသွားရင် ကျန်တဲ့အာရုံဟာ ပိုပြီး ထက်မြက်သွားတတ်တယ်တဲ့"

စွမ်းရှိမင်းက ခေါင်းညိတ်၍...

"ဒါကိုတော့ အစ်ကိုလည်း လက်ခံပါတယ်"

ပိုကျူကမူ သူသိရှိလေ့လာထားသော အချက်ကိုဆက်၍ ရှင်းပြနေ၏။

"သဘောကတော့ အစ်ကိုရယ်၊ ခြေထောက်နှစ်ဖက်ရှိနေတဲ့ လူဟာ တဖက်တည်းချိုင်းထောက်နဲ့သွားပါဆိုရင် သူဟာ ခဏပဲ ခဲရာခဲဆစ် သွားနေရမယ်၊ ကြာရှည်သွားနေမှာ မဟုတ်ဘူး၊ နှစ်ဖက်စလုံးရှိနေတယ်ဆိုတဲ့ အားကိုးစိတ်ပေါ့"

"ညီမနဲ့တွေ့မှ အစ်ကို ဗဟုသုတတွေ တိုးလာတယ်၊ ဒါတွေဟာ အမြဲတမ်း ဖြစ်ပျက်တတ်တဲ့သဘောပဲ၊ ဒါကို လူတွေက သတိထား မလေ့လာကြဘူး"

"အဲ... တဖက်လည်း မလွဲသာမရှောင်သာလို့ ဖြတ်လိုက်ရရော၊ ကျန်တဲ့ဖက်နဲ့ အခက်အခဲမရှိဘဲ သွားလို့ရနေပြီလေ၊ မျှော်လင့်ချက် မရှိတော့မယ့်အတူတူ ကျန်တဲ့တဖက်ကိုပဲ အားကိုးတော့မယ်ဆိုတဲ့ သဘောပဲ"

"အင်း... အင်း... ငါ သဘောပေါက်ပြီ၊ စိတ်ကိုက ဒီလို မဖြစ်ရင် ဒီလိုဖြစ်အောင်တော့ လုပ်မယ်ဆိုတဲ့ စိတ်မျိုးပေါ့"

"ဟုတ်တယ်... ဟုတ်တယ်၊ ဘဝကို အရှုံးမပေးဘဲ ကြိုးစားဆောင်ရွက်တဲ့ စိတ်ထားမျိုးပေါ့"

"အင်း... ဒါကြောင့် လူတွေဟာ စိတ်အရေးအကြီးဆုံးလို့ ပညာရှိကြီးတွေက ပြောနေကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့ အစ်ကိုရဲ့ စိတ်ဆိုတာ ဘာမှ အသုံးမကျတဲ့နေရာမှာ စွဲစွဲလမ်းလမ်း မထားရဘူး"

စွမ်းရီမင်းသည် ပိုကျူအား မျက်လုံးပြူး၍ ကြည့်လိုက်၏။

ထိုစကားသည် သူ့အား စောင်းမြောင်း၍ ပြောနေသည်ဟု ထင်မိလိုက်လေသည်။

"ပိုကျူ"

"ရှင်..."

"မင်း... ကျုပ်ကို ဆုံးမနေတာလား"

"အို... မဟုတ်ရပါဘူး... အစ်ကိုရယ်၊ ကျွန်မ စကားက တိုက်ဆိုင်သွားလို့ ဖြစ်ပါလိမ့်မယ်"

"ဒါပေမယ့်... မင်းပြောတာ မှန်တယ်"

"ရှင်..."

"ငါ... သူ့ကို မေ့လိုက်ပါပြီ"

"ဩော်..."

ဤသို့ဖြင့် တစ်ညတာ ဘေးကင်းရန်ကင်း ကုန်လွန်သွားလေ၏။

နောက်တနေ့တွင် ခရီးထွက်ကြသည်။

တနေ့လုံး သာသာယာယာ ရှိနေသဖြင့် သူတို့နှစ်ဦး ခရီးသွားရသည်မှာ အဆင်ပြေလှသည်။

ခရီးကလည်း အတော်ကလေး ပေါက်လာကြပြီ ဖြစ်၏။

ယခုအခါ သူတို့နှစ်ဦးသည် အလွန်မတ်စောက်သော တောင်ကုန်းတခုပေါ်သို့ တက်နေရသည်။

ဝဲယာနှစ်ဘက်တွင် ထူထပ်သော တောကြီးနှင့် ချောက်



ကမ်းပါးများသာ ရှိနေသဖြင့် စွမ်းရီမင်းသည် ဖြောင့်ဖြူးနေသော လမ်းကလေးအတိုင်းသာ တည့်တည့်မတ်မတ် တက်နေသည်။

ထိုတောင်တက်လမ်းတွင် စွမ်းရီမင်းက ပိုကျူ၏လက်ကလေးအား ဆုပ်ကိုင်ကာ တွဲ၍ တက်လာလေသည်။

ပိုကျူက ပြုံး၍...

"ဘာလဲ အစ်ကိုက ကျွန်မကို စိတ်မချလို့လား"

"လမ်းဝဲယာ နှစ်ဘက်စလုံးက ချောက်တွေရှိတယ်"

"အခုလို ဂရုစိုက်တာ ကျေးဇူးတင်ပါတယ်... အစ်ကိုရယ်"

"ကိုယ့်အစ်ကိုကို ကျေးဇူးတင်တဲ့စကား မပြောရဘူးလေ"

"ဘာဖြစ်လို့လဲ"

"အဲဒါ သူစိမ်းတွေမှ ပြောတာ"

ပိုကျူက ကြည်နူးစွာဖြင့် ရယ်မောလိုက်လေသည်။

"အစ်ကို..."

"ဟင်..."

"ကျွန်မလေ အခုအချိန်ထိ ဘယ်ယောကျ်ားတယောက်နဲ့မှ ရင်းရင်းနှီးနှီး စကားတောင် မပြောခဲ့ပါဘူး"

"ယုံပါတယ်... ဘာလို့ ဒါတွေ ပြောနေရတာလဲ"

"အစ်ကိုနဲ့ ကျတော့လေ... ကျွန်မဘဝဟာ အားမာန်တွေ အလိုလို ပြည့်လာသလိုပဲ၊ ဘာမဆိုရင်ဆိုင်ရဲတဲ့ စိတ်တွေ ဝင်လာတယ်"

စွမ်းရီမင်းက ကျေနပ်စွာ ပြုံးလိုက်ပြီးမှ...

"ဟုတ်လား..."

"ကျွန်မ တကယ်ပြောတာပါ၊ အစ်ကို မလှောင်ပါနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"အို... မလျှောင်ရပါလားဗျာ"

ထိုစဉ်မှာပင် ပိုကျူသည် စွမ်းရီမင်း၏လက်ကို ခပ်တင်းတင်းကလေး ပြန်ကိုင်ကာ ရပ်တန့်လိုက်လေ၏။

စွမ်းရီမင်းက ကြောင်အမ်းအမ်း ဖြစ်သွားသည်။

"ဘာဖြစ်လို့လဲ"

ပိုကျူက လက်ကို အသာကာပြ၍ နားစွင့်နေသည်။

ထို့နောက်...

"ကျွန်မတို့ရဲ့ ရှေ့တည့်တည့်တောင်ပေါ်မှာ တစုံတယောက် ရှိတယ်"

"ဟင်... ဟုတ်လား"

စွမ်းရီမင်း အမှန်ပင် အံ့သြသွားကာ ထိုအသံကို နားစွင့်ကြည့်မိ၏။

သူ့အမျိုးမျိုး နားစိုက်ထောင်ပါသော်လည်း ဘာသံမှ မကြားရပေ။

စွမ်းရီမင်းသည် မြင့်မားမတ်စောက်သော တောင်ပေါ်လမ်းကို မော့ကြည့်လိုက်သည်။

တောင်ထိပ်တွင် မည်သည့်လူရိပ်လူရောင်ကိုမျှ မတွေ့ရပေ။

ပိုကျူက အတန်ကြာအောင် ရပ်၍ နားစွင့်နေပြီးမှ...

"ကဲ... ဆက်သွားမယ်"

ပိုကျူက ထိုသို့ ပြောပြီး စွမ်းရီမင်းနှင့် ဘေးချင်းယှဉ်ကာ တောင်ပေါ်လမ်းအတိုင်း ဆက်တက်လာခဲ့သည်။

သူတို့နှစ်ဦး၏ရှေ့တွင် ကျဉ်းမြောင်းသော လမ်းကလေးက



ထောင်တက်သွားလေသည်။

ထိုနေရာသို့ အရောက်တွင် သူတို့ အထက်ဘက်ဆီမှ တဒုန်းဒုန်း တဒိုင်းဒိုင်း အသံများကို ကျယ်လောင်စွာ ကြားလိုက်ရလေတော့သည်။

စွမ်းရီမင်းက အပေါ်သို့ မော့ကြည့်လိုက်ရာ သူ၏မျက်လုံးအစုံသည် ပြူးကျယ်၍ သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်...

ကျောက်တုံးသုံးလေးတုံးသည် တောင်ပေါ်လမ်းတလျှောက် တိုက်နိုက်ခုန်ပေါက်၍ အရှိန်နှင့် လိမ့်ဆင်းလာသည်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

ပိုကျူသည် **စွမ်းရီမင်း၏ရှေ့သို့** ရုတ်တရက် ပြေး၍ ရပ်လိုက်သည်။

လူဦးခေါင်းသာသာခန့် ရှိသော ကျောက်တုံးများက အရှိန်နှင့် ပြေးဝင်လာတော့၏။

ပိုကျူသည် သူမ၏ခန္ဓာကိုယ်ကို မတ်မတ်ရပ်တန့်၍ တည့်တည့်ပြေးဝင်လာသော ကျောက်တုံးများကို လက်ထဲတွင် ရှိနေသော တောင်ဝှေးနှင့် ဘေးသို့ ရိုက်ထုတ်လိုက်သည်။

သူမ၏လှုပ်ရှားမှုမှာ ဖြေးဖြေးသက်သာ လှုပ်ယမ်းနေသည်ဟု ထင်ရသော်လည်း အရှိန်နှင့် တည့်တည့်မတ်မတ် ဝင်လာသော ကျောက်တုံးများသည် သူမ၏တောင်ဝှေးချက်နှင့် ထိကာ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေကာ ဘေးနှစ်ဘက်သို့ လွင့်စင်သွားလေတော့သည်။

စွမ်းရီမင်းမှာ ပိုကျူ၏အတွင်းအားကို မျက်ဝါးထင်ထင်

www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်လိုက်ရသောအခါ စိတ်ထဲတွင် ကျိတ်၍ ချီးကျူးနေမိ၏။

အံ့အားလည်း သင့်မိသည်။ ထိုစဉ် ပိုကျူက စွမ်းရီမင်း အားသတိလှမ်း၍ ပေးလိုက်လေ၏။

"အစ်ကို... ကျွန်မနဲ့ တည့်တည့်ရပ်နေနော်"

ကျောက်ခဲကြီးတလုံးသည် အခြားကျောက်ခဲများကဲ့သို့ တည့်တည့်မတ်မတ် လွင့်ကျလာခြင်း မဟုတ်ဘဲ တောင်တက်လမ်း အတိုင်း လွန်းထိုးသလို လမ်း၏ဟိုဘက်သည်ဘက် ရိုက်ခတ်ကာ ကျဆင်းထားသည်။

ထိုခဲလုံး လိမ့်လာသည့်အရှိန်မှာ မနည်းလှပေ။

စွမ်းရီမင်းသည် ရုတ်တရက် စိုးရိမ်သွားကာ ပိုကျူရှေ့သို့ ခုန်ထွက်ကာ ကျောက်တုံးကို တားဆီးရန် ဟန်ပြင်လိုက်လေသည်။

သို့သော် ပိုကျူသည် မယုံကြည်နိုင်လောက်အောင် သူ့ အား အနောက်သို့ ပြန်တွန်းပို့ရင်း ကျောက်တုံးကြီးအား သူ၏ခြေ ထောက်ဖြင့် ဆီး၍ ကန်ထားလိုက်လေရာ အံ့ဩလောက်အောင်ပင် ကျောက်တုံးကြီးသည် ရပ်တန့်သွားလေတော့သည်။

စွမ်းရီမင်းသည် အပေါ်သို့ မော့ကြည့်လိုက်သည်။

ကျောက်တုံးများ ဆက်လက်ဆင်းလာခြင်း မရှိတော့သည် ကို တွေ့လိုက်ရသဖြင့် သက်ပြင်းတချက်ကို ချလိုက်မိတော့သည်။

စွမ်းရီမင်းသည် ပိုကျူအား ကြည့်လိုက်ရာ သူမသည် ဘာ မှမဖြစ်သကဲ့သို့ နဖူးမှ ချွေးစို့နေသည်ကိုပင် မမြင်မတွေ့ရပေ။

အလွန်အမင်းပင် သူမအား အံ့ဩသွားရလေတော့သည်၊

အရှိန်နှင့် ကျော်လွှားလာသော ကျောက်တုံးကျောက်ခဲများ အား မျက်စိမြင်သော လူတယောက်ထက်ပင် မလွတ်တမ်း ရိုက်



ထုတ်နိုင်သည်ကို စွမ်းရီမင်းသည် မချီးကျူးဘဲ မနေနိုင်တော့ပေ။

သူမ၏သိုင်းပညာအဆင့်ကို စွမ်းရီမင်း လုံးဝအထင်မ သေးရဲတော့ပေ။

ထို့အတူ...

သူမကို ပို၍ လေးစားသွားမိသည်။

"အင်း... ငါမိတ်ကောင်း ဆွေကောင်းတယောက် ရွေးချယ် မိဟာပဲ"

စိတ်ထဲမှ မှတ်ချက်ချမိလေ၏။

အမှန်ပင် သူသည် မိတ်ဆွေကောင်းတယောက်ကို ရရှိ လိုက်ခြင်းပင်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



အခန်း(၁၃)

## စစ်မေးခြင်း

ပိုကျူသည် တောင်ပေါ်သို့ နားစွင့်နေပြီး ဘာသံမှ ဆက်လက်၍ မကြားရသည့်အခါမှ စွမ်းရီမင်းဘက်သို့ လှည့်ကာပြော၏။

"အစ်ကို့ကို အထင်သေးလို့ ပြောတာ မဟုတ်ဘူးနော်၊ အဲဒါမျိုးကြုံရင် ကျွန်မ ရင်ဆိုင်ပါရစေ၊ အစ်ကိုဆိုရင် နည်းနည်းပါးပါး အမှားတွေ့နိုင်တယ်"

စွမ်းရီမင်းက ခေါင်းညိတ်၍ ဝန်ခံလိုက်သည်။

"နည်းနည်းပါးပါး မဟုတ်ဘူး၊ အစ်ကို အလွန်ဆုံး ဖယ်ရှားနိုင်ရင် တလုံးနှစ်လုံးပဲရှမှာ၊ အဲဒီလို အများကြီး လွင့်လာရင်တော့ တတ်နိုင်မှာ မဟုတ်ဘူး"



သူမက ချစ်စဖွယ်ပြုံး၍...

"ဒီလောက် မခဲယဉ်းဘူး အစ်ကိုရဲ့၊ အဲဒီ သဘောကိုသိရင် ဖယ်ရှားရတာ လွယ်ပါတယ်"

"အင်း... အစ်ကိုတော့ ညီမနဲ့ ပတ်သက်လာရင် တကယ့်ကို မယုံနိုင်စရာတွေနဲ့ချည်း တွေ့နေရတာပဲ၊ ဒီလောက် ကြီးမားတဲ့ ကျောက်တုံးကို လမ်းလွှဲပေးနိုင်လောက်အောင် မင်းမှာ ဒီလောက် အတွင်းအားတွေ ကောင်းနေလိမ့်မယ်လို့ အစ်ကို မထင်မိတာတော့ အမှန်ပဲ"

"ဒါက လွယ်ပါတယ် အစ်ကိုရယ်၊ ရိုးရိုးရပ်တန့်နေတဲ့ ကျောက်တုံးကို တွန်းဖယ်ပစ်ရတာထက် အရှိန်နဲ့ ပြေးလာတဲ့ ကျောက်တုံးက ဘယ်လောက်ပဲကြီးကြီး သူ့အရှိန်နဲ့သူ ဘေးကို လွင့်သွားအောင် လမ်းလွှဲပေးရတာ သိပ်ပြီး အတွင်းအား စိုက်ထုတ်စရာ မလိုပါဘူး၊ အတွင်းအားနည်းနည်း စိုက်ထုတ်ရုံနဲ့ အလိုလို သူ့ဘာသာ ကွဲကြေပြီး ဘေးကို လွင့်စဉ်သွားတာပေါ့"

စွမ်းရီမင်းက ခေါင်းတညိတ်ညိတ် ပြုရင်း...

"အင်း... အစ်ကိုတော့ ကံကောင်းတာပဲ"

"ဟင်... ဘာဖြစ်လို့လဲ"

"ညီမနဲ့တွေ့ရတာ သိပ်ပြီး ဗဟုသုတနဲ့ ပညာတွေ တိုးနေလို့ပေါ့"

ပိုကျူက ရယ်မောလိုက်သည်။

ပြီးမှ အရယ်ရပ်ကာ အလေးအနက် စကားဆိုလိုက်သည်။

"အင်း... ရှေ့မှာ ရန်သူတွေနဲ့ ရင်ဆိုင်ရမှာတော့ သေချာနေပြီအစ်ကို"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်တယ်၊ ဒါဟာ တယောက်ယောက်က တို့ကို လုပ်ကြံလိုက်တာပဲ"

"ဒါပေါ့ အစ်ကိုရဲ့...၊ ဒါပေမယ့် ဘာနဲ့ပဲ ရင်ဆိုင်ရရင်ဆိုင်ရ အစ်ကိုနဲ့ သွားရတဲ့ ခရီးတခုကို ကျွန်မ လုံးဝမကြောက်တော့ဘူး"

"အယ်... အဲဒါ ငါက ပြောရမှာဟ"

စွမ်းရီမင်းက ရှက်ရက်နှင့် ဝန်ခံလိုက်လေသည်။

"အစ်ကိုပါရင် ကျွန်မ အင်အားတွေ အလိုလို ပြည့်နေတာပါ။ လာအစ်ကို ရှောင်ကွင်းမရတဲ့ အန္တရာယ်ကို ပြေးတွေ့လိုက်ကြရအောင်"

ပိုကျူက ထိုသို့ပြောသည်နှင့် စွမ်းရီမင်းလည်း ခေါင်းတချက်ညိတ်၍ ပိုကျူ၏လက်ကိုဆွဲကာ တောင်တက်လမ်းအတိုင်း အထက်သို့ ဆက်တက်လာခဲ့သည်။

ကြာကြာမတက်လိုက်ရပေ။

ရှေ့သို့တခေါ်လောက် ရောက်သည်နှင့် သူတို့ ကြိုတင်တွေးဆထားသည့်အတိုင်း သူတို့ရှေ့ဘက် တောင်တက်လမ်းကို ပိတ်ဆို့ကာ လူတယောက် မားမား ရပ်နေသည်ကို တွေ့လိုက်ရတော့၏။

ထိုလူသည် မျက်နှာပေါက် ကြမ်းကြမ်း အရပ်ထောင်ထောင်မောင်းမောင်းနှင့် ခါးတွင် ဓားတလက်ကို ချိတ်ဆွဲထားသည်။

ထိုလူက ခပ်ငေါက်ငေါက် မေးလိုက်လေသည်။

"မင်းတို့ ဘယ်သူလဲ... ဘယ်သွားမှာလဲ"

စွမ်းရီမင်း၏မျက်နှာက အေးစက်မာကျောသွားကာ ဘုဆတ်ဆတ် ပြန်မေးလိုက်သည်။



"မင်းကကော ဘယ်သူလဲ"

အရပ်ထောင်ထောင်မောင်းမောင်းနှင့်လူက...

"ငါမေးတာသာ မင်းတို့ ဖြေစမ်းပါ"

စွမ်းရီမင်းက...

"မင်းဘယ်သူလဲဆိုတာ ပြောမှ ငါဖြေမယ်"

ရပ်ထောင်ထောင်မောင်းမောင်းနှင့်လူသည် အတော်ပင် ဒေါသထွက်သွားပုံရသည်။

"ငါ... နေပြည်တော်က တပ်မှူးတယောက်ပဲ"

စွမ်းရီမင်း၏မျက်နှာ ကွက်ကနဲ ပျက်သွားတော့သည်။

စွမ်းရီမင်းသည် သူ၏မျက်နှာကို ကြွေပြန်ဆည်ယင်း...

"ကျုပ်တို့ ခရီးသည်တွေပါ"

တပ်မှူးလေးဆိုသူသည် တချက်ရယ်မော၍...

"ဘယ်သွားမယ့် ခရီးသည်တွေလဲ"

"နယ်ခြားကို"

"ဘာကိစ္စလဲ"

စွမ်းရီမင်းက အနည်းငယ်စဉ်းစားကာ...

"ကျုပ်တို့အမျိုးတွေ နယ်စပ်မှာ ရှိတယ်ဆိုလို့"

"ဟား...ဟား...ဟား"

တပ်မှူးဆိုသူသည် အားပါးတရရယ်မောလိုက်၏။

"မင်း ညာတတ်တဲ့ ဝါသနာပါသလား"

စွမ်းရီမင်းသည် ရုတ်တရက်တုန်လှုပ်သွားသည်။

"ကျုပ်က ဘာညာလို့လဲ"

"မင်းဟာ မြို့စားကြီးဝမ်ကြည်ဖုန်းကို ဓားနဲ့ထိုးပြီး ပြေး

www.burmeseclassic.com

www.burmeseclassic.com



လာတဲ့ စွမ်းရီမင်းဆိုတာ ငါသိပါတယ်"

စွမ်းရီမင်းမှာ အမှန်ပင်အံ့သြသွားတော့သည်။

ထိုစဉ် ပိုကျူကဝင်၍ မေးလိုက်သည်။

"တပ်မှူးလေး...ရှင်ကကော အခုတစ်ယောက်တည်းလား"

"ဟုတ်တယ်"

"ရှင်ကကော ဘာလို့လာတာလဲ"

တပ်မှူးဆိုသူသည် အံ့သြစွာဖြင့် ပိုကျူအားကြည့်ကာ...

"ငါက ဘာညာလို့လဲ"

"ရှင့်အနီးအနားမှာ ပုန်းနေတဲ့လူတွေခေါ်လိုက်ပါ"

တပ်မှူးလေးဆိုသူမှာ မျက်လုံးပြူးသွားလေတော့သည်။

အမှန်မှာ...

စွမ်းရီမင်းမှာ တစ်ယောက်တည်းထင်ပြီး ရုတ်တရက် တိုက်ခိုက်မည်စိုးရိမ်သဖြင့် သူမကဖော်ထုတ်လိုက်ရခြင်းဖြစ်ပါသည်။

အကယ်၍ စွမ်းရီမင်းက တိုက်ခိုက်ပါလျှင် ပုန်းနေသောသူများထံမှ မြားသော်လည်းကောင်း၊ ဓားသော်လည်းကောင်း လက်နက်ပုန်းများ ထွက်လာနိုင်သည် မဟုတ်ပါလား။

ထိုအခါ စွမ်းရီမင်းအဖို့ ရှောင်တိမ်းရခက်သွားမည် ဖြစ်ပေသည်။

ထို့ကြောင့် သူမက လူများပုန်းအောင်းနေကြောင်း စွမ်းရီမင်းသိရန် တမင်တကာဖော်ထုတ်လိုက်ခြင်းဖြစ်သည်။

သူမသည် အသက်ရှူသံများနှင့် အနံ့ကို ရရှိသွားခြင်းပင်ဖြစ်၏။

တပ်မှူးဆိုသူသည် ပိုကျူအား စူးစူးဝါးဝါးကြည့်ကာ စိတ်



ထဲမှချီးကျူးသွားမိလေသည်။

"ဟို...မိန်းကလေးက ဘယ်ဆိုးလို့လဲ"

"ဒါတောင် ကျွန်မကရှင်တို့လို မျက်စိမြင်တဲ့လူ မဟုတ်သေးဘူးရှင့်"

ပိုကျူက ခပ်ချဉ်ချဉ်နှင့် ဝင်ပြောလိုက်ခြင်း ဖြစ်လေသည်။

"ဟင်...မျက်စိမမြင်ဘူးဟုတ်လား"

"ဟုတ်တယ်"

"ဒါတောင် ကျောက်ခဲပိလို့မသေဘူးနော်"

"ရှင်တို့ ကျောက်ခဲက သေးလည်းသေးတယ်၊ နောက်ပြီး နည်းတယ်"

တပ်မှူးဆိုသူမှာ အမှန်ပင်မျက်လုံးပြူးနေမိ၏။

ထိုအချိန်တွင်...

ဝဲယာတဘက်တချက်မှ ဘုရင့်တပ်သားဝတ်စုံ ဝတ်ထားသော ရဲမက်ဆယ်ယောက်ထွက်လာကြပေရာ၊ စွမ်းရီမင်းမှာ အံ့သြထိတ်လန့်သွားလေတော့သည်။

သူသည်အမှန်ပင် ဘုရင့်ရဲမက်များနှင့် တိုးမိလေပြီ မဟုတ်ပါလား။

ရဲမက်များသည် ချုံကွယ်များမှ ထွက်လာပြီးနောက် စွမ်းရီမင်းနှင့်ပိုကျူအား လက်နက်မျိုးစုံဖြင့် ချိန်ရွယ်ကာ သူတို့၏အိုင်အမာဆောက်ထားသော တဲအတွင်းသို့ ဖမ်းဆီးခေါ်ဆောင်လာခဲ့တော့သည်။

စွမ်းရီမင်းမှာ အတော်ပင် အံ့သြနေသည်။

ဤနေရာ ဤဌာနအထိ ဘုရင့်ရဲမက်များက ရောင့်ရောက်

www.burmeseclassic.com



လျက်ရှိသည်မှာ အံ့ဩစရာပင် မဟုတ်ပါလား။

ဤသို့ဆိုလျှင် ဥပဒေမဲ့နယ်မြေသည် အတော်ပင် အလှမ်းဝေးနေဦးမည်ဟုလည်း တွေးတောမိလေသည်။

စွမ်းရီမင်းသည် ခိုင်ခံ့လှသော အချုပ်ခန်းထဲတွင် ခြေပစ်လက်ပစ်ထိုင်ချယင်းမှ **သူ့ဘဝအကြောင်း** မကောင်းပုံများကို ပြန်လည်တွေးတော၍ နေမိတော့သည်။

ထိုအချိန်တွင် ပိုကျူမှာ သူ၏အနီး၌ ကျုံ့ကျုံ့ကလေးထိုင်၍ နှုတ်ဆိတ်နေပေသည်။

သူမသည်လည်း တစုံတခုကို အကြံထုတ်နေဟန်ရှိသည်။

ဤအတိုင်းသာဆိုပါလျှင် သူ့အားရဲမက်များက နေပြည်တော်သို့ ရောက်အောင် ပြန်၍ ဖမ်းဆီးခေါ်ဆောင်သွားကြပေတော့မည်။

သို့မဟုတ်ပါကလည်း ဤနေရာမှာပင် တခါတည်းကွပ်မျက်လုပ်ကြံပစ်မည်မှာ သေချာလှပေသည်။

သူ့အား အသေရရအရှင်ရရ ဖမ်းဆီးပေးရန် ဆုတော်ငွေထုတ်ထားခြင်းခံရသော ဝရမ်းပြေးတစ်ယောက် ဖြစ်နေသည်မဟုတ်ပါလား။

သူသည် မည်ကဲ့သို့ရင်ဆိုင်ရမည်ကို တွေးတောနေမိ၏။

ပိုကျူအတွက်မှာ အထူးပူပန်စရာအကြောင်းမရှိပေ။

အဘယ်ကြောင့်ဆိုသော်...

သူမသည် အဖြစ်အပျက်အစုံကို တပ်မှူးလေးအား ပြောပြလိုက်ပါက သူမ၏ဖခင်ကို တပ်မှူးက ဝိုင်းဝန်းကယ်ဆယ်နိုင်သည့်အပြင် သူမကိုလည်း ကောင်းမွန်စွာ စောင့်ရှောက်၍ နေပြည်



တော်သို့ပြန်ခေါ်သွားမည်ဖြစ်သည်။

ထို့ကြောင့် စွမ်းရီမင်းသည် ပိုကျူအားကြည့်ကာ အသံတိုးတိုးဖြင့် ပြောလိုက်လေသည်။

"ညီမ အဖြစ်အပျက်အမှန်ကို ပြောပြပြီး၊ အကူအညီတောင်းယင် ဖြစ်နိုင်တယ်"

သူမက လက်**ကာပြပြီး...**

"အဲဒါတွေ ဘာမှ**ထည့်မပြောနဲ့**၊ **ကျွန်မ**ဟာ ကျွန်မအခြေအနေကြည့်ပြီး ပြောပြမယ်၊ **အစ်ကိုက** အလိုက်အထိုက်သာလိုက်ပြီးပြော"

စွမ်းရီမင်းက ပါးစပ်ပိတ်ထားလိုက်သည်။

ထို့နောက် သူသည် စိတ်အေးလက်အေးပင် အချုပ်ခန်းထဲ၌အိပ်ချလိုက်သည်။

အချုပ်ခန်းဆိုသော်လည်း အခိုင်အခန့် အချုပ်ခန်းတော့မဟုတ်ပါ။

စွမ်းရီမင်း**တို့ပြေးလျှင်** ပြေးနိုင်သည့် အချုပ်ခန်း ဖြစ်ပါသည်။

♣ ♣ ♣

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့မနက်တွင်...

ရဲမက်တစ်ဦးသည် သူတို့နှစ်ယောက်အား ဆန်ပြုတ်တစ်ခွက်စီ လာ၍ပေး၏။

စွမ်းရီမင်းသည် ဆန်ပြုတ်တစ်ခွက်ကို ပိုကျူရှေ့သို့ချပေးလိုက်ပြီး သူ၏အိတ်ကြီးတစ်လုံးထဲ၌ ထိုးထည့်ထားသော ဝက်ပေါင်ကင်များကို ထုတ်ယူလိုက်သည်။

"ပိုကျူ"

"ရှင်"

"ရော့...ဆန်ပြုတ်နဲ့ ဝက်သားကင်နဲ့ သောက်လိုက်"

ထိုကဲ့သို့ ပြောပြီးသည်နှင့် သူကိုယ်တိုင်လည်း တရှူးရှူးတရှဲရှဲနှင့် အားရပါးရ သောက်နေတော့၏။

ခဏအကြာတွင် စွမ်းရီမင်းကရဲမက်တဦးအားခေါ်လိုက်၏။

"မိတ်ဆွေ ခဏလာပါဦးဗျ"

ရဲမက်တဦးက အချုပ်ခန်းအပြင်ဘက်မှနေ၍ မေးသည်။

"ဘာကိစ္စလဲကွ"

"ဆန်ပြုတ်ရှိသေးယင် ကျုပ်တို့ကို နည်းနည်းထပ်ထည့်ပေးပါလား"

ရဲမက်က...

"အေး..ရမယ်"

ဆိုကာ ဆန်ပြုတ်ပန်းကန်ကို သူတို့ထံမှယူ၍ သူတို့အနီးမှ ထွက်ခွာသွားသည်။

တကယ့်ဆန်ပြုတ်ပင်။

မည်သည့်အသားမျှ မပါပါ။



ပိုကျူကပြုံး၍...

"အစ်ကိုကို ကြည့်ရတာ ပျော်နေသလိုပဲ"

"ဟာ..မပျော်လို့ ငိုနေရမှာလားကွ"

ပိုကျူက နှစ်နှစ်ခြိုက်ခြိုက်ပင် ပြုံးလိုက်သည်။

"အဲဒါမျိုးမှ ကျွန်မ လေးစားတာ"

စွမ်းရီမင်းက ပြုံးလိုက်ပြီး...

"မင်းကော ဆန်ပြုတ်ယူအုံးမလား"

"ကျွန်မ ဒီတပန်းကန်တည်းနဲ့ ဝပါတယ် အစ်ကို"

"စားခွင့်ရှိယင် ဝအောင်စားထား၊ အိပ်ခွင့်ရှိယင်လဲဝအောင်အိပ်ထား၊ အဲဒါမှ အစစအရာရာ ရင်ဆိုင်တဲ့အခါ အဆင်သင့်ဖြစ်နေမှာ"

ပိုကျူက ပြုံး၍ခေါင်းညိတ်လိုက်လေသည်။

"ကျွန်မ သေသေချာချာကို မှတ်ထားပါ့မယ်အစ်ကို"

ရဲမက်က ဆန်ပြုတ်တပန်းကန်ကို ထပ်ပေးသွားသဖြင့် စွမ်းရီမင်းသည် အားရပါးရပင် သောက်လေတော့၏။

စွမ်းရီမင်းကား အာဂလူပင်။

တအောင့်အကြာတွင်...

သူတို့၏အချုပ်ခန်းရှေ့တွင် ကုလားထိုင်တလုံးကို လာရောက်ချသွားသည်။

စွမ်းရီမင်းက ဘာကြောင့်မှန်းမသိဘဲ စဉ်းစားနေစဉ်မှာပင် ဘပ်မှူးဆိုသူ ရောက်ရှိလာပြီး ထိုကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။

"မင်းကျူးလွန်ခဲ့တဲ့ အပြစ်တွေကို မင်းသိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com



တပ်မှူးက စတင်မေးလိုက်သည်။

သူသည် တပ်မှူးအား အသေအချာကြည့်ကာ...

"ခင်ဗျားနာမည် မသိရဘူးလားဗျ"

"ငါ့နာမည် တိုအိ"

စွမ်းရီမင်းသည် အတန်ကြာအောင် စဉ်းစားပြီးမှ...

"ကျွန်တော်မကြားဖူးဘူး"

တပ်မှူးတိုအိက မျက်လုံးပြူးသွားပြီး ပြန်မေးသည်။

"ဒီလောက်...ထောင်နဲ့သောင်းနဲ့ချီပြီးရှိနေတဲ့ တပ်မှူးတွေကို မင်းကအကုန်သိနေလို့လား"

စွမ်းရီမင်း ပါးစပ်ပိတ်လိုက်တော့၏။

တိုအိက ပြန်မေးလိုက်၏။

"မင်းဘာတွေ ကျူးလွန်ခဲ့သလဲ အကုန်ပြန်ပြောစမ်း"

စွမ်းရီမင်းမှာ မထူးတော့ပြီမို့ အမှန်အတိုင်းပင် ဖွင့်၍ပြောလိုက်သည်။

"ကျုပ်ဘာသာကျုပ် အရက်သောက်နေတာကို မြို့စားကြီးရဲ့ရဲမက်တွေက သက်သက်ရန်စပြီး မြို့စားဂေဟာကို ဆွဲခေါ်သွားတာပဲ"

"ဒါနဲ့ပဲ မင်းက ဟိုရောက်တော့ မြို့စားကြီးကို တိုက်ခိုက်လိုက်ရကောလား"

"မတိုက်လို့လဲမရတော့ဘူးလေ၊ သူ့လူတွေက ဝိုင်းပြီးသတ်တော့မှာကိုးဗျ၊ ဒီတော့ သူ့ကိုဓားနဲ့ထိုးပြီးပြေးမှ လွတ်မှာမဟုတ်လားဗျ"

"အခုတော့ မင်းလွတ်သေးသလား"



"ဒါကတော့ လှေပေါ်ရဲရင်ခံရဲရှမှာပေါ့ဗျာ"

"မင်း မြို့စားကြီးကို သတ်ခဲ့တာ အသေပဲလား"

"ထိုးတာကတော့ အသေထိုးတာပဲ၊ ဒါပေမယ့် သေမယ်ရှင်မယ်ဆိုတာတော့ ဘယ်ပြောနိုင်ပါ့မလဲ"

"မင်းကို ဆုငွေထုတ်ထားတယ်ဆို"

"ဟုတ်တယ်..တစ်သောင်း"

"ဟဲ..ဟဲ...ဒါဖြင့် ငါရှုပြီပေါ့ မဟုတ်လား"

"ဒါကတော့ ခင်ဗျားကံကောင်းတယ်လို့ ဆိုရမှာပဲ"

တိုအိသည် မုန်းစရာကောင်းလောက်အောင်ပင် တဟားဟားနှင့် ရယ်မောနေပေသည်။

ထို့နောက် သူသည် စွမ်းရီမင်းအား စူးစိုက်ကြည့်ကာ...

"အခု မင်းဘယ်ကိုထွက်ပြေးလာတာလဲ"

"လွတ်လပ်တဲ့ဒေသကိုပေါ့"

"မင်းက ဥပဒေကိုရင်မဆိုင်ဘဲနဲ့ ဘာကြောင့် ထွက်ပြေးချင်ရတာလဲ"

စွမ်းရီမင်းက မဲ့ပြုံးပြုံးကာ...

"ကျုပ်နေရာ ခင်ဗျားရောက်တဲ့အခါကျမှ ဥပဒေထဲရောက်အောင်တိုးဝင်ပေါ့ဗျာ"

သူ့စကားကြောင့် တိုအိသည် မျက်လုံးပြူး၍ကြည့်လိုက်၏။

"မင်း ငါ့ကိုကောင်းကောင်းဆက်ဆံပါ၊ မင်းအသက်ဟာ ငါ့လက်ထဲမှာရှိတယ်ဆိုတာလဲ သတိထားအုံးမှပေါ့"

"မလိုပါဘူးဗျာ၊ ဒီနေ့မသေလဲ နောက်နေ့သေရမှာပဲ၊

www.burmeseclassic.com



ကြောက်နေတယ်များ ထင်လို့လား"

ထိုစကားကို ကြားလိုက်ရသော ပိုကျူသည် ကျိတ်၍ပြုံးနေမိသည်။

တိုအိသည် စွမ်းရီမင်းကိုသာ သဲသဲမဲမဲ စစ်ဆေးနေခြင်းဖြစ်သည်။

သူမကိုမူ ရှိသည်ဟုပင် အောက်မေ့ထားဟန်မတူပေ။

ထို့ကြောင့် ပိုကျူကလည်း ရေငုံနှုတ်ပိတ်ကာ ခပ်အေးအေးပင် နားထောင်နေလိုက်သည်။

"ဒါဖြင့် မင်းကသေရမှာ မကြောက်ဘူးပေါ့"

"ဘယ်နှစ်ခါပြောရမှာလဲ"

"ဘာကြောင့် ပြေးလာသလဲ"

"ခင်ဗျားအလှည့်ကျမှ မပြေးဘဲ ဇက်စင်းခံပေါ့"

တိုအိမှာ သူ့စကားနှင့်သူ ပြန်မိနေသဖြင့် တခါတခါအကြပ်ရိုက်သွားလေသည်။

စွမ်းရီမင်း၏သတ္တိကိုလည်း စိတ်ထဲမှချီးကျူးမိသည်။

"မင်းကို ပြန်ခေါ်သွားရတာ ကြာတယ်၊ ဒီမှာပဲသတ်ပြီး ဆုငွေသွားထုတ်မယ်"

"ခင်ဗျား ဆန်ပြုတ်ဘာလို့ အကုန်ခံနေသေးသလဲ"

"မင်းတခွန်းမှမခံပါလား"

"ခင်ဗျားလဲ တခွန်းမှမပြောနဲ့"

တိုအိမှာ ပါးစပ်ပိတ်သွားရသည်။

သူသည် စွမ်းရီမင်းကိုနိုင်အောင် မပြောနိုင်ချေ။

"ဒါလောက်ခေါင်းမာတဲ့အကောင် သတ်ပစ်တာပဲအေးပါ



တယ်ကွာ"

"သိပ်ကြာကြာမဆိုင်းနဲ့ ကျုပ်စကားပြောရတာ အာညောင်းတယ်"

"မင်းကို မသတ်သေးဘဲ စဉ်းစားနေတာ အကြောင်းရှိလို့"

"ခပ်မြန်မြန်ပြောဗျာ ကြာတယ်"

တိုအိသည် ဤကဲ့သို့သောလူမျိုးအား ဘခါမှမကြုံဘူးဟန်ဖြင့် မျက်လုံးပြူး၍ စူးစိုက်ကြည့်နေမိလေသည်။

ရဲမက်နှစ်ဦးသည် သူတို့အချီအချပြောနေသည်ကို နားထောင်ကောင်းကောင်းနှင့် နားထောင်နေကြပေသည်။

တိုအိက ရှေ့နားသို့ ခါးကိုအနည်းငယ်ကိုင်း၍—

"မင်းဟာ နာမည်ကောင်းနဲ့ ထင်ရှားနေခဲ့တဲ့လူမို့ ငါကစဉ်းစားနေတာပါ"

"ခင်ဗျားစဉ်းစားလေ ကျုပ်အဖို့ ဝဋ်ခံနေရလေပဲ"

"သိပ်သေချင်ပြီပေါ့"

"မဖြေချင်တော့ဘူးဗျာ"

တိုအိသည် ဟက်ဟက်ပက်ပက်ရယ်မောလိုက်သည်။

"မင်းကို ငါသိပ်ကြိုက်သွားပြီဟေ့"

"ဒါပေမယ့်...ကျုပ် ခင်ဗျားနဲ့ ဆွေမျိုးမတော်ချင်ဘူး"

တိုအိ၏မျက်နှာသည် ရဲကနဲဖြစ်သွားလေသည်။

"မင်းစကား ကောင်းကောင်းပြောပါ"

"ကျုပ်က ဆဲနေလို့လား"

"မင်း ဥပဒေမဲ့နယ်မြေရဲ့အကြောင်းကို ဘယ်လောက်များ သိနေလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အသက်တော့ နည်းနည်းရှည်မယ်"

"အဲဒီမှာ လူဆိုးလူမိုက်တွေချည်းပဲကွ"

"ကျုပ်ကလဲ လူကောင်းမဟုတ်လို့ ရောက်လာတာပေါ့ဗျ"

"အေး...ဒါလဲဟုတ်သားပဲ"

သူတို့၏စကားပြောခန်းသည် ခေတ္တတိတ်ဆိတ် သွားလေ၏။

♣ ♣ ♣



အခန်း(၁၄)

## ထစ်ခွနိုးမခံ

တိုအိသည် စွမ်းရှိမင်းအား သဘောကျသလို စေ့စေ့စပ်စပ် ကြည့်ကာ ပြုံးနေပေသည်။

သူ၏အပြုံးသည် ငွေတစ်သောင်းတိတိပိုင်ဆိုင်ထားသော အပြုံးမျိုးဖြစ်၏။

"အဲဒီလူတွေက မင်းကိုလက်ခံပါ့မလား"

"ကျုပ်ကိုတော့ လက်ခံမှာပါ၊ အဲ...ခင်ဗျားကိုတော့ လက်ခံမှာ မဟုတ်ဘူး"

"ဒါတော့မှန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး တိတ်ဆိတ်သွားပြန်သည်။

အတန်ကြာမှ တိုအိက...

"ကြယ်သုံးလုံးက မင်းကိုယုံပါ့မလား"

"ဘာဖြစ်လို့ မယုံရမှာလဲ"

"မင်းကို သူလျှိုတယောက်လို့ထင်ယင် ဘယ့်နှယ်လုပ်မလဲ"

"သူတို့လဲကြားနေသားပဲ၊ ဒါမှရှင်းပြလို့မယုံယင်လဲ လူမိုက်အချင်းချင်း တိုက်ရုံပဲရှိတာပေါ့"

"အံမာ သူတို့ရဲ့အဖွဲ့အစည်းကို မင်းကသေးသေးလေးထင်လို့လား၊ အင်မတန်ကြီးတဲ့ အဖွဲ့အစည်းကွ"

"ကျုပ်ရောက်သွားယင် ပိုပြီးတောင်အင်အားတောင့်သွားအုံးမယ်"

"မင်းကို ငါကလွှတ်လိုက်မယ်များ ထင်နေလို့လား"

"ကဲ..အပိုတွေမပြောပါနဲ့ဗျာ၊ ကျုပ်ကိုဘာလုပ်ချင်လဲ"

တိုအိသည် တဟားဟားရယ်မောလျက်မှ...

"မင်းသီးခံစမ်းပါ၊ ငါက မင်းကို လူကောင်းတယောက်ဖြစ်အောင်ဆောင်ရွက်ပေးမလို့ပါ"

စွမ်းရီမင်းက မျက်လုံးပြူး၍ တိုအိအား လှမ်းကြည့်လိုက်လေသည်။

"ခင်ဗျားလဲ ရယ်စရာပြောတတ်သားပဲ"

"ရှေ့ရောက် ဒါထက်တောင် မင်းရယ်ရအုံးမယ်"

စွမ်းရီမင်းက မျက်မှောင်ကုပ်လိုက်လေသည်။

"ဟုတ်လား...လုပ်စမ်းပါအုံး"



"မင်း ငါပေးတဲ့အကြံအတိုင်း လုပ်စမ်းပါအုံး"

"ဘာလဲ ကိုယ့်သေတွင်း ကိုယ်တူးရတော့မှာလား"

"မဟုတ်ပါဘူးကွာ"

တိုအိသည် အမှန်ပင်လေးသံပျော့သွားပြီး၊ မိတ်ဆွေတဦးကဲ့သို့စကားပြောနေပြန်သည်။

"အင်း...ပြောပါအုံး"

"မင်းကိုဆိုယင် ကြယ်သုံးလုံးက လက်ခံမှာအမှန်ပဲ"

"အဲဒီတော့..."

"မင်းကအယုံသွင်းပြီး သူ့ကိုသတ်ခဲ့ကွာ"

"ဒါဆို ကျုပ်အသက်ချမ်းသာသွားရောလား"

"ငါတာဝန်ယူပါတယ်ကွာ"

"ခင်ဗျားရဲ့ အဲဒီလေသံမျိုးနဲ့ အချုပ်ထဲမှာ လူတွေတပုံကြီးပဲဗျ"

တိုအိက ပြုံးလိုက်ပြီး...

"မင်းက သိလို့လား"

"ဒီမှာ တပ်မှူးအတော်များများဟာ ကျုပ်မိတ်ဆွေတွေပါဗျ၊ သူတို့ရဲ့အကျင့်ကို ကျုပ်အကုန်သိပြီးသား"

"ငါက ဒီလိုမဟုတ်ဘူးကွ"

"အင်း...ခင်ဗျားက သူတို့နဲ့မတူတာတော့ မှန်တယ်"

တိုအိသည် ပြုံး၍ ခေါင်းညိတ်လိုက်သည်။

"အင်း..မင်းလူကဲခတ်တတ်သားပဲ"

"ဟုတ်တယ်...သူတို့ထက် ခင်ဗျားက ပိုဆိုးတာပေါ့"

"ဟေ"

www.burmeseclassic.com

www.burmeseclassic.com



**တိုအိသည်** သူ့နဖူးကို လက်နှင့်ရိုက်လိုက်မိလေ၏။

"**ငါက** အကောင်းပြောတာ အောက်မေ့လို့ကွာ"

"ခင်ဗျားတို့မှာ အကောင်းပြောစရာ တကွက်မှမရှိဘူး"

"မင်း...အဲဒီလို မစော်ကားပါနဲ့"

"မှန်တာကိုပြောတာ"

"တို့တတွေက ဘာမကောင်းလို့လဲ"

"ခင်ဗျားတို့ အာဏာသားတွေ လူကောင်းသာဆိုယင်ကျုပ် ဟောဒီလူဆိုးဘဝကို ရောက်မလာဘူးဗျ"

တိုအိ ပါးစပ်လုံးဝပိတ်သွားတော့သည်။

အတန်ကြာမှ ဘူသည် စွမ်းရှိမင်းအား လေသံပျော့ကလေး ဖြင့်....

"မင်း...ငါပေးတဲ့အကြံဉာဏ်အတိုင်း လုပ်စမ်းပါ"

"ကျုပ်ပြောပါပြီကော ဘယ်လိုပဲလုပ်လုပ် ခင်ဗျားတို့ဆီ မှာပြန်ပြီး ဒုက္ခရောက်မှာပဲ၊ **အဲဒီတော့ မကျုပ်**ယင် သတ်လိုက်၊ ကျုပ်မှီခိုနေရမယ့်နေရာမှာ**တော့ သစ္စာမဖောက်**နိုင်ဘူး"

"အေး...ငါကလဲ **ငွေတစ်သောင်းကို** လက်လွှတ်မခံနိုင်ဘူး ဟေ့"

တိုအိသည် ပိုကျူးဘက်သို့ လှည့်လိုက်ပြန်သည်။

"ဒီအမျိုးသမီးက မင်းနဲ့အတူတူ လိုက်လာတာလား"

စွမ်းရှိမင်းက တိုအိအား မျက်လုံးပြူး၍ကြည့်ကာ...

"မျက်စိကန်းနေတာက သူဗျ၊ ခင်ဗျားမျက်လုံးကောင်းသား ပဲ၊ အတူတူလာတာ မတွေ့ဘူးလား"

တိုအိမှာ သူ့စကားမှားသွားမှန်းသိ၍ ပြုံးလိုက်မိသည်။



"ငါမေးတာက မင်းနဲ့အတူတူ ချန်အန်းက ပြေးလာတာ လားလို့ မေးတာပါ"

ပိုကျူးက ပင်၍ဖြေလိုက်သည်။

"မဟုတ်ဘူးရှင့် သူနဲ့ကျွန်မက လမ်းကျမှတွေ့ကြတာ"

"နင်က အာလာလုပ်တာလဲ"

"ကျွန်မတို့ကို ကြယ်သုံးလုံးက ဖမ်းလာတာရှင့်၊ အဖေက တော့ သူတို့နဲ့ပါသွားတယ်၊ ကျွန်မကကျန်ခဲ့လို့"

"ဘာလို့ကျန်ခဲ့တာလဲ"

ပိုကျူးက ဖြစ်ကြောင်းကို အမှန်အတိုင်းရှင်းပြလိုက်သည်။

တိုအိ၏မျက်လုံးသည် ပိုမို၍ ဝိုင်းစက်သွားပြီး...

"အို..မင်းကလဲအာဂကောင်မလေးပဲလား၊ နေအုံး မင်းက ကြယ်သုံးလုံးရဲ့အစောင့်ကို ဘာကြောင့်သတ်လိုက်တာလဲ"

"ကျွန်မက အပေ့ါအပါးသွားနေတာကို အဲဒီအစောင့်က မ ဟားတရားလာကြံတာကိုးရှင့်"

တိုအိ၏မျက်ခုံးနှစ်ဖက်က အပေါ်သို့မြင့်တက်သွားသည်။

"အဲဒါ နင်ကသတ်လိုက်တာပေ့ါလေ"

"**မသတ်**လို့ ကျွန်မက ငြိမ်ခံနေရမှာလား"

"**အင်း**..မင်းမှန်တယ်"

တိုအိသည် ထိုသို့ပြောယင်းမှ ရဲမက်များဘက်သို့လှည့်ကာ

"သူပြောတာ မင်းတို့ကြားလား"

ရဲမက်များက ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်ကဲ့ ကြားပါတယ်"

"အေး ကြားယင် သူအပေ့ါအပါးသွားတဲ့အခါ လိုက်မသွား

www.burmeseclassic.com

www.burmeseclassic.com



ကြနဲ့သိလား"

တိုအိ၏စကားကြောင့် အားလုံးပင် ပြုံးလိုက်မိလေသည်။

တိုအိသည် ရပ်ရည်ကြမ်းတမ်းသော်လည်း ဟာသစကားများကိုမူ ပြောတတ်သည်။

တိုအိက ဆက်လက်၍...

"နင်အခု ကြယ်သုံးလုံးနောက်ကိုဆက်လိုက်သွားမလို့လား"

"လိုက်ရမှာပေါ့ရှင်"

"ဘာဖြစ်လို့"

"ကျွန်မအဖေကို စိတ်မချဘူး၊ သူတို့လက်ထဲက ပြန်ပြီးကယ်တင်ရမယ်"

"အခုလောက်ဆိုယင် နင့်အဖေကို သူတို့သတ်ပြီးရောပေါ့"

"သူတို့ ဒီလိုမလုပ်ဘူးဆိုတာ ကျွန်မယုံကြည်တယ်"

တိုအိက အံ့ဩစွာဖြင့်...

"ဟင်...ဘာဖြစ်လို့"

"သတ်ချင်မှဖြင့် အပင်ပန်းခံပြီး ခေါ်သွားအုံးမှာလားရှင်၊ ဟိုမှာကတည်းက တခါတည်းသတ်လိုက်မှာပေါ့"

"အင်း...နင်ပြောတာလဲ ဟုတ်တာပဲ"

တိုအိက ဝန်ခံလိုက်သည်။

ပြီးမှ သူကမေးမြန်းလိုက်ပြန်သည်။

"နင့်ကိုပါ သူတို့ကဖမ်းထားမှာပေါ့"

"ဖမ်းချင်ဖမ်းပါစေလေ၊ ကျွန်မအဖေနဲ့အတူနေရယင်ပြီးတာပဲ"



"တနေ့ သူဟာ ပြန်လွတ်လာမှာပေါ့ စောင့်နေပါလား"

"ကျွန်မက ဘယ်နေရာက စောင့်ရမှာလဲ"

"အိမ်က ပြန်စောင့်နေပေါ့"

သူမက မဲ့ပြုံးတချက်ပြုံးကာ...

"ကျွန်မမှာ ဒီအဖေတယောက်ပဲရှိတယ်၊ ဘယ်လိုနေရာမျိုးကိုရောက်ရောက် အတူတကွနေချင်တာပဲ"

"အခိုက်အတန့်တော့ ခွဲနေရမှာပေါ့ဗျ"

"ရှင်တို့မိသားစုကျမှ တကွဲစီနေ"

တိုအိမှာ ပါးစပ်ဟသွားပြီး ခပ်ချဉ်ချဉ်လေသံဖြင့်ပြောသည်။

"ဟင်..သူတို့နှစ်ယောက်လေသံက တယ်တူပါလား"

"ဘဝချင်းကလဲ တူတာကိုး"

"ဪ..ဒီလိုလား"

"ဟုတ်တယ်...အဲဒီလိုပဲ"

တိုအိသည် ပိုကျူအား မျက်မှောင်ကုပ်၍ ကြည့်လိုက်ပြီး..

"ဒီကောင်မလေးလဲ တခွန်းမှကိုမခံဘူး"

တိုအိသည် ကုလားထိုင်ပေါ်မှ ကပျာကယာထကာ အခန်းတခုတွင်းသို့ ဝင်ရောက်သွားလေတော့သည်။

တိုအိထွက်သွားတော့မှ ပိုကျူက စွမ်းရီမင်းကို စူးစိုက်စွာကြည့်သလိုပြုံးယင်း..

"အစ်ကို"

"ဟင်"

"တိုအိ ထပြေးသွားပြီ ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်း..."
"မောသွားပြီနဲ့ တူတယ်"
"ဟုတ်မှာပေါ့"
သူမသည် စွမ်းရှိမင်း၏အနားသို့ တိုးကာကပ်ထိုင်လိုက်၏။
"အစ်ကို"
"ဟင်"
"ကျွန်မတို့ စကားတွေ မမှားပါဘူးနော်"
"အမှန်တွေပြောနေတာပဲ၊ ဘယ်အမှားပါပါ့မလဲ"
"ကျွန်မပြောခဲ့တဲ့စကားတွေ အစ်ကိုမှတ်မိသေးလား"
စွမ်းရှိမင်းက မျက်မှောင်ကုပ်၍...
"ဘာကိုလဲ"
"အစ်ကိုဟာ ကျွန်မရဲ့အားပဲ ဆိုတာလေ"
"ဩော်"
"ကျွန်မ အလိုလိုအားရှိနေတယ်"
"ဟုတ်လား"
"အစ်ကို့သတ္တိမျိုးကို ကျွန်မကောင်းကောင်းအတုခိုးရမယ်"
"နင့်ပညာမျိုးကို ငါကကောင်းကောင်း လေ့လာရမယ်"
"ဩော်...အစ်ကိုကလဲ"
"အို....ညီမကလဲ"
နှစ်ယောက်စလုံး ရယ်မောလိုက်ကြသည်။
"ဟား..ဟား...ဟား"
"ခစ်...ခစ်...ခစ်"
"အစ်ကို"



"ဟင်"
"ဘယ်သူမှမရှိဘူး မဟုတ်လား"
"ရှိတော့ရှိတယ် ဝေးပါတယ်"
"သူတို့ မကြားပါဘူးရှင်"
"တိုးတိုးပြောလေ"
"တကယ်လို့ သတ်မယ်ဆိုယင်"
စွမ်းရှိမင်းက သူမ၏နားအနီးတိုးကပ်ကာ...
"ဖြစ်တဲ့နည်းနဲ့ ပြန်တိုက်မယ်"
"ဟုတ်တယ်၊ အဲဒါကိုမျက်ခြည်မပြတ်နဲ့ နောက်ပြီးတော့"
"အင်း...ပြော"
"နှစ်ယောက်စလုံး အပြင်ကိုရောက်အောင်တော့ ကြိုးစားရမယ်နော်"
"အစ်ကို အခြေအနေကြည့်ပြီး လုပ်ပါ့မယ်"
"အစ်ကို"
ပိုကျူကခေါ်သည်ကို စွမ်းရှိမင်းက ရုတ်တရက်လက်ကုတ်ကာ...
"တိုအိ ပြန်လာပြန်ပြီ"
ဟုတိုးတိုးကလေး ပြောလိုက်၏။
တိုအိသည် အမှန်ပင်ပြန်ရောက်လာပြီး ကုလားထိုင်ပေါ် ထိုင်ချလိုက်ပြန်၏။
ထို့နောက် သူသည် ပိုကျူအားကြည့်ကာ...
"နင့်ကို တို့ခွင့်မပြုနိုင်ဘူး"
"ကျွန်မအဖေကို ဘယ်လိုလုပ်မလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ငါတို့လဲ ဘယ်တတ်နိုင်ပါ့မလဲ၊ နင်အဲဒီကို ဘယ်လိုလုပ်ပြီးသွားမလဲ"

"ကျွန်မ တုတ်တချောင်းပါယင် လမ်းလျှောက်လို့ရတယ်"

"ခက်တာပဲ"

"မကြိုးစားယင် အားလုံးခက်တာပဲပေါ့ရှင်"

တိုအိက ငေါက်လိုက်သည်။

"ငါ နင့်ကိုနှောက်ပြီး ပြောနေတာ မဟုတ်ဘူး"

"ကျွန်မပြောတာကော ရယ်စရာပါလို့လား"

"နင်က မခန့်လေးစားနဲ့"

"ရှင်ကလဲ ခန့်ညားတဲ့စကားပြောပါ"

"ကောင်းပြီ၊ နင့်ကိုလဲ ဖမ်းချုပ်ထားရမှာပဲ၊ တို့နဲ့နေပြည်တော်ပြန်လိုက်ခဲ့ရမယ်"

"ရှင်တို့ ကြယ်သုံးလုံးကို သွားမတိုက်ရဲဘူးလား"

ထိုအမေးကြောင့် တိုအိမျက်နှာသည် မည်းကနဲ ဖြစ်သွားလေသည်။

"ငါပြောခဲ့ပါပြီကော မြို့ကြီးတမြို့လိုဖြစ်နေတဲ့နေရာကို လူလေးဆယ်ယောက်ကျော်ကျော်နဲ့ သွားတိုက်ရမှာလား"

"ဒီလိုတော့လဲ ရှင့်ဦးနှောက်က တွက်တတ်သားပဲ"

"နင်မခနဲ့ပါနဲ့"

"ဒါဖြင့် ရှင်က ဒီမှာလာနေတာ ဘာအဓိပ္ပါယ်ရှိမှာလဲ"

"နေပြည်တော်က ပြေးလာတဲ့ ဟောဒီလိုတရားခံတွေကို ဖမ်းဖို့လေ မသိဘူးလား"

တိုအိရှည်ရှည်ရှယ်ရှယ်ပြောလိုက်သည်မှာ စွမ်းရိမင်းဖြစ်ကြောင်းကို



ပိုကျူ သဘောပေါက်နားလည်လိုက်သည်။

ထိုအခါ ပိုကျူက ပြုံးလိုက်ပြီး…

"ကြယ်သုံးလုံး အဖွဲ့သားတွေ စားပြတိုက်ရာက ပြန်လာတော့ ရှင်တို့ဘာလို့ ဆီးပြီးမဖမ်းတာလဲ"

ထိုအမေးကြောင့် တိုအိမှာ လှုပ်လှုပ်ရှားရှား ဖြစ်သွားလေသည်။

"သူတို့က ဒီလမ်းကပြန်တာမှ မဟုတ်ဘဲ"

"ဒါနဲ့နေပါအုံး၊ ကျွန်မတို့သာတာကို ရှင်ကဘာလို့ ကျောက်တုံးကျောက်ခဲတွေ လိမ့်ချရတာလဲ"

"ရန်သူတွေအောက်မေ့လို့ပေါ့"

"တကယ်လို့ ရှင့်အမျိုးတွေ တယောက်တလေ ပါနေယင် မခက်ဘူးလား"

တိုအိက ဒေါသကြီးစွာဖြင့်…

"နင်မိုက်ရိုင်းလှချည်လား"

"ကျွန်မက ကိုယ်ချင်းစာစိတ်နဲ့ပြောတာပါ"

"ဘာကိုယ်ချင်းစာစိတ်လဲ"

"ဟုတ်တယ်လေ…တကယ်လို့ ရှင့်ညီအစ်ကိုမောင်နှမ တယောက်ယောက် တက်လာယင် ရှင်ဒီလိုလုပ်ပါ့မလား"

"ဘယ်တော့မှ ဒီနေရာကို လူကောင်းသူကောင်းတွေ မလာဘူးကွ"

သူမက အသံထွက်အောင် ရယ်မောလိုက်ပြီး…

"အင်း…ဟုတ်မှာပါ၊ အခုဆို ရှင်နဲ့ကျွန်မတို့ပဲရှိတယ်"

တိုအိသည် မျက်လုံးကြီးပြူး၍ ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုကျူးက မမြင်သော်လည်း မြင်မိသောစွမ်းရီမင်းက သ
သောကျူးစွာမြင့် ငြိုးလိုက်မိသည်။

တိုအိသည် အတန်ကြာသောအခါ လေသံတမျိုးပြောင်း၍ ပိုကျူးအား စည်းရုံးပြန်လေသည်။

"နင်...ငါ့စကားနားမထောင်မလား"

ပိုကျူးက...

"အင်း...နားထောင်သင့်ယင် နားထောင်ရမှာပေ့ါ"

"ကောင်းကောင်းပြောပါ"

"ကျွန်မ ကောင်းကောင်းပြောနေတာပဲရှင်"

တိုအိသည် အောင့်အည်း၍ သည်းခံနေပုံရသည်။

"နင်အဲဒီကိုသွားယင် နင့်အဖေနဲ့တွေ့မှာတော့ အမှန်ပဲ"

"ဖြစ်နိုင်ပါတယ်"

"နားထောင်စမ်းပါ ငါ့စကားမဆုံးသေးဘူး"

"ဪ...ကျွန်မက ဆုံးပြီအောင့်မေ့တာ"

တိုအိသည် သက်ပြင်းတချက်ချယင်း...

"နင်လဲ သိုင်းပညာ အင်မတန်ထက်တာပဲ"

ပိုကျူးက....

"ရှင်တောင်သိနေမှကိုး"

"ကြယ်သုံးလုံးကို မသုတ်သင်နိုင်ဘူးလား"

"ရှင်ဘယ်လောက်ပေးမလဲ"

တိုအိက....

"ကျုပ်အတွင်းဝန်ဆီမှာ ငွေတစ်သောင်းတိတိရအောင် ပြောပေးမယ်"



"နည်းတယ်ရှင်"

"နှစ်သောင်းဆိုယင်ကော"

"သိပ်မက်လောက်စရာ မရှိပါဘူး၊ ကျွန်မတို့ ဒါထက်ချမ်းသာတယ်"

"သုံးသောင်းကွာ"

"နည်းနည်းတိုးပေးပါအုံး"

"သုံးသောင်းနဲ့ ငါးထောင်"

"ရှင့်ဥစ္စာက ကြယ်တလုံးမှ တသောင်းကျော်ကျော်လေးပဲ ကျတယ်"

"ကဲ... ကဲ... လေးသောင်းအထိတော့ ကျုပ်တာဝန်ယူတယ်ဗျာ"

"မဖြစ်သေးပါဘူးရှင်"

တိုအိက စိတ်ပျက်စွာဖြင့်...

"ဘာလို့လဲ နည်းသေးလို့လား"

"မဟုတ်ပါဘူး"

"ဒါဖြင့်..."

"ကျွန်မအသက်မှ မသတ်ရဲဘဲ"

တိုအိသည် သူ့နဖူးကို သူ့လက်ဝါးဖြင့် ပြန်ရိုက်ကာ...

"သေလိုက်ပါတော့ဟာ"

"ရှင်တို့အတွင်းဝန် ဘယ်လောက် ချမ်းသာသလဲလို့ စမ်းကြည့်နေတာ"

တိုအိသည် လက်ခါခါ ခေါင်းခါခါဖြင့်...

"သွားမယ်... နင်တို့နဲ့ စကားပြောရတာ အပေါက်အလမ်း

www.burmeseclassic.com

www.burmeseclassic.com



ကိုမှာသည့်ဘူး"

"သွားသင့်နေတာ အတော်ကြာပြီလို့ ကျွန်မ ထင်ပါတယ်ရှင်..."

တိုအိ စိတ်ပျက်လက်ပျက် ထွက်သွားပြန်တော့သည်။

♣ ♣ ♣



အခန်း(၁၅)

**အမေးပုစ္ဆာ**

ယနေ့ညတညလုံး မိုးသည်းထန်နေသည်။

သို့သော်...

စွမ်းရှိမင်းနှင့် ပိုကျူးသည် အချုပ်ခန်းထဲ၌ ကောင်းမွန်စွာပင် အိပ်လိုက်ရသဖြင့် နံနက်လင်းသောအခါ လန်းလန်းဆန်းဆန်းရှိနေကြသည်။

ထူးဆန်းသည်မှာ...

နံနက် မိုးလင်းကတည်းက ရဲမက်တဦးသည် သူတို့၏အချုပ်ခန်းတံခါးကို လာ၍ ဖွင့်ပေးသည်။

"ခင်ဗျားတို့ ရေမိုးချိုးမယ်ဆိုလဲ ချိုးနိုင်တယ်၊ အပြေးအပါးသွားမယ်ဆိုလဲ သွားနိုင်တဲ့အကြောင်း တပ်မှူးတိုအိက ပြောခိုင်းလိုက်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



စွမ်းရိမင်းသည် အံ့သြသွားပြီး ရဲမက်အား ပြုံးပြလိုက်လေသည်။

"မင်းတို့တပ်မှူးကို ပြောပြလိုက်ပါကွာ၊ ကျေးဇူးတင်ပါတယ်လို့"

ထိုရဲမက် ထွက်သွားသည်နှင့် ပိုကျူးက စွမ်းရိမင်းအနားသို့ ကပ်လာလေသည်။

"အစ်ကို..."

"ပြောလေ..."

"အဲဒါ ဘာသဘောလဲ"

"သူတို့ကိုလည်း သိပ်ယုံလို့ ရတာမဟုတ်ဘူး၊ တနေရာရာက စောင့်ကြည့်နေမှာပေါ့"

"ဒါဖြင့် ကျွန်မတို့..."

စွမ်းရိမင်းက သူမ၏စကားကို ဖြတ်ပြီး...

"ဘာမှ မလှုပ်ရှားပါနဲ့အုံး၊ အခြေအနေ ကြည့်ရအောင်"

သူတို့နှစ်ဦးသည် ထိုကဲ့သို့ပင် ပြောပြီး လွတ်လွတ်လပ်လပ်ပင် နေလိုက်ကြလေသည်။

အတော်ကလေး နေမြင့်သောအခါ သူတို့နှစ်ဦးအတွက် စားသောက်စရာများ ချပေးသည်။

သူတို့၏ အစားအသောက်များမှာ အတော်ကလေး ကောင်းမွန်လှပေသည်။

ဟင်းသုံးမျိုးလောက် ပါရှိလေသည်။

ထို့ပြင်...

စွမ်းရိမင်း အလွန်ကြိုက်သော အရက်တအိုးပင် ပါရှိလာသဖြင့် သူသည် တပ်မှူးကိုအိကို ကျေးဇူးပင်ထင်သွားသည်။

သူအရက်သောက်မည် ပြုသောအခါ ပိုကျူးက တားမြစ်။

"အဆိပ်တွေလည်း ခတ်ထားအုံးမယ်"

"ဒီလိုတော့ လုပ်မယ် မထင်ပါဘူး"

"အစ်ကို အတတ်ပြောနိုင်လို့လား"

"သူတို့ သတ်ချင်ရင် အရက်ထဲမှာ အဆိပ်ခတ်မှ မဟုတ်ပါဘူးလေ၊ လွယ်လွယ်ကူကူ သတ်နိုင်သားပဲ"

စွမ်းရိမင်းသည် ပြောပြောဆိုဆို အရက်ကို သောက်ချလိုက်သည်။

ပိုကျူးက အချိန်အတော်ကြာ စောင့်ကြည့်နေသော်လည်း ဘာအသံမှ မကြားရသဖြင့် သက်ပြင်းချလိုက်လေသည်။

"အစ်ကို ဘာမှ မဖြစ်ဘူး မဟုတ်လား"

"ဘာမှမဖြစ်ပါဘူး"

"အစ်ကို..."

"ဘာလဲညီမ..."

"တိုအိကို ဘယ်လိုသဘောရသလဲ"

"သူ ဖြစ်စေချင်တာကို စည်းရုံးတဲ့ သဘောပေါ့"

"ကျွန်မလည်း... အဲဒီလိုပဲ တွေးမိတယ်"

"ဒါပေမယ့်... တို့စိတ်ထားက မပြောင်းပါဘူး"

"ဒါပေါ့... အစ်ကိုရဲ့"

"ဒါပေမယ့်... တနည်းနည်းနဲ့ အကြပ်ကိုင်အုံးမှာပဲ"

"အင်း... ဒီတသက် ဥပဒေမဲ့နယ်မြေကို ရောက်ပါအုံးမလားမသိဘူး"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ယင်းအခိုက်...

မြေသံခပ်ပြင်းပြင်း လျှောက်လာသည်ကို ကြားလိုက်ရသဖြင့် စွမ်းရီမင်းက လှည့်ကြည့်လိုက်သောအခါ တိုအိ လျှောက်လာသည်ကို တွေ့မြင်လိုက်ရလေသည်။

တိုအိသည် သူတို့နှစ်ဦး ထိုင်စားနေသော နှစ်ယောက်ကြားနှိ ကုလားထိုင်၌ ဝင်၍ထိုင်လိုက်သည်။

"မင်းတို့ နေထိုင်စားသောက်လို့ ကောင်းကြရဲ့လား"

စွမ်းရီမင်းက လေးစားစွာပင် ခေါင်းညိတ်ပြလိုက်လေ၏။

"ဟုတ်ကဲ့... ခင်ဗျားရဲ့ ကျေးဇူးကြောင့် အားလုံး အဆင်ပြေပါတယ်"

ပိုကျူကလည်း...

"ကျွန်မလည်း ကျေးဇူးတင်ပါတယ်ရှင်"

"မလိုပါဘူးကွာ... မင်းတို့အပေါ် ကျုပ်က စေတနာထားပါတယ်"

"ကျေးဇူးတင်ပါတယ် ဆိုတာကိုပဲ ထပ်ပြီး ပြောပါရစေ"

တိုအိသည် စွမ်းရီမင်းအား စေ့စေ့ကြည့်ကာ...

"မင်း... ကျုပ်ပြောတာလေးများ မစဉ်းစားဘူးလား"

စွမ်းရီမင်းက မျက်မှောင်ကုပ်လိုက်သည်။

"ဘာကိစ္စလဲ"

"ကြယ်သုံးလုံးကို အပြတ်ရှင်းပေးဖို့လေ"

"ကျုပ်ဘဝက အာမခံချက် မရှိပါဘူးဗျာ"

"မင်းမှာ ဘာမှ အပြစ်တစုံတရာ မရှိစေတဲ့အပြင် နာမည်ကောင်းလက်မှတ်တောင် ရအုံးမယ်"



"ညက ဒီအတိုင်းပဲ ကျွန်တော် အိပ်မက်မက်တယ်"

"ကျုပ်... မင်းကို ကတိပေးပါတယ်"

"ဒီမှာ... တပ်မှူးလေး"

"ပြောပါ..."

"ကျွန်တဲ့ အရာရှိတွေစိတ်က ခင်ဗျားစိတ်လိုရှိချင်မှ ရှိမှာဗျ။ ဒီတော့ မကျေနပ်ယင် ကျုပ်ကို ကြိုက်သလိုသာလုပ်ဗျာ၊ ကျုပ်ဘဝကတော့ အဲဒီမှာပဲ စခန်းချတော့မယ်"

"အဲဒါက ကျုပ်က လွှတ်အုံးမှ မင်းရောက်မှာပါ"

"ဝုန်း"

ထိုအခိုက်မှာပင်...

စွမ်းရီမင်းနှင့် ပိုကျူသည် တိုင်ပင်ထားသကဲ့သို့ တိုအိအား ဖမ်းဆီးချုပ်ကိုင်လိုက်ကြသည်။

တိုအိမှာ ရုတ်တရက်မို့ ဘာလုပ်၍ ဘာကိုင်ရမှန်း မသိအောင် ဖြစ်သွားလေ၏။

စွမ်းရီမင်းသည် တိုအိ၏လည်မျိုအား ဓားနှင့် ထောက်ထားလိုက်သည်။

"ခင်ဗျားကို အားတော့နာပါတယ် တိုအိ၊ ဒါပေမယ့် ခင်ဗျားကိုတော့ ဓားစာခံအဖြစ် ခေါ်သွားမှ ဖြစ်မယ်"

"မင်းတို့ အဲဒီကိုရောက်အောင် သွားမှာပဲလား"

"ကောင်းကောင်းဆိုးဆိုး ကျုပ်ကတော့ အဲဒီမှာပဲ အခြေချတော့မယ်"

"မင်းတနေ့ ဒုက္ခလှလှကြီး တွေ့မှာပါကွာ"

"ကိစ္စမရှိပါဘူး၊ ခင်ဗျားတို့လက်ထဲမှာက အဲဒီမှာထက် ဆိုး

www.burmeseclassic.com



မှာ သေနေတယ်"

"မင်းက တို့ကို အကောင်းမှ မထင်ဘဲ"

"ခင်ဗျားတို့မှာကလည်း ကောင်းတာ တကွက်မှ ရှိတာမှ မဟုတ်ဘဲဗျ"

"အေးပေါ့ကွာ တနေ့ မင်းသိမှာပေါ့"

"ဟုတ်ကဲ့... သိမှာပါ"

စွမ်းရှိမင်းနှင့် ပိုကျူသည် တိုအိအား လည်မျိုကို ဓားနှင့် ထောက်၍ ခေါ်သွားပေရာ ငယ်သားစစ်သည်များမှာ တုတ်တုတ်မျှ မလှုပ်ရဲတော့ဘဲ သည်အတိုင်း လက်ပိုက်ကြည့်နေရတော့သည်။

ခရီးအတော်ကလေး ပေါက်လာသောအခါ သူတို့သည် ချောင်းတခုကို တွေ့မြင်လိုက်ရသည်။

ပိုကျူက...

"အစ်ကို... ရေစီးသံကြားတယ်၊ ချောင်းနဲ့တူတယ်"

"ဟုတ်တယ်... တောင်နှစ်လုံးကြားက ချောင်းပဲ"

"ဒါဆို ဥပဒေမဲ့နယ်မြေထဲကို စဝင်တာပဲ ဖြစ်ရမယ်"

စွမ်းရှိမင်းက...

"ဟုတ်တယ်လို့ ထင်တာပဲ၊ ကဲ... တို့ တိုအိကို ပြန်လွှတ်လိုက်မယ်လေ"

စွမ်းရှိမင်းသည် ထိုကဲ့သို့ ပြောပြီးသည်နှင့် သူ၏ဓားကို ခါးကြားထဲသို့ ပြန်ထိုးတည့်လိုက်ပြီး...

"စိတ်တော့ မကောင်းပါဘူး တပ်မှူးတိုအိ၊ ကျုပ်တို့ကို ဟိုဘက်ကမ်း ကူးခွင့်ပြုလိုက်ပါနော်"

"ကောင်းပါပြီကွာ... ဒါထက် မင်းကို ငါတခု ပြောပါရစေ"



စွမ်းရှိမင်းက...

"ဘာပြောမှာလဲ"

"ဟိုမှာကြည့်စမ်း..."

စွမ်းရှိမင်းသည် တိုအိပြသော နေရာကို ကြည့်လိုက်သော အခါ သူ၏မျက်လုံးအစုံသည် အဆမတန် ပြူးကျယ်သွားလေတော့သည်။

အဘယ်ကြောင့်ဆိုသော်...

သူ့အနီးရှိ သစ်ပင်ကြီးသည် လူသုံးဦးမှာ တွဲလောင်းကြီး ဖြစ်ပြီး သေဆုံးနေသည်ကို တွေ့ရှိလိုက်ရသောကြောင့်ပင် ဖြစ်တော့သည်။

စွမ်းရှိမင်းသည် ထိုလူသုံးဦးအား အသေအချာ တွေ့လိုက်ရသောအခါ သူသည် အမှန်ပင် ထိတ်လန့်တုန်လှုပ်သွားလေတော့၏။

ထိုလူသုံးဦးမှာ ကြေးစားလူသတ်သမားများ ဖြစ်ကြသည်။

သို့သော်...

ယခုအခါတွင် သူတို့သုံးဦးစလုံးသည် တခြားလူများ၏ သတ်ဖြတ်ခြင်းကို ခံလိုက်ရပြီ ဖြစ်လေသည်။

"ဒီကြေးစားသုံးဦးကို ကျွန်တော်လာကာနီးမှာတောင် ချန်အန်းမြို့မှာ တွေ့ခဲ့သေးတယ်"

"ဖြစ်နိုင်ပါတယ်"

စွမ်းရှိမင်းက...

"အခု... သူတို့က ဘာကြောင့် ဒီမှာ လာသေနေရတာလဲ"

"မင်းရဲ့ ငွေတစ်သောင်းကို လိုချင်လို့လဲ ဖြစ်နိုင်တာပဲ၊ နောက်ပြီး ကြယ်သုံးလုံးကို လာဖမ်းကြတဲ့သူတွေ ဖြစ်မယ်ဆိုတာက

www.burmeseclassic.com

www.burmeseclassic.com



တော့ ပိုပြီးသေချာတယ်"

စွမ်းရိမင်းသည် အံ့သြသွားပြီး...

"ဒါဆို... ကြယ်သုံးလုံးက သူတို့နယ်မြေထဲကို လိုက်လာတာ သိလို့သတ်လိုက်တာပေါ့ ဟုတ်လား"

တိုအိက ခေါင်းညိတ်ပြလိုက်လေသည်။

"သိပ်ဟုတ်တာပေါ့ကွာ..."

"ဒီနားမှာ လာသတ်တာပဲဗျာ ခင်ဗျားတို့ မသိဘူးလား"

"သိသားပဲ..."

စွမ်းရိမင်းသည် တိုအိကို နားမလည်သလို ကြည့်လိုက်လေ၏။

"သိရင်... ခင်ဗျားက ကူညီသင့်တာပေါ့"

"ဟာ... သူတို့ကို သတ်တာက ငါကိုယ်တိုင်ပဲဟာ"

**ထိုစကား**ကြောင့် ခေါင်းတစ်လုံး ချာချာလည်သွားသူမှာ **စွမ်းရိမင်းပင် ဖြစ်**လေတော့သည်။

ပထမပိုင်းပြီး၏။

ဒုတိယပိုင်းတွင် ဆက်လက်ဖတ်ရှုပါရန်။

BURMESE CLASSIC .com

www.burmeseclassic.com